ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။ Established in 1957

**လောကကို ထွန်းလင်းတောက်ပ**
မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှ လွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)
လောကဝဂ်(ဓမ္မပဒ-၁၇၃)

၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက်၊ တနင်္လာနေ့။ Monday, 15 February 2021 ၁၀၂၈၉

# မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပေးပို့သည့်သဝဏ်လွှာ

ယနေ့သည် ၁၉၄၆ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၁၅ ရက်နေ့က ဗမာ့အသံ (Burma Broadcasting Service–BBS)အမည်ဖြင့် စတင်ခဲ့သည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏(၇၅)နှစ်မြောက် စိန်ရတုနေ့ဖြစ်ပါသည်။ လူ့ဘဝသက်တမ်းနှင့် ပြန်လည်ဆန်းစစ်ကြည့်ပါက ၇၅ နှစ်ဆိုသောအရွယ်သည် ဆယ်စုနှစ်ပေါင်းများစွာကိုဖြတ်ကျော်ကာ အခက်အခဲ၊ စိန်ခေါ်မှု၊ ပြောင်းလဲတိုးတက်မှု စသည့် အတွေ့အကြုံဗဟုသုတများစွာ ကြွယ်ဝနေပြီဖြစ်ပါသည်။

"ပြန်ကြားပေးရန်၊ ပညာပေးရန်နှင့် ဖျော်ဖြေပေးရန်"ဟူသော ဆောင်ပုဒ်ဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်ကြသော တိုင်းရင်းသားပြည်သူလူထု၊ ပြည်ပနိုင်ငံများသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသူ၊ နိုင်ငံသားများနှင့် အခြားပရိသတ်များအတွက် အသိပညာဗဟုသုတ၊ အကြားအမြင်နှင့် သတင်းတို့ကို ခေတ်အဆက်ဆက်ရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့သည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် မြန်မာနိုင်ငံသူ၊ နိုင်ငံသားများအကြား၌သာမက ကမ္ဘာ့နိုင်ငံသူ၊ နိုင်ငံသားများ၏ စိတ်နှလုံး၌ အမြဲတည်ရှိနေမည်ဖြစ်ပါသည်။

မြန်မာ့အသံလွှင့်လုပ်ငန်းများကို ၁၉၃၆–၁၉၃၇ ခုနှစ်တွင် စတင်စမ်းသပ်အသံလွှင့်ခဲ့သည်ဆိုသော်လည်း လွတ်လပ်သော အမျိုးသားအသံလွှင့်ဌာနတစ်ခု မဟုတ်ခဲ့ကြောင်း တွေ့ရှိရပါသည်။ ၁၉၄၅ ခုနှစ်၊ မတ်လဆန်း၌မူ ရန်ကုန်မြို့၌ မြန်မာ့တော်လှန်ရေးတပ်မတော်အသံလွှင့်ဌာန ထူထောင်ကာ လွတ်လပ်သော အမျိုးသား အသံလွှင့်ဌာနတစ်ခုကို အစပျိုးခဲ့ပါသည်။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် ခေတ်အဆက်ဆက်တွင် အမျိုးမျိုးသော စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားကာ ခေတ်မီနည်းပညာများကို အသုံးပြုပြီး ကမ္ဘာနှင့်အညီ ရင်ပေါင်တန်းနိုင်ရေး ပြည်သူ့အကျိုးပြု ဝန်ဆောင်မှုလုပ်ငန်းများကို ဆန်းသစ်သော အမြင်သစ်၊ အသွင်သဏ္ဌာန်သစ်များဖြင့် ပြုပြင်ပြောင်းလဲဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

၁၉၄၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် မြန်မာနိုင်ငံ အသံလွှင့်လုပ်ငန်း "ရန်ကုန်ရေဒီယို"(Rangoon Radio)ကို "ဗမာ့အသံ"(Burma Broadcasting Service – BBS)ဟူ၍ ပြောင်းလဲခေါ်တွင်လာခဲ့ချိန်မှစ၍ ပြည်သူလူထုအတွက် အစီအစဉ်ကဏ္ဍအသစ်များကို တီထွင်ထုတ်လွှင့်ခဲ့ပါသည်။ ဝင်ဒါမီယာ "ဗမာ့အသံ"၊ အိမ်စောင့်အစိုးရလက်ထက်တွင် ပြည်လမ်းအသံလွှင့်ရုံသစ်ကြီးကို ပြောင်းရွှေ့ထုတ်လွှင့်ခဲ့သည့် "မြန်မာ့အသံ"၊ တော်လှန်ရေး အစိုးရခေတ်နှင့်

စာမျက်နှာ ၃ ကော်လံ ၁ သို့ »»

# ရွှေတိဂုံစေတီတော်မြတ်ကြီးအား ကိုဗစ်စည်းကမ်းချက်များနှင့်အညီ ရဟန်းရှင်လူပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိ



**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

ကိုဗစ်–၁၉ ရောဂါ ကာကွယ်ကုသရေးထိန်းချုပ်ကာလအတွင်း ရွှေတိဂုံစေတီတော်မြတ်ကြီးအား အများပြည်သူတို့က ကိုဗစ်–၁၉ စည်းကမ်းချက်များနှင့်အညီ လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိသည်။

စေတီတော်ကြီးကို တစ်နေ့တာအတွင်း နံနက် ၆ နာရီမှ ၇ နာရီ၊ ၈ နာရီမှ ၉ နာရီ၊ ၁၀ နာရီမှ ၁၁ နာရီအထိ သုံးကြိမ်၊ မွန်းလွဲပိုင်းတွင် ၁ နာရီမှ ၂ နာရီ၊ ၃ နာရီမှ ၄ နာရီ၊ ၅ နာရီမှ ၆ နာရီအထိ သုံးကြိမ် စုစုပေါင်း ခြောက်ကြိမ် ဖူးမြော်ကြည်ညိုနိုင်ပြီး တစ်ကြိမ်လျှင် ဦးရေ ၅၀၀ ဖြင့် တစ်ရက်လျှင် ဘုရားဖူးဦးရေ ၃၀၀၀ သတ်မှတ်ထားကြောင်း သိရသည်။

ရွှေတိဂုံစေတီတော်သို့ လာရောက်ဖူးမြော်ရာတွင် နှာခေါင်းစည်း တပ်လာရမည်။ ကိုယ်လက် ဆေးဖျန်းခြင်း၊ ကိုယ်အပူချိန်တိုင်းခြင်းအပြင် အမည်၊ နေရပ်လိပ်စာများ စာရင်းဖြည့်သွင်းပြီး တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ အနေအထားဖြင့် ဖူးမြော်ရမည်ဖြစ်ကြောင်း ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့၏ တိုက်တွန်းချက်များအရ သိရသည်။

စေတီတော်ကြီးအား ယခင် ကိုဗစ်ကာလအတွင်း ၁၀ လကြာပိတ်ထားခဲ့ပြီး ယခုအခါ ပြည်တွင်း၌ ကိုဗစ်ရောဂါပိုးတွေ့နှုန်း သိသိသာသာကျဆင်းလာမှုကြောင့် ဖေဖော်ဝါရီ ၉ ရက်မှစတင်ကာ ပြန်လည်ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကိုမြင့်မောင်

ကြေးမုံ ယနေ့ ဖတ်စရာ

နှစ်ခုစလုံး မသိကြသူများ
ဆောင်းပါး
စာမျက်နှာ » ၆

ကမ္ဘာလုံးဆိုင်ရာ ကာကွယ်ဆေးဖြန့်ဖြူးမှုအရေးနှင့် စပ်လျဉ်း၍ ဂျီ–၇ ခေါင်းဆောင်များဆွေးနွေးပွဲကို ဗြိတိန်က အိမ်ရှင်အဖြစ်ကျင်းပမည်
စာမျက်နှာ » ၁၁

ဂျပန်နိုင်ငံ၌ ရစ်ချ်တာစကေး ၇ ဒသမ ၃ အဆင့်ရှိ အင်အားပြင်းငလျင်တစ်ခု လှုပ်ခတ်
စာမျက်နှာ » ၁၂

ကြေးမုံ

# အစဉ်မဖောက်မပြန်မှန်ကန်သည့်တရား

လောကအကျိုးစီးပွားကို မဖောက်မပြန် မှန်ကန်စွာ ဆောင်ကြဉ်းနိုင်စေရန်အတွက် မြတ်စွာဘုရားရှင်သည် ကာလာမသုတ်တရားတော်ကို မေတ္တာရှေ့ထား၍ ကောသလတိုင်းသား ကာလာမအမျိုးကောင်းသားတို့အား ဟောကြားတော်မူခဲ့ပါသည်။

အယူဝါဒတစ်ခုကို တစ်ဆင့်ကြားရုံမျှဖြင့် သို့တည်းမဟုတ် သူတစ်ပါး ဟောကြားသည်ကို ကြားရုံမျှဖြင့် ထိုအယူဝါဒကို မှန်သည်ဟူ၍လည်းကောင်း၊ မှားသည်ဟူ၍လည်းကောင်း မဆုံးဖြတ်သင့်ပေ။ အယူဝါဒတစ်ခု၏ ကျမ်းဂန်စာပေသည် မိမိတို့၏ ဘိုးဘေးအစဉ်အဆက် ဆင်းသက်လာသော မိရိုးဖလာ အယူဝါဒဖြစ်သည်ဟူ၍လည်း ထိုအယူဝါဒကို မှန်သည်ဟူ၍လည်းကောင်း၊ မှားသည်ဟူ၍လည်းကောင်း မဆုံးဖြတ်သင့်ပေ။

အယူဝါဒတစ်ခု၏ ကျမ်းဂန်စာပေသည် ဤအရာသည် ဤသို့ဖြစ်သည်ဟူသော ကောလာဟလဖြင့်လည်း သို့တည်းမဟုတ် ထိုအယူဝါဒကို ယုံကြည်ကိုးကွယ်သူများသည်ဟူ၍လည်း ထိုအယူဝါဒကို မှန်သည်ဟူ၍ လည်းကောင်း၊ မှားသည်ဟူ၍လည်းကောင်း မဆုံးဖြတ်သင့်ပေ။ အယူဝါဒတစ်ခု၏ မိမိတို့သင်ထားသော စာများနှင့် ညီညွတ်ရုံမျှဖြင့်လည်း ထိုအယူဝါဒကို မှန်သည်ဟူ၍လည်းကောင်း၊ မှားသည်ဟူ၍လည်းကောင်း မဆုံးဖြတ်သင့်ပေ။

အယူဝါဒတစ်ခု၏ မိမိကြံစည်ထားသော အကြံအစည် အတွေးအခေါ်နှင့် ကိုက်ညီသည် သို့တည်းမဟုတ် မိမိနှင့်အယူဝါဒချင်းတူသည်ဟူ၍လည်း ထိုအယူဝါဒကို မှန်သည်ဟူ၍လည်းကောင်း၊ မှားသည်ဟူ၍ လည်းကောင်း မဆုံးဖြတ်သင့်ပေ။ အယူဝါဒတစ်ခု၏ ကျမ်းဂန်စာပေသည် သူတစ်ပါးတို့ လုပ်နည်းကိုင်နည်းကို သဘောကျ၍ သို့တည်းမဟုတ် ထိုအယူဝါဒကို သူတစ်ပါးတို့ ကိုးကွယ်ယုံကြည်သည်ဟူ၍လည်း ထိုအယူဝါဒကို မှန်သည်ဟူ၍လည်းကောင်း၊ မှားသည်ဟူ၍လည်းကောင်း မဆုံးဖြတ်သင့်ပေ။

အယူဝါဒတစ်ခု၏ ကျမ်းဂန်စာပေသည် မိမိတို့ယုံကြည်ထိုက်သော ပုဂ္ဂိုလ်၏ စကားဖြစ်သည်ဟု ပုဂ္ဂိုလ်စွဲအားဖြင့်လည်း ထိုအယူဝါဒကို မှန်သည်ဟူ၍လည်းကောင်း၊ မှားသည်ဟူ၍လည်းကောင်း မဆုံးဖြတ်သင့်ပေ။ အယူဝါဒတစ်ခု၏ ကျမ်းဂန်စာပေသည် ငါတို့၏ ဆရာစကားဖြစ်ရုံမျှဖြင့်လည်း ထိုအယူဝါဒကို မှန်သည်ဟူ၍လည်းကောင်း၊ မှားသည်ဟူ၍လည်းကောင်း မဆုံးဖြတ်သင့်ပေ။ အယူဝါဒတစ်ခုမှလာသော အဆုံးအမ လမ်းစဉ်တို့သည် ကောင်းလည်းမကောင်း၊ အပြစ်လည်းမကင်း၊ ပညာရှိတို့ ကဲ့ရဲ့စရာဖြစ်၏။ ထိုလမ်းစဉ်အတိုင်း ကျင့်ကြံလျှင် (မိမိအားလည်းကောင်း၊ သူတစ်ပါးအားလည်းကောင်း၊ လောကအားလည်းကောင်း) စီးပွားမဲ့ ဒုက္ခရောက်ဖို့ ဖြစ်၏ဟု ကိုယ်တိုင်နားလည်လာသောအခါမှသာ ထိုအယူဝါဒကို စွန့်လွှတ်သင့်ပါသည်။

အယူဝါဒတစ်ခုမှလာသော အဆုံးအမ၊ လမ်းစဉ်တို့သည် ကောင်းလည်းကောင်း၊ အပြစ်တို့မှလည်း ကင်း၊ ပညာရှိတို့ ချီးမွမ်းစရာလည်း ဖြစ်၏။ ထိုလမ်းစဉ်အတိုင်း ကျင့်ကြံလျှင် (မိမိအားလည်းကောင်း၊ သူတစ်ပါးအားလည်းကောင်း၊ လောကအားလည်းကောင်း) ကောင်းသောအကျိုးစီးပွားဖြစ်ဖို့သာရှိ၏ဟု ကိုယ်တိုင်နားလည် လက်ခံနိုင်သောအခါမှသာ ထိုအယူဝါဒကို စွဲမြဲစွာ လက်ခံသင့်ပါသည်။ ယင်းသည် ဖော်ပြလေ့ရှိသော မြတ်စွာဘုရားဟောကြားသည့် ကာလာမသုတ် အကျယ်ဖွင့်ဆိုချက်ဖြစ်ပါသည်။ ထိုကာလာမသုတ်တရားတော်သည် မြတ်စွာဘုရားရှင်ဟောကြားခဲ့သည့် ယနေ့ထက်တိုင် မှန်ကန်နေသော တရားမြတ်ဖြစ်သည်။

မြတ်စွာဘုရားရှင်သည် နောက်ပါသံဃာများနှင့် ဒေသစာရီကြွချီတော်မူရာ ကောသလတိုင်း ကေသမုတ္တမည်သော နိဂုံးရွာသို့ရောက်သောအခါ ဘုရားရှင်အား လာရောက်ဖူးမြော်ကြသော ကေသမုတ္တနိဂုံးသား ကာလာမအမျိုးကောင်းသားတို့ မေးလျှောက်သော သာမဏာဗြာဟ္မဏာတို့သည် မိမိအယူဝါဒကိုသာလျှင် ပြပါကုန်၏။ ထွန်းပစေကုန်၏။ သူတစ်ပါး အယူဝါဒကိုမူကား ထိပါးပါကုန်၏။ မထီမဲ့မြင် ပြုပါကုန်၏။ ရှုတ်ချပါကုန်၏။ ချေဖျက်ပါကုန်၏။ အဘယ်မှန်သောစကားကို ဆိုပါသနည်း၊ အဘယ်မမှန်သောစကားကို ဆိုပါသနည်းဟု အကျွန်ုပ်တို့အား ယုံမှားခြင်း၊ တွေးတောခြင်း ဖြစ်ခဲ့ပါ၏ဟူသည့် အမေးကို လောကအကျိုးစီးပွားကို မဖောက်မပြန် မှန်ကန်စွာဆောင်ကြဉ်းနိုင်သော ကာလာမသုတ်တရားဖြင့် ဘုရားရှင်က ဤသို့ပြဆိုတော်မူခဲ့၏။

သို့ဖြစ်ရာ အယူဝါဒအမျိုးမျိုးကွဲပြားနေသော မျက်မှောက်ကာလတွင် ပေါ်ပေါက်လာသော စကားများ၊ နှိုးဆော်ချက်များအား မဖောက်မပြန် အမြဲတမ်းမှန်ကန်သည့် မှတ်ကျောက်တရားဖြစ်သည့် ဗုဒ္ဓဟောကြား ကာလာမသုတ်တရားဖြင့် အမှား၊ အမှန်ကို ဆုံးဖြတ်လုပ်ကိုင်ကြဖို့ အသိပေးအပ်ပါကြောင်း။ ။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူသို့အသိပေးချက်

နိုင်ငံတော်၏အကျိုးကို သယ်ပိုးဆောင်ရွက်ရန်အတွက် နိုင်ငံ့တာဝန်များကို မပျက်မကွက် ဆက်လက်ထမ်းဆောင်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းများ လုပ်ငန်းခွင် မဝင်နိုင်အောင် နိုင်ငံတော်ကို ဆန့်ကျင်နှောင့်ယှက်မှုပြုနေသူအချို့က နည်းအမျိုးမျိုးဖြင့် ဖိအားပေးခြင်း၊ ခြိမ်းခြောက်ခြင်းများ ပြုလုပ်နေကြောင်းကို ကြားသိနေရပါသည်။ ဖိအားပေးခြိမ်းခြောက်သူများအနေဖြင့် ယင်းလုပ်ရပ်များသည် ဥပဒေနှင့်ဆန့်ကျင်သကဲ့သို့ မိမိ၏အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို ကျင့်သုံးခြင်းဆိုင်ရာ မူသဘောတရားများနှင့်လည်း ဆန့်ကျင်နေပါသည်။ ဝန်ထမ်းမဟုတ်သူ ပြည်သူလူထုအချင်းချင်းကြားတွင်လည်း အလားတူပြုလုပ်မှုများရှိနေကြောင်းကိုလည်း ကြားသိရပါသည်။ မည်သူမဆို မိမိ၏အခွင့်အရေးများနှင့်လွတ်လပ်ခွင့်များကို ကျင့်သုံးရာတွင် အခြားသူများ၏ အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို အသိအမှတ်ပြုရန်လိုအပ်ပါသည်။ ထို့အပြင် အများပြည်သူအေးချမ်းသာယာရေးနှင့် အကျိုးစီးပွားဖြစ်ထွန်းရေးတို့ကို ဖြည့်ဆည်းရန်အတွက် ဥပဒေအရ သတ်မှတ်ထားသည့် ကန့်သတ်ချက်များအတိုင်း လိုက်နာကျင့်သုံးရန်လိုအပ်ပါသည်။ သို့ပါ၍ ဖိအားပေးခြိမ်းခြောက်ခံရသူများ၏ အခွင့်အရေး ထိပါးနှောင့်ယှက်ခံရမှုများကို ဥပဒေကြောင်းအရ ကုစားပေးနိုင်ရေးနှင့် ထိပါးနှောင့်ယှက်သူများကို ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး အတွက် အောက်ပါဖုန်းနံပါတ်များနှင့် e-mail လိပ်စာများသို့ ဆက်သွယ်တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**ဆက်သွယ်ရန်ဖုန်းနံပါတ်များနှင့် e-mail လိပ်စာများ**

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ဖုန်းနံပါတ်များ | e-mail လိပ်စာများ |
|---|---|---|---|
| ၁ | နေပြည်တော် | ၀၆၇-၅၅၀၂၅၁<br>၀၆၇-၅၅၀၂၅၂<br>၀၆၇-၅၅၀၂၅၃<br>၀၆၇-၅၅၀၂၅၄<br>၀၆၇-၅၅၀၂၅၅ | mpf-naypyitaw@e-moha.gov.mm |
| ၂ | ကချင်ပြည်နယ် | ၀၇၄-၂၅၂၆၆၇၁<br>၀၇၄-၂၅၂၆၆၇၂ | mpf-kachin@e-moha.gov.mm |
| ၃ | ကယားပြည်နယ် | ၀၈၃-၂၂၄၃၁၅<br>၀၈၃-၂၂၄၃၁၆ | mpf-kayar@e-moha.gov.mm |
| ၄ | ကရင်ပြည်နယ် | ၀၅၈-၂၀၂၁၀၉၆<br>၀၅၈-၂၀၂၁၀၀၉ | mpf-kayin@e-moha.gov.mm |
| ၅ | ချင်းပြည်နယ် | ၀၇၀-၂၀၂၂၁၁၁<br>၀၇၀-၂၀၂၂၃၃၃ | mpf-chin@e-moha.gov.mm |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | ၀၇၁-၂၀၂၆၂၅၃<br>၀၇၁-၂၀၂၆၂၅၄ | mpf-sagaing@e-moha.gov.mm |
| ၇ | တနင်္သာရီတိုင်းဒေသကြီး | ၀၅၉-၂၀၂၄၀၂၉<br>၀၅၉-၂၀၂၄၀၃၀ | mpf-tanintharyi@e-moha.gov.mm |
| ၈ | ပဲခူးတိုင်းဒေသကြီး | ၀၅၂-၂၂၀၁၉၂၀<br>၀၅၂-၂၂၀၁၉၂၁ | mpf-bago@e-moha.gov.mm |
| ၉ | မကွေးတိုင်းဒေသကြီး | ၀၆၃-၂၀၂၈၈၅၅<br>၀၆၃-၂၀၂၈၈၅၆ | mpf-magway@e-moha.gov.mm |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | ၀၂-၄၀၃၅၈၉၁<br>၀၂-၄၀၃၅၈၉၂<br>၀၂-၄၀၃၅၈၉၃<br>၀၂-၄၀၃၅၈၉၄<br>၀၂-၄၀၃၅၈၉၅ | mpf-mandalay@e-moha.gov.mm |
| ၁၁ | မွန်ပြည်နယ် | ၀၅၇-၂၀၂၇၈၈၀<br>၀၅၇-၂၀၂၇၈၈၄ | mpf-mon@e-moha.gov.mm |
| ၁၂ | ရခိုင်ပြည်နယ် | ၀၄၃-၂၀၂၄၅၅၇<br>၀၄၃-၂၀၂၄၅၅၈ | mpf-rakhine@e-moha.gov.mm |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး | ၀၁-၈၃၀၀၀၁၁<br>၀၁-၈၃၀၀၀၁၂<br>၀၁-၈၃၀၀၀၁၃<br>၀၁-၈၃၀၀၀၁၄<br>၀၁-၈၃၀၀၀၁၅ | mpf-yangon@e-moha.gov.mm |
| ၁၄ | ရှမ်းပြည်နယ် | ၀၈၁-၂၀၂၂၄၁<br>၀၈၁-၂၀၂၂၄၂ | mpf-shan@e-moha.gov.mm |
| ၁၅ | ဧရာဝတီတိုင်းဒေသကြီး | ၀၄၂-၂၀၂၃၁၀၃<br>၀၄၂-၂၀၂၃၁၀၆ | mpf-ayeyarwaddy@e-moha.gov.mm |

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးစိုးစိုးနိုင်
**စာတည်းမှူး** - ဦးဝင်းနိုင်
**သတင်းထောက်မှူး** - ဦးမြင့်စိုး
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
**ဘာသာပြန်စာတည်းများ** - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
**အကြီးတန်း သတင်းထောက်များ** - ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်ခိုင်သန္တာရွှေ၊ ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဦးစိုးချစ်ဦး၊ ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ကျန်းမာရေးဝန်ထမ်းများအနေနဲ့ ပြည်သူလူထုရဲ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို သက်ဆိုင်ရာဆေးရုံများမှာ အမြန်ဆုံးဆောင်ရွက်ပေးဖို့ တိုက်တွန်းလို

**တိုင်းရင်းသားပြည်သူများအနေနဲ့ အထူးသတိပြုရမှာကတော့ ဒီကာလဟာ ကမ္ဘာမှာ COVID-19 ရောဂါပျံ့နှံ့ဖြစ်ပွားနေဆဲကာလဖြစ်ပါတယ်။ ကာကွယ်ဆေးမထိုးရသေးခင်အထိ COVID-19 စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ နေထိုင်ကြဖို့ အလွန်အရေးကြီးပါတယ်။ ယခုကာလမှာ လူစုလူဝေးနဲ့သွားလာနေတာတွေကိုလည်း တွေ့ရပါတယ်။ ဒါတွေဟာ COVID-19 ကူးစက်၊ ပြန့်ပွား၊ ဖြစ်ပွားမှုနှုန်း မြင့်မားလာစေမှာဖြစ်လို့ ရှောင်ကြဉ်ကြဖို့ ကျွန်တော် အထူးတိုက်တွန်းလိုပါတယ်။ COVID-19 ကပ်ရောဂါကို ထိရောက်စွာ ကာကွယ်၊ တားဆီး၊ ထိန်းချုပ်နိုင်ရေးအတွက် ရောဂါစစ်ဆေးခြင်းလုပ်ငန်းတွေကိုလည်း ကျွန်တော်တို့ အရှိန်အဟုန် တိုးမြှင့်ဆောင်ရွက်သွားဖို့လိုပါတယ်။ ဒီလိုဆောင်ရွက်နိုင်အောင်လည်း စီမံဆောင်ရွက်လျက်ရှိနေပါတယ်။ COVID ကြောင့် တုံ့နှေးနေတဲ့လုပ်ငန်းများ ပြန်လည်လည်ပတ်နိုင်ဖို့ အဲဒီအစီအမံတွေ မဖြစ်မနေလိုအပ်ပါတယ်။ ဒါတွေကို ပြည်သူလူထုတစ်ရပ်လုံးက ပူးပေါင်းဆောင်ရွက်ခြင်း၊ စည်းကမ်းရှိရှိ လိုက်နာခြင်း၊ ပါဝင်ကူညီခြင်းတို့ဖြင့် ဆောင်ရွက်သွားကြပါလို့ မေတ္တာရပ်ခံလိုပါတယ်။ ကျန်းမာရေးဝန်ထမ်းများအနေနဲ့ ပြည်သူလူထုရဲ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို သက်ဆိုင်ရာဆေးရုံများမှာ အမြန်ဆုံးဆောင်ရွက်ပေးဖို့ တိုက်တွန်းလိုပါတယ်။**

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၁၁-၂-၂၀၂၁ ရက်နေ့ နိုင်ငံတော်၏အခြေအနေအရပ်ရပ်အား ပြည်သူလူထုသို့ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

»» ရှေ့ဖုံးမှ
လမ်းစဉ်ပါတီခေတ်များတွင် "မြန်မာ့အသံ"နှင့် ၁၉၇၂ ခုနှစ်တွင် "ပြန်ကြားရေးနှင့် အသံလွှင့်ဦးစီးဌာန"၊ တပ်မတော်အစိုးရခေတ် ၁၉၉၁ ခုနှစ်တွင် "မြန်မာ့ရုပ်မြင်သံကြားနှင့်အသံလွှင့်ဦးစီးဌာန"၊ ၁၉၉၇ ခုနှစ်တွင် "မြန်မာ့အသံနှင့်ရုပ်မြင်သံကြား" အမည်များဖြင့် ပြည်သူအတွက် ပြန်ကြားပေးရန်၊ ပညာပေးရန်၊ ဖျော်ဖြေပေးရန် ရည်ရွယ်ချက်များဖြင့် တာဝန်ထမ်းဆောင်ခဲ့ပါသည်။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ (၇၅)နှစ်မြောက် အခါသမယတွင်လည်း စိန်ရတုအထိမ်းအမှတ်ဂုဏ်ပြုအစီအစဉ်ပြုလုပ်ပြီး MRTV ၏ အောင်မြင်မှုများကို မှတ်တမ်းတင်ဂုဏ်ပြုတင်ဆက်ခဲ့ပါသည်။ MRTV ၏ (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ်အဖြစ် မြန်မာ့အသံ ရေဒီယိုကလည်း "Myanmar Radio" အမည်ဖြင့် အင်္ဂလိပ်ဘာသာ သီးသန့် FM Channel အသစ်တစ်ခုကို ရန်ကုန်၊ မန္တလေး၊ နေပြည်တော်တို့တွင် ကနဦးနားဆင်နိုင်ရန်ဆောင်ရွက်ခဲ့ပြီး MRTV ရုပ်သံလိုင်းအစီအစဉ်တွင်လည်း အင်္ဂလိပ်ဘာသာဖြင့် သတင်းအစီအစဉ်ကို စတင်ထည့်သွင်းထုတ်လွှင့်သွားတော့မည်ဖြစ်ပါသည်။

ယနေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ လက်ထက်၌လည်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် ပြည်သူလူထုသို့ ရည်ရွယ်ချက်များအတိုင်း အရှိန်အဟုန်မပျက် အောင်မြင်စွာ ဆက်လက်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရပါသည်။ ထို့အတူ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းနှင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတို့အနေဖြင့်လည်း ပြည်သူ့ဆက်ဆံရေးတာဝန်၊ ပြန်ကြားရေးတာဝန်များနှင့် မီဒီယာလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် (၇၅)နှစ်မြောက် စိန်ရတုနေ့မှသည် နိုင်ငံတော်အတွက်ထာဝရရှိနေမည့် နိုင်ငံတော်က အားထားရသော၊ ပြည်သူကအားကိုးရသော စတုတ္ထမဏ္ဍိုင်ဖြစ်ပါစေကြောင်း သဝဏ်လွှာပါးအပ်ပါသည်။

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်
တပ်မတော်ကာကွယ်ရေးဦးစီးချုပ်

# ဘူမိဖသသမုဒြာ ထိုင်တော်မူကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ပလ္လင်တော်အပိုင်း ၁ နှင့် အပိုင်း ၄ တို့ကို ကြိုဆိုပင့်ဆောင်ခြင်း မဟာမင်္ဂလာအခမ်းအနား ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

နေပြည်တော်တွင် တည်ထားကိုးကွယ်မည့် ဘူမိဖသသမုဒြာ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်နှင့် ပလ္လင်တော် အစိတ်အပိုင်းများကို Modular Trailer များဖြင့် ဆီမီးခုံဆိပ်ကမ်းမှ နေပြည်တော်ကောင်စီနယ်မြေသို့ ပို့ဆောင်လျက်ရှိရာ ဒုတိယအကြိမ်အဖြစ် ပလ္လင်တော်အပိုင်း ၁ နှင့် အပိုင်း ၄ တို့ကို ဇန်နဝါရီ ၉ ရက်တွင် ဆီမီးခုံဆိပ်ကမ်းမှ ပင့်ဆောင်ပူဇော်ခဲ့ရာ တည်ထားကိုးကွယ်မည့် မင်္ဂလာနေရာသို့ ယနေ့ မွန်းလွဲပိုင်းတွင် ရောက်ရှိခဲ့သည်။

အဆိုပါ ဘူမိဖသသမုဒြာထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ပလ္လင်တော်အပိုင်း ၁ နှင့် အပိုင်း ၄ အစိတ်အပိုင်းများအား ကြိုဆိုပင့်ဆောင်ခြင်း မဟာမင်္ဂလာအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ကျင်းပရာ နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏာသီရိမြို့နယ် သံဃနာယကဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိတ အမှူးပြုသော ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သန်းထွန်းဦး၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ ဒုတိယဗိုလ်ချုပ်ကြီး ကံမြင့်သန်း၊ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒက္ခိဏာသီရိမြို့နယ် သံဃနာယကဥက္ကဋ္ဌ ဆရာတော်အမှူးပြုသော သံဃာတော်အရှင်သူမြတ်တို့က မေတ္တာပို့ဂါထာတော်များကို ရွတ်ဆိုပူဇော်၍ မေတ္တာပြုတော်မူသည်။ ထို့နောက် ဘုရားဒါယကာ၊ ဒါယိကာမများနှင့် ဧည့်ပရိသတ်အပေါင်းတို့က ရတနတ္တယ ပူဇာဂါထာ၊ ဘုရားဂုဏ်တော် ၉ ပါး၊ ပဋ္ဌာန်းပစ္စယုဒ္ဒေသပါဠိတော်နှင့် မေတ္တာပို့လင်္ကာများကို သံပြိုင်ညီညာစွာ ရွတ်ဆိုပူဇော်ကြသည်။

ဆက်လက်၍ ဘူမိဖသသမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ပလ္လင်တော် အပိုင်း ၁ နှင့် အပိုင်း ၄ တို့ကို ဒက္ခိဏာသီရိမြို့နယ် သံဃနာယကဥက္ကဋ္ဌ ဆရာတော်ဦးဆောင်၍ တက်ရောက်လာကြသည့် တပ်မတော်အရာရှိကြီးများ၊ ဘုရားဒါယကာများက အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ကြပြီး ဇယမင်္ဂလာအောင်ဂါထာတော်များကို ရွတ်ဆိုပူဇော်ကြသည်။ ထို့နောက် မင်္ဂလာအချိန်တွင် ဘူမိဖသသမုဒြာထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ပလ္လင်တော်အပိုင်း ၁ နှင့်အပိုင်း ၄ တို့ကို အပူဇော်ခံမည့်နေရာသို့ ဆက်လက်ပင့်ဆောင်ကြသည်။



ယနေ့ကြိုဆိုပင့်ဆောင်သည့် ဘူမိဖသသမုဒြာ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ပလ္လင်တော်အပိုင်း ၁ မှာ အလေးချိန် ၆၅၅ တန်နှင့် အပိုင်း ၄ မှာ အလေးချိန် တန် ၆၇၀ ရှိပြီး ဒုတိယအကြိမ်အဖြစ် ကြိုဆိုပင့်ဆောင်ခြင်းဖြစ်ကြောင်းနှင့် ကျန်ရှိသည့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်နှင့် ပလ္လင်တော် အစိတ်အပိုင်းများကို ဆက်လက် ပင့်ဆောင်ပူဇော်သွားမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**

# ရာဇသတ်ကြီးကို ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ( ၅ / ၂၀၂၁)**
**ရာဇသတ်ကြီးကို ပြင်ဆင်သည့် ဥပဒေ**
**၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်**
**၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၂။ ဤဥပဒေကို ရာဇသတ်ကြီးကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၃။ ရာဇသတ်ကြီးပုဒ်မ ၁၂၁ ကို အောက်ပါအတိုင်း အစားထိုးရမည်–

"121. Whoever wages war against the Union of Myanmar or any constituent unit thereof, or assists any State or person or incites or conspires with any person within or without the Union to wage war against the Union or any constituent unit thereof, or attempts or prepares to alter unconstitutional means or any other means or otherwise prepares by force of arms or other violent means to overthrow the organs of the Union or of its constituent units established by the Constitution, or takes part or is concerned in or incites or conspires with any person within or without the Union to make or to take part or be concerned in any such attempt shall be guilty of the offence of High Treason."

၄။ ရာဇသတ်ကြီး ပုဒ်မ ၁၂၄–က ကို အောက်ပါအတိုင်း အစားထိုးရမည်–

"124 A. Whoever by words, either spoken or written, or by signs, or by visible representation, or otherwise, bring or attempts to bring into hatred or contempt, or excites or attempts to excite disaffection towards the Government established by law for the Union or for the constituent units or the Defence Services or Defence Services Personnel shall be punished with imprisonment which may extend to twenty years with fine or with imprisonment which may extend to seven years with fine or fine."

၅။ ရာဇသတ်ကြီးပုဒ်မ ၁၂၄–ခ ၏နောက်တွင် ပုဒ်မ ၁၂၄–ဂ နှင့် ပုဒ်မ ၁၂၄–ဃ တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် –

**"sabotage or hinder the performance of the Defence Services of the Union or law enforcement organizations**

124 C. Whoever intends or causes to sabotage or to hinder the success of performance of the Defence Services and law enforcement organizations who are engaged in preserving the stability of the State, shall be punished with imprisonment for a term of twenty years, to which fine may be added, or with imprisonment which may extend to twenty years with fine or with imprisonment which may extend to ten years with fine or fine."

**disrupts or hinders Defence Services and Government employees**

124 D. Whoever causes or hinders the Defence Services personnel and Government employees towards the Government, disrupts or hinders by any means, those who are carrying out their duties, such a person shall be punished with imprisonment which may extend to seven years or with fine or with both."

၆။ ရာဇသတ်ကြီးပုဒ်မ ၅၀၅ တွင် –

(က) ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်း အစားထိုးရမည် –

"(a) whoever with intent to cause, or which is likely to cause, a member of the Defence Services or government employees to deprive affect, hinder, disturb, damage the motivation, discpline, health, conduct upon Government or the Defence Services and the duty of government employees or members of defence services to bring into the hatred, disobedience , disloyatily;

(ခ) ပုဒ်မခွဲ(က)၊ပုဒ်မခွဲ(ခ)နှင့် ပုဒ်မခွဲ(ဂ)တို့အား ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲ(ဂ) နှင့် ပုဒ်မခွဲ(ဃ) အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

၇။ ရာဇသတ်ကြီးပုဒ်မ ၅၀၅ ၏နောက်တွင် ပုဒ်မ ၅၀၅–က ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်–

**"cause fear, spread false news, agitate directly or indirectly criminal offence againsts a Government employee**

505 A. Whoever–

(a) causes or intends to cause fear to a group of citizens or to the public ,

(b) causes or intends to spread false news, knowing or believing that it is untrue,

(c) causes or intends to commit or to agitate directly or indirectly criminal offence againsts a Government employee, any kind of Government employees or Government employees ;

Such a person shall be punished with imprisonment which may extend to three years or with fine or with both."

---

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်–

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ( ၆ / ၂၀၂၁)**
**ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေ**
**၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်**
**၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၂။ ဤဥပဒေကို ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၃။ ရာဇဝတ်ကျင့်ထုံးဥပဒေ ဇယား(၂)တွင် –

(က) ရာဇသတ်ကြီးပုဒ်မ ၁၂၄–ဂ အတွက် စာတိုင်(၂)တွင် "sabotage or hinder the performance of the Defence Services of the Union or Law Enforcement agencies"၊ စာတိုင်(၃)တွင် "Shall not arrest without warrant"၊ စာတိုင်(၄) တွင် "warrant"၊ စာတိုင်(၅)တွင် "Not bailable"၊ စာတိုင်(၆)တွင် "Not compoundable"၊ စာတိုင် (၇)တွင်"imprisonment for a term of twenty years, to wich fine may be added, or with imprisonment which may extend to ten years, to which fine may be added, or with fine."ဖြင့် အသီးသီးဖြည့်စွက်ရမည်။

(ခ) ရာဇသတ်ကြီးပုဒ်မ ၁၂၄–ဃ အတွက် စာတိုင်(၂)တွင် "disrupts or hinders Defence Services personnel and Government employees"၊စာတိုင်(၃)တွင် "Shall not arrest without warrant"၊ စာတိုင်(၄) တွင် "warrant"၊ စာတိုင်(၅)တွင် "Not bailable"၊ စာတိုင်(၆)တွင် "Not compoundable"၊ စာတိုင်(၇)တွင် "imprisonment which may extend to seven years, to which fine may be added, or with fine."ဖြင့် အသီးသီးဖြည့်စွက်ရမည်။

(ဂ) ရာဇသတ်ကြီးပုဒ်မ ၅၀၅–က အတွက် စာတိုင်(၂)တွင် "cause fear, spread false news, agitate directly or indirectly criminal offence againsts a Government employee"၊စာတိုင်(၃)တွင် "May arrest without warrant"၊ စာတိုင်(၇)တွင် "imprisonment which may extend to three years, to which fine may be added, or with fine."ဖြင့် အသီးသီးဖြည့်စွက်ရမည်။

---

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်–

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ဖြည့်စွက်ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ် ( ၆၄ / ၂၀၂၁)**
**၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်**
**၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်**

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ဖြည့်စွက်ဖွဲ့စည်းခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်များအား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များအဖြစ် ဖြည့်စွက်ဖွဲ့စည်းလိုက်သည်။

အမိန့်အရ

(ပုံ)အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီမှ စစ်ကိုင်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်း

**စစ်ကိုင်း ဖေဖော်ဝါရီ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီမှ ဆက်ကပ်လှူဒါန်းသော ဆွမ်းဆန်တော်များအား စစ်ကိုင်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆက်ကပ်လှူဒါန်းခြင်းနှင့် ရေစက်ချအခမ်းအနားကို ယနေ့ နံနက် ၈ နာရီက လေးကျွန်းမြေအုဠ်ကျောင်းတိုက်အတွင်း ကျင်းပခဲ့ကြောင်း သိရသည်။

လှူဒါန်းပွဲတွင် အုဠ်ကျောင်းတိုက်ဆရာတော် ဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တဓမ္မပ္ပိယာလင်္ကာရ အမှူးပြုသော သံဃာတော်များကြွရောက်တော်မူကြပြီး စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်လင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုခဲ့ကြသည်။

ထို့နောက် ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ခဲ့ကြပြီး စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက သာသနာရေးဆိုင်ရာများ လျှောက်ထားခဲ့ကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။

အလားတူ တိုက်ဝါကြီးကျောင်း ဦးစီးပဓာနနာယက၊ မြို့နယ်သံဃနာယကအဖွဲ့(ရွှေကျင်)ဥက္ကဋ္ဌ ဆရာတော်အား ဖူးမြော်ကြည်ညို၍ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# ပဲခူးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်း ဌာနဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပ

**ပဲခူး ဖေဖော်ဝါရီ ၁၄**

ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်း ဦးဆောင်၍ ယနေ့ မွန်းလွဲ ၁ နာရီက ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပသည်။



**ပြောကြား**

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် နိုင်ငံတော်အား ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိအောင် ဆောင်ရွက်လျက်ရှိရာ နိုင်ငံအတွက် အကျိုးရှိမည့် လုပ်ငန်းများအား ရပ်တန့်နေခြင်းမျိုးမရှိစေဘဲ မှန်မှန်ကန်ကန် မြန်မြန်ဆန်ဆန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုကြောင်း၊ ဌာနများအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရေး၊ တိုင်းရင်းသားပြည်သူလူထုအားလုံး၏ အကျိုးစီးပွား သာယာဝပြောစေရေးနှင့် လိုအပ်ချက်များအား ဖြည့်ဆည်းပေးနိုင်ရေးတို့အတွက် ဌာနအချင်းချင်း ညှိနှိုင်းတိုင်ပင်၍ အကောင်းဆုံး နည်းလမ်းများကို ရွေးချယ်ပြီး စေတနာထား ဆောင်ရွက်ရန်လိုကြောင်း ဌာနအတွင်းရှိ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပြဋ္ဌာန်းထားရှိပြီးဖြစ်သော ဖွဲ့စည်းပုံအခြေခံဥပဒေ၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများကို လေးစားလိုက်နာ ကျင့်သုံးစေရန်နှင့် တာဝန်ထမ်းဆောင် နေစဉ်ကာလအတွင်း ပါတီနိုင်ငံရေးကင်းရှင်းစွာ နေထိုင်၍ လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်စေရေးအတွက် ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်း မြို့ပြနှင့် ကျေးလက်ဒေသဆင်းရဲချမ်းသာ ကွာဟမှုမရှိစေရေး အထူးအလေးထား ဆောင်ရွက်သွားရန်၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအား နိုင်ငံရေးသမားများ၏ Social Media ပေါ်မှ ကောလာဟလသတင်းများ၊ သွေးထိုးလှုံ့ဆော်ခြိမ်းခြောက်မှုများအား မယုံကြည်ကြစေရန် အထူးလိုအပ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်မှုများပြုလုပ်လာပါကလည်း တိုင်ကြားနိုင်ရန် တယ်လီဖုန်းနံပါတ်နှင့် E-mail လိပ်စာများ နိုင်ငံပိုင်သတင်းစာများတွင် ထည့်သွင်းအသိပေးထားပြီး ဖြစ်ကြောင်းနှင့် ခြိမ်းခြောက်မှုများကိုလည်း ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**လမ်းညွှန်မှာကြား**

ထို့နောက် ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဝင်များနှင့် တက်ရောက်လာသည့် ဌာနဆိုင်ရာများက ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို တင်ပြဆွေးနွေးရာ ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းက လိုအပ်သည်များ ဖြည့်စွက် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးဆွေဝင်း၊ အမှတ်(၇၇) ခြေမြန်တပ်မဌာနချုပ် ဒုတိယတပ်မမှူး ဗိုလ်မှူးကြီး မိုးမင်းနိုင်၊ ကောင်စီဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ ပဲခူးခရိုင်နှင့် ပဲခူးမြို့နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများ တက်ရောက်ခဲ့ကြောင်း သိရသည်။

တင်စိုး(ပဲခူး)

## အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံ့တာဝန်ထမ်းဆောင်ရန် ပျက်ကွက်နေကြသော နိုင်ငံ့ဝန်ထမ်းများသို့ အသိပေးကြေညာချက်

၁။ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်ယန္တရားတစ်ခုလုံးကို ကောင်းမွန်စွာ သက်ဝင်လှုပ်ရှားစေရန် ဆောင်ရွက်နေကြရသူများဖြစ်ပါသည်။ နိုင်ငံရေး၊ စီးပွားရေးစနစ်များ၊ အစိုးရများ မည်သို့ပင်ပြောင်းလဲစေကာမူ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်ယန္တရားအား စဉ်ဆက်မပြတ် သက်ဝင်လှုပ်ရှားစေရန် ဆောင်ရွက်ကြရပါသည်။ နိုင်ငံ့ဝန်ထမ်းဥပဒေနှင့် ဝန်ထမ်းကျင့်ဝတ်တို့အရ ဝန်ထမ်းများသည် အလုပ်ချိန်နှင့်သက်ဆိုင်သည့် စည်းကမ်းများ၊ တာဝန်ထမ်းဆောင်မှု၊ လုပ်ရည်ကိုင်ရည်နှင့် သက်ဆိုင်သည့် စည်းကမ်းများနှင့် လုပ်ငန်းခွင်အတွင်း ပြုမူဆက်ဆံမှုဆိုင်ရာ စည်းကမ်းများကိုလည်း လိုက်နာရပါသည်။ ဝန်ထမ်းကျင့်ဝတ်ပျက်ယွင်းမှု၊ စည်းကမ်းဖောက်ဖျက်မှုနှင့် တာဝန်ပျက်ကွက်မှုတို့အတွက် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူနိုင်ပါသည်။ ဝန်ထမ်း၏ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုသည် ပြစ်မှုမြောက်နိုင်သည့်ကိစ္စဖြစ်ပါက ဥပဒေကြောင်းအရ အရေးယူဆောင်ရွက်ရပါသည်။

၂။ သို့ပါ၍ အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံ့တာဝန်ထမ်းဆောင်ရန် ပျက်ကွက်နေကြသော ဝန်ထမ်းများအနေဖြင့် လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်ရန် နှိုးဆော်နေသည့်ကာလအတွင်း မိမိတို့၏လုပ်ငန်းခွင်များသို့ အမြန်ဆုံးပြန်လည်ဝင်ရောက်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

**လူသားတို့၏ ကျန်းမာရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး**

# ကယားပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီနှင့် ပြည်နယ်အတွင်းရှိ မြန်မာ့စီးပွားရေးဘဏ်၊ ပုဂ္ဂလိကဘဏ်များ တွေ့ဆုံ

**လွိုင်ကော် ဖေဖော်ဝါရီ ၁၄**

ကယားပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီနှင့် ပြည်နယ်အတွင်းရှိ မြန်မာ့စီးပွားရေးဘဏ်၊ ပုဂ္ဂလိကဘဏ်များ တွေ့ဆုံပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက ကယားပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ကူညီဆောင်ရွက်ပေးသွားမည်**

ရှေးဦးစွာ ကယားပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဗိုလ်မှူးကြီးမြင့်ဝေက ကယားပြည်နယ်အတွင်းရှိ မြန်မာ့စီးပွားရေးဘဏ်၊ ပုဂ္ဂလိကဘဏ်များဖွင့်လှစ်ရာတွင် လုံခြုံရေးအခက်အခဲများရှိပါက ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်သဖြင့် ဘဏ်များဖွင့်လှစ်ဆောင်ရွက်ရာတွင် လုံခြုံရေးအခက်အခဲများရှိပါက ပွင့်ပွင့်လင်းလင်း တင်ပြကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် မြန်မာ့စီးပွားရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ်တာဝန်ရှိသူများက လက်ရှိဆောင်ရွက်လျက်ရှိသည့် ဘဏ်လုပ်ငန်းအခြေအနေများကို တင်ပြကြရာ ကယားပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဗိုလ်မှူးကြီးမြင့်ဝေက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး လုံခြုံရေးအခက်အခဲများရှိပါက ကြိုတင်တင်ပြဆောင်ရွက်ပေးကြရန် ပြောကြားခဲ့သည်။

အဆိုပါတွေ့ဆုံပွဲသို့ ကယားပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များနှင့် အတွင်းရေးမှူး၊ မြန်မာ့စီးပွားရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ်တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# နှစ်ခုစလုံး မသိကြသူများ

**ကမ်လူဝေး**

နံနက်မိုးလင်းပြီဆိုသည်နှင့် လူတိုင်း တစ်နေ့တာ လုပ်ငန်းဆောင်တာများကို စတင်ကြရသည်။ တကယ်တော့ လူတစ်ယောက်သည် နေ့စဉ်အသက်ရှင်သန်ရေးအတွက် သက်ဆိုင်ရာလုပ်ငန်းဆောင်တာများကို လုပ်ဆောင်နေကြရပါသည်။ ထိုသို့ တစ်နေ့တာလုပ်ငန်းဆောင်တာများကို လုပ်ကိုင်ဆောင်ရွက်ခြင်းဆိုသည်မှာ တစ်စုံတစ်ခုကို ရွေးချယ်ရခြင်းများနှင့် မေးခွန်းများကို ရင်ဆိုင်အဖြေပေးနေရခြင်း ဖြစ်ပါသည်။

ကျွန်တော် တက္ကသိုလ်ကျောင်းသားဘဝက နှုတ်ဖြေစာမေးပွဲတစ်ခုတွင် ဖြစ်ပါသည်။ စာစစ်သူက မေးသောမေးခွန်း၏ အဖြေကို မသိသောကြောင့် မှန်လိုမှန်ငြားအဖြေတစ်ခုကို မှန်း၍ ဖြေလိုက်မိပါသည်။ ကျွန်တော်၏ အဖြေကို ကြားသောအခါ **"You don't know two things."** (မင်းက အကြောင်းအရာ နှစ်ခုစလုံးကို မသိဘူးပဲ) ဟု စာစစ်သူ ဆရာက ပြောပါသည်။ ဆရာသည် ကျွန်တော်ဖြေသော အဖြေကို မှားသည်ဟု ရိုးရိုးလေး မှတ်ချက်မပြုဘဲ ပိုမိုလေးနက်စွာ **"မင်းကအကြောင်းအရာနှစ်ခုစလုံး မသိဘူးပဲ"** ဟု မှတ်ချက်ချခဲ့ပါသည်။

ဆရာ၏ဆိုလိုရင်းမှာ ကျွန်တော်သည် အမေးခံရသော မေးခွန်းနှင့်ပတ်သက်သည့် ဖြေဆိုရမည့်အကြောင်းအရာအဖြေကို သိရှိနားလည်ခြင်းမရှိသည့်အပြင် အဖြေထင်ပြီး လွဲမှားဖြေဆိုခဲ့သော အကြောင်းအရာနှင့်ပတ်သက်၍လည်း သေသေချာချာနားလည်ခြင်းမရှိဟု ဆိုလိုခြင်းဖြစ်ပါသည်။ မေးခွန်းတစ်ခုကို အဖြေတစ်ခုပေးလိုက်ခြင်းဖြင့် အကြောင်းအရာနှစ်ခု မသိကြောင်း ဖော်ပြလိုက်သလိုပင် ဖြစ်ပါသည်။

## လွဲမှားနေမှုများ

ကျွန်တော်တို့ နေ့စဉ်အသက်ရှင်သန်နေရသော အချိန်များတွင်လည်း ထိုကဲ့သို့ လွဲမှားနေမှုများကို တစ်နည်းမဟုတ်တစ်နည်း ရင်ဆိုင်နေကြရပါသည်။ အကြောင်းအရာတစ်ခုအတွက် အမှန်ကို မသိနားမလည်သည့်အပြင် မှားနေသော အကြောင်းအရာတစ်ခုကို အမှန်ဟု ထင်မြင်ယုံကြည်နေတတ်သော ကိစ္စများရှိတတ်ကြပါသည်။ အလွန်ထိတ်လန့်ဖွယ်ကောင်းသော အခြေအနေမျိုး ဖြစ်ပါသည်။

တစ်ရက်က မိတ်ဆွေအချို့နှင့် လက်ဖက်ရည်ဆိုင်ထိုင်ပြီး လက်ဖက်ရည်သောက်နေစဉ် ဆိုင်ရှေ့မှ အမျိုးသမီးကြီးတစ်ဦး ဖြတ်သွားသည်ကို တွေ့လိုက်ရပါသည်။ အမျိုးသမီးကြီးမှာ အဝတ်အစား ခပ်နွမ်းနွမ်းကို ဝတ်ထားပြီး လက်ထဲတွင် တစ်စုံတစ်ခုပါပုံရသော ကြွပ်ကြွပ်အိတ်တစ်လုံးကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ရင်း ဆိုင်ရှေ့မှ ဖြည်းဖြည်းချင်း ဖြတ်သွားနေပါသည်။ အတူတူထိုင်နေသော ဝိုင်းထဲမှ မိတ်ဆွေတစ်ယောက်က ထိုအမျိုးသမီးကြီးကို ညွှန်ပြပြီး အဲဒီမိန်းမပေါ့ဗျာ စဉ်းစားဆင်ခြင်ဉာဏ်နည်းတော့ အခုဒုက္ခရောက်နေရပြီပေါ့။ တစ်နေ့တစ်လုံး ရွှေဥဥပေးမည့်ငန်းကို မွေးထားရကောင်းမှန်းမသိဘူး။ မွေးမထားတဲ့အပြင် မောင်းထုတ်လိုက်သေးတယ်။ ပြီးတော့ အုတ်နံရံကို ခေါင်းနဲ့ ပြေးဆောင့်တယ်။ ဒုက္ခရောက်တာပေါ့ဗျာဟု ပြောလေသည်။

အားလုံးက စိတ်ဝင်တစားဖြင့် အဖြစ်အပျက်ကို ဝိုင်းမေးကြပါတော့သည်။ ထိုအခါမှ စကားစသော မိတ်ဆွေက အကြောင်းစုံကိုပြောပြပါသည်။ လက်ဖက်ရည်ဆိုင်ရှေ့ကဖြတ်သွားသောအမျိုးသမီးကြီးတွင် သမီးတစ်ယောက်ရှိပါသည်။ အမေတစ်ခု သမီးတစ်ခုဖြစ်ပြီး သမီးဖြစ်သူကို အလွန်ချစ်သည်ဟု ဆိုသည်။ သမီးဖြစ်သူက အသက် ၂၀ ဝန်းကျင်အရွယ် ချောချောလှလှ၊ တောင့်တောင့်ဖြောင့်ဖြောင့်လေးဖြစ်ပါသည်။ ထိုမိန်းကလေးမှာ ငွေကြေးနှင့်ပတ်ဝန်းကျင်မှ ဆွဲဆောင်ဖြားယောင်းမှုကို ရှောင်လွှဲနိုင်ပုံမရဘဲ အသက် ၆၀ ကျော်အရွယ် စီးပွားရေးလုပ်ငန်းရှင်တစ်ဦးနှင့်တွေ့ပြီး အငယ်အနှောင်းဖြစ်သွားလေသည်။ မိခင်ဖြစ်သူက သူ့သမီးကို အဖေအရွယ် လူတစ်ယောက်၏ အငယ်အနှောင်း ဖြစ်နေခြင်းကို လက်မခံနိုင်ဘဲ အမျိုးမျိုးတားဆီးခဲ့သည်ဟု ဆိုသည်။

နောက်ဆုံး တားမရသောအခါ စီးပွားရေးလုပ်ငန်းရှင်ကြီးအား သူ့သမီးကို ဖြားယောင်းသွေးဆောင်မှုဖြင့် အမှုဖွင့်ကာ တရားစွဲပါတော့သည်။ ထိုသို့ တရားစွဲသော်လည်း သမီးဖြစ်သူက စီးပွားရေးလုပ်ငန်းရှင်ကြီးဘက်တွင် ရပ်နေသောကြောင့် အမှုလုပ်မရဖြစ်သွားပါသည်။

နောက်ထပ်တစ်ခါ တစ်လင်တစ်မယားဥပဒေနှင့် တိုင်ပြန်ပါသည်။ ထိုအခါ စီးပွားရေးလုပ်ငန်းရှင်ကြီးမှာ တရားစွဲခံရပြီး တရားရုံးကို ရောက်သွားပါသည်။ တရားရုံးတွင် အမှုစစ်ဆေးသောအခါ သမီးဖြစ်သူမှာ အစစ်ဆေးခံရလေသည်။ ထိုသို့ အစစ်ဆေးခံရသောအခါ မိန်းကလေးက စီးပွားရေးလုပ်ငန်းရှင်ကြီးနှင့် အတူနေသည်မှာ နှစ်နှစ်ကျော်ပြီဖြစ်ကြောင်း သက်သေများရှိ၍ မငြင်းနိုင်ဘဲ ဝန်ခံရလေတော့သည်။

သို့သော် မိန်းကလေးက ဆက်ပြောသည်မှာ သူတို့မှာ အတူနေကြသော်လည်း လင်မယားမဟုတ်ကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်ကြီးနှင့် တစ်ခါအတူနေ၍ ဆက်ဆံပြီးတိုင်း သူက အခကြေးငွေရယူပါကြောင်း ထွက်ဆိုသည်။ ထိုအခါ စီးပွားရေးလုပ်ငန်းရှင်ကြီးမှာ တစ်လင်တစ်မယားဥပဒေနှင့် တရားစွဲခံရခြင်းမှ ကွင်းလုံးကျွတ်လွတ်ပြီး ပြည့်တန်ဆာဥပဒေအရ ဒဏ်ငွေလောက်နှင့် အမှုပြီးသွားသည်ဟုဆိုသည်။

ထိုကိစ္စကို ပြောပြသော မိတ်ဆွေက ဆက်ပြောသည်မှာ သူ့မိတ်ဆွေ စီးပွားရေးလုပ်ငန်းရှင်ကြီးမှာ အလွန်အစွမ်းထက်ပြီး ပိုင်ရာဆိုင်ရာများကို အိတ်ထဲ ထည့်ထားနိုင်သူဖြစ်ကြောင်း၊ ဖြစ်လာသမျှပြဿနာများကို ငွေလမ်းခင်း၍ ဖြေရှင်းနိုင်သူဖြစ်ကြောင်း၊ အသက်ကြီးသော်လည်း မပျက်စီးသေးဘဲ မိန်းမငယ်ငယ်လေးကို ငွေပေး၍ ချုပ်ထားနိုင်သည်မှာ အတုယူစရာ အရည်အချင်းဖြစ်ကြောင်း၊ ထိုသူနှင့် မိတ်ဆွေဖြစ်ရသည်ကိုလည်း အလွန်ဂုဏ်ယူကြောင်း အားပါးတရ ပြောပြလေသည်။

မိန်းကလေး၏ မိခင်မှာ အလွန်စဉ်းစားဆင်ခြင်ဉာဏ်နည်းသောကြောင့် တရားစွဲခြင်း ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်ကြီးထံမှ ပေးစာကမ်းစာကို အေးအေးထိုင်စားနေသင့်ကြောင်း၊ ထိုသို့ အေးအေးထိုင်မစားဘဲ သူ့သမီးမှာ အဘိုးကြီး၏ မယားငယ်ဖြစ်ရလေခြင်းဟု မကျေမနပ်ဖြင့် ပြဿနာရှာသောကြောင့် နောက်ဆုံးတွင် သူပင် အမှုရှုံး၍ ပိုမွဲသွားရကြောင်း ဆက်ပြောပြပါသည်။

## အကြောင်းအရာနှစ်ခုစလုံး

ထိုင်နားထောင်နေကြသူများကလည်း ပြောပြသော မိတ်ဆွေစကားကို ထောက်ခံရင်း မိန်းမောနေမိကြပါသည်။ ထိုမိတ်ဆွေများနှင့်အတူ မိန်းမောနေမိသော ကျွန်တော်၏ နားထဲတွင်တော့ ရုတ်တရက်ငယ်ငယ်က ကျွန်တော့်ဆရာပြောခဲ့သော "You don't know two things." (မင်းက အကြောင်းအရာနှစ်ခုစလုံးကို မသိဘူးပဲ) ဟူသော ဆုံးမစကားကို ကြားလိုက်မိပါသည်။

> ❂ **ပန်းတိုင်သို့ အရင်ရောက်ခြင်းသည် အရေးကြီးသလား၊ ပန်းတိုင်သို့ မည်သည့်ပုံဖြင့်ရောက်လာခြင်းသည် အရေးကြီးသလား၊ နှစ်ခုစလုံးက အရေးကြီးသလားဟူသော မေးခွန်းများကို စဉ်းစားမိသောအခါ ကျွန်တော်သည် ငယ်ငယ်က ဆရာဆုံးမခဲ့သော "You don't know two things." (မင်းက အကြောင်းအရာနှစ်ခုစလုံးကို မသိဘူးပဲ) ဟူသော စကားကိုသာ ပြန်လည်ကြားယောင်နေမိပါသည်။**
>
> ❂ **ကျွန်တော်တို့ နေ့စဉ်တစ်သက်တာကို အသက်ရှင်နေရချိန်တွင် တစ်စုံတစ်ခုကို ရွေးချယ်ရခြင်းများနှင့် မေးခွန်းများကို ရင်ဆိုင်အဖြေပေးနေရခြင်းများမှာ မလွဲမသွေ ရင်ဆိုင်ကြုံတွေ့နေရမည် ဖြစ်ပါသည်။ ထိုသို့သော အခြေအနေမျိုးတွင် အဖြေမှန်ကို ကောင်းမွန်စွာ ရွေးချယ်ပေးနိုင်ရန် အရေးကြီးပါသည်။ ကိုယ်ပေးမိသော အဖြေတစ်ခုအားဖြင့် ကျွန်တော်တို့သည် နှစ်ခုစလုံးမသိသောသူများ မဖြစ်အောင် ဆင်ခြင်ကြရမည်ဖြစ်ပါသည်။**

> **"တကယ်တမ်း ကျွန်တော်တို့ လူအများစုသည် ကိစ္စတစ်ခုကို စဉ်းစားရာတွင် ရလဒ်ကို အခြေခံ၍ အဓိကထား စဉ်းစားတတ်ကြပါသည်။ ခရီးတစ်ခု ရောက်သွားသည်ကိုသာ စဉ်းစားပြီး ထိုခရီးကို မည်ကဲ့သို့ ရောက်လာသနည်းဟူသော အချက်ကိုမူ စဉ်းစားလေ့မရှိတတ်ကြပါ"**

ကျွန်တော်တို့သည် လူ့ကျင့်ဝတ် လူ့ဂုဏ်သိက္ခာစံအရ တန်ဖိုးထားအပ်သောအရာများကို တန်ဖိုးထားရမည်ဆိုသည့် အဖြေကို မသိသည့်အပြင် ညစ်ပတ်စုတ်ပွဲ့လူ့ကျင့်ဝတ်နှင့် သွေဖည်သော ဂုဏ်သိက္ခာကင်းမဲ့သော လုပ်ရပ်များကို အားကျအတုယူစရာဟုထင်သော အဖြေမှားကို လက်ခံထားမိသော နှစ်ခုစလုံးမသိကြသောသူများ ဖြစ်ကြပါသည်။

လမ်းလျှောက်ပြိုင်ပွဲတစ်ခုတွင် နာမည်ကြီးပြိုင်ပွဲဝင်တစ်ယောက်က အနိုင်ရပြီး ဗိုလ်စွဲပါသည်။ သူ၏ စံချိန်မှာ အလွန်ကောင်းပြီး အခြားပြိုင်ပွဲဝင်များ လိုက်မမီလောက်သော အနေအထားဖြင့် အနိုင်ရခဲ့ခြင်း ဖြစ်ပါသည်။ ပြိုင်ပွဲ၏ အနိုင်၊ အရှုံးရလဒ်ကို ကြေညာသောအခါ ပြဿနာပေါ်လာပါတော့သည်။

အခြားသောပြိုင်ပွဲဝင်များက အနိုင်ရဗိုလ်စွဲသူကို ပထမမရသင့်ကြောင်း ကန့်ကွက်ကြပါတော့သည်။ သူတို့ကန့်ကွက်သောအကြောင်းပြချက်မှာ အနိုင်ရဗိုလ်စွဲသူမှာ လူအလစ်တွင် လမ်းမလျှောက်ဘဲ ပြေးခဲ့ကြောင်း စွပ်စွဲကြပါသည်။

ကျွန်တော်တို့ပွဲကြည့်ပရိသတ်များကတော့ ပထမရဗိုလ်စွဲသူမှာ စံချိန်တင် အပြတ်အသတ် အနိုင်ရထားခြင်းဖြစ်သောကြောင့် ပြေးပြေး၊ မပြေးပြေး အနိုင်၊ အရှုံးရလဒ်ကတော့ အပြောင်းအလဲမရှိနိုင်ဟု ယုံကြည်ကြသည်။ ရလဒ်အရ အနိုင်ကအနိုင်ပဲဟု ထင်ကြသည်။

တကယ်တမ်း ကျွန်တော်တို့ လူအများစုသည် ကိစ္စတစ်ခုကို စဉ်းစားရာတွင် ရလဒ်ကို အခြေခံ၍ အဓိကထား စဉ်းစားတတ်ကြပါသည်။ ခရီးတစ်ခု ရောက်သွားသည်ကိုသာ စဉ်းစားပြီး ထိုခရီးကို မည်ကဲ့သို့ရောက်လာသနည်းဟူသော အချက်ကိုမူ စဉ်းစားလေ့မရှိတတ်ကြပါ။

လမ်းလျှောက်ပြိုင်ပွဲတစ်ခုတွင် ပန်းတိုင်သို့ အရင်ရောက်ရန်မှာ အရေးအကြီးဆုံးဖြစ်သည်မှာ မှန်သော်လည်း ထိုအဖြေက အမြဲမမှန်နိုင်ပါ။ လမ်းလျှောက်ပြိုင်ပွဲတစ်ခုတွင် ပန်းတိုင်သို့ရောက်ရန် ပြိုင်ပွဲဝင်သူသည် အမှန်တကယ်လမ်းလျှောက်ဖို့ လိုပါသည်။

ပန်းတိုင်သို့ အရင်ရောက်ခြင်းသည် အရေးကြီးသလား၊ ပန်းတိုင်သို့မည်သည့်ပုံဖြင့်ရောက်လာခြင်းသည် အရေးကြီးသလား၊ နှစ်ခုစလုံးက အရေးကြီးသလားဟူသော မေးခွန်းများကို စဉ်းစားမိသောအခါ ကျွန်တော်သည် ငယ်ငယ်က ဆရာဆုံးမခဲ့သော "You don't know two things." (မင်းက အကြောင်းအရာနှစ်ခုစလုံးကို မသိဘူးပဲ) ဟူသော စကားကိုသာ ပြန်လည်ကြားယောင်နေမိပါသည်။

## အဖြေမှန်ကို ကောင်းမွန်စွာ ရွေးချယ်ပေးနိုင်

ကျွန်တော်တို့နေ့စဉ်တစ်သက်တာကို အသက်ရှင်နေရချိန်တွင် တစ်စုံတစ်ခုကို ရွေးချယ်ရခြင်းများနှင့် မေးခွန်းများကို ရင်ဆိုင်အဖြေပေးနေရခြင်းများမှာ မလွဲမသွေ ရင်ဆိုင်ကြုံတွေ့နေရမည်ဖြစ်ပါသည်။ ထိုသို့သော အခြေအနေမျိုးတွင် အဖြေမှန်ကို ကောင်းမွန်စွာ ရွေးချယ်ပေးနိုင်ရန် အရေးကြီးပါသည်။ ကိုယ်ပေးမိသော အဖြေတစ်ခုအားဖြင့် ကျွန်တော်တို့သည် နှစ်ခုစလုံးမသိသောသူများ မဖြစ်အောင် ဆင်ခြင်ကြရမည် ဖြစ်ပါသည်။

**(၉-၂-၂၀၂၁ ရက်နေ့ထုတ် The Daily ELEVEN သတင်းစာတွင် ဖော်ပြခဲ့သည့် ဆောင်းပါးရှင် ကမ်လူဝေး၏ "နှစ်ခုစလုံးမသိကြသူများ" ဆောင်းပါးကို Daily ELEVEN သတင်းစာအယ်ဒီတာအဖွဲ့နှင့် ဆောင်းပါးရှင်တို့၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ စာတည်း)**

# ရွှေတိဂုံစေတီတော်မြတ်ကြီး ဖူးမျှော်ကြည်ညိုနိုင်ရေး ရဟန်းရှင်လူ ဘုရားဖူးပြည်သူများသို့ ပန်ကြားလွှာ

COVID-19 ကမ္ဘာ့ကပ်ရောဂါကြီး ဖြစ်ပွားနေသည့်အတွက် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ၉-၄-၂၀၂၀ ရက်နေ့မှစ၍ ဘုရားဖူးမြော်ခွင့် ၁၀ လကျော်ကြာ ယာယီရပ်ဆိုင်းခဲ့ရာမှ ယခုအချိန်အခါတွင် COVID-19 ရောဂါကာကွယ်၊ တားဆီးရေး၊ ကုသရေးလုပ်ငန်းစဉ်များကြောင့် ရောဂါကူးစက်ပျံ့နှံ့မှုအား အတိုင်းအတာတစ်ရပ်အထိ ထိန်းချုပ်ဆောင်ရွက်နိုင်ပြီ ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၊ စေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော်ကြီးများ၏ ဩဝါဒ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ခွင့်ပြုချက်အရ ဘုရား၊ ပုထိုး၊ စေတီများအား အချိန်၊ လူဦးရေကန့်သတ်ချက်များဖြင့် COVID-19 စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ၈-၂-၂၀၂၁ ရက်နေ့မှစ၍ ပြန်လည်ဖူးမြော်ခွင့် ပြုပေးသွားမည်ဖြစ်ပြီး လူစုလူဝေးဖြင့် အလှူအတန်းပြုလုပ်ခြင်းများအား ခွင့်မပြုသေးပါကြောင်း ရဟန်းရှင်လူ ဘုရားဖူးပြည်သူများအား ပန်ကြားအပ်ပါသည်-

## ရဟန်းရှင်လူ ဘုရားဖူးပြည်သူများအား ဖူးမြော်နိုင်ရေး ဆောင်ရွက်သွားမည့်အစီအစဉ်

(၁) ၈-၂-၂၀၂၁ ရက်နေ့နှင့် ၉-၂-၂၀၂၁ ရက်နေ့များတွင် ရဟန်းသံဃာ၊ သီလရှင်များ ဖူးမြော်နိုင်ရေး ဦးစားပေး ခွင့်ပြုသွားပါမည်၊

(၂) ၁၀-၂-၂၀၂၁ ရက်နေ့တွင် အသက်အရွယ်ကြီးရင့်သူများ၊ မသန်စွမ်းပြည်သူများ ဖူးမြော်နိုင်ရေး ဦးစားပေး ခွင့်ပြုသွားပါမည်၊

(၃) ၁၁-၂-၂၀၂၁ ရက်နေ့မှစ၍ ရဟန်း၊ ရှင်များနှင့် ပြည်သူများ ဖူးမြော်နိုင်ရေး ခွင့်ပြုသွားပါမည်၊

(၄) ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဖူးမြော်ရာတွင် နေ့စဉ် နံနက် ၀၆ ၀၀ အချိန်မှ ၀၇ ၀၀ အချိန်အထိလည်းကောင်း၊ နံနက် ၀၈ ၀၀ အချိန်မှ ၀၉ ၀၀ အချိန်အထိ လည်းကောင်း၊ နံနက် ၁၀ ၀၀ အချိန်မှ မွန်းလွဲပိုင်း ၁၁ ၀၀ အချိန်အထိ လည်းကောင်း၊ နံနက်ပိုင်း ၃ ကြိမ်၊ မွန်းလွဲပိုင်း ၁၃ ၀၀ အချိန်မှ ၁၄ ၀၀ အချိန်အထိလည်းကောင်း၊ မွန်းလွဲပိုင်း ၁၅ ၀၀ အချိန်မှ ၁၆ ၀၀ အချိန်အထိလည်းကောင်း၊ ညနေ ၁၇ ၀၀ အချိန်မှ ၁၈ ၀၀ အချိန်ထိလည်းကောင်း၊ မွန်းလွဲပိုင်း ၃ ကြိမ် ဖူးမြော်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ တစ်ကြိမ်လျှင် ၅၀၀ ဦးနှုန်းဖြင့် တစ်ရက်လျှင် ၆ ကြိမ် စုစုပေါင်း ၃၀၀၀ ဦး ဖူးမြော်ကြည်ညိုနိုင်မည်ဖြစ်ပါသည်၊

(၅) တစ်ကြိမ်လျှင် အရှေ့ဘက်စောင်းတန်းမှ ၂၀၀ ဦး၊ အနောက်ဘက်စောင်းတန်းမှ ၁၅၀ ဦး၊ တောင်ဘက်စောင်းတန်းမှ ၅၀ ဦးနှင့် မြောက်ဘက်စောင်းတန်းမှ ၁၀၀ ဦး၊ တစ်ကြိမ်လျှင် စုစုပေါင်း ၅၀၀ ဦး ဖူးမြော်နိုင်မည်ဖြစ်ပါသည်၊

(၆) သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများအပ ဓာတ်လှေကားဖြင့် တက်ရောက်ခြင်း ခွင့်မပြုသေးပါ၊

(၇) ဘုရား၊ ပုထိုး၊ စေတီများ ဖူးမြော်ချိန်အဖြစ် ဘုရားဖူးရန် တစ်ကြိမ်လျှင် ၁ နာရီ ခွင့်ပြုမည်ဖြစ်ပါသည်၊

(၈) ဘုရားဖူးပြည်သူများသည် အသင့်ပြုလုပ်ထားသော Form များတွင် ကိုယ်ရေးအကျဉ်း (အမည်၊ အဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ ဖုန်းနံပါတ်၊ နေရပ်လိပ်စာ) အား ဖြည့်စွက်ပေးရမည်ဖြစ်ပါသည်၊ ပိုမိုမြန်ဆန်စေရေးအတွက် ၎င်းကိုယ်ရေးအကျဉ်းကို မိမိအစီအစဉ်ဖြင့် ကြိုတင်ရေးသားယူလာနိုင်ပါသည်၊

(၉) ဘုရားဖူးပြည်သူများသည် ရွှေတိဂုံစေတီတော်မြတ်ကြီးအား တက်ရောက်လာသည့် မုခ်ဦးများမှသာ ပြန်လည်ထွက်ခွာရမည်ဖြစ်ပါသည်။

## ရဟန်းရှင်လူ ဘုရားဖူးပြည်သူများအနေဖြင့် လိုက်နာဆောင်ရွက်ရမည့်အချက်များ

(၁) ဖျားခြင်း (ကိုယ်အပူချိန် ၁၀၀.၄°F / ၃၈°C ထက်ကျော်လွန်ခြင်း)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ ရုတ်တရက် အနံ့အရသာပျောက်ဆုံးခြင်း စသည့် COVID-19 သံသယလက္ခဏာတစ်ခုခုရှိနေလျှင် ဘုရားဖူးလာရောက်ခြင်း လုံးဝမပြုရပါ၊

(၂) ဘုရားဖူးပြည်သူများအနေဖြင့် ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို မဖြစ်မနေ တပ်ဆင်လာရမည်၊ အသက်(၆၀) အထက် အသက်အရွယ်ကြီးရင့်သူများ၊ ဆီးချို၊ သွေးတိုး စသည့် နာတာရှည်ရောဂါအခံရှိသူများအနေဖြင့် မျက်နှာအကာ(Face Shield)များကိုပါ တွဲဖက်၍ တပ်ဆင်လာရပါမည်၊

(၃) ဘုရားဖူးပြည်သူများ၏ ကိုယ်ရေးအချက်အလက်နှင့် ဖုန်းနံပါတ်များကို သတ်မှတ် Form များနှင့် မှတ်တမ်းစာအုပ်များတွင် မှတ်တမ်းတင်ထားရှိခြင်းလုပ်ငန်းကို ပူးပေါင်းဆောင်ရွက်ရမည်၊

(၄) ဘုရားဖူးပြည်သူများအနေဖြင့် COVID-19 ရောဂါ ကာကွယ်တားဆီးရေးဆိုင်ရာ သတိပေးချက်များနှင့် နှိုးဆော်ချက်များကို တိကျစွာ လိုက်နာရမည်၊

(၅) ဘုရားသို့ စတင်ဝင်ရောက်ခြင်းမပြုမီ၊ ဘုရားရှိခိုးပြီးသည့်အခါတိုင်း (လက်ကို ကြမ်းပြင်(သို့မဟုတ်) ဘုရားရင်ပြင်နှင့် ထိတွေ့ပြီးသည့်အခါ) နှင့် ဘုရားဖူးပြီး၍ ဘုရားမှ ထွက်သည့်အခါတွင် စောင်းတန်းအဝင်ဝ၊ ဘုရားရင်ပြင်နှင့် ထွက်ပေါက်များရှိ လက်ဆေးဘေစင်များတွင် ဆပ်ပြာနှင့် ရေကို အသုံးပြု၍ လက်ကို အနည်းဆုံး စက္ကန့်(၂၀) ကြာအောင် စနစ်တကျဆေးကြောခြင်း(သို့မဟုတ်) အယ်ကိုဟောလ် အနည်းဆုံး (၆၀%) ပါဝင်သော ရေမလို လက်သန့်စင်ဆေးရည်(Hand Sanitizer) အသုံးပြုခြင်းတို့ကို ဆောင်ရွက်ပါ၊

(၆) ဘုရားရှိခိုးပြီးတိုင်း (လက်ကိုကြမ်းပြင်(သို့မဟုတ်) ဘုရားရင်ပြင်နှင့် ထိတွေ့ပြီးတိုင်း) လက်ကို စနစ်တကျချက်ချင်း ပြန်လည်ဆေးကြောနိုင်ရန် အယ်ကိုဟောလ် အနည်းဆုံး (၆၀%)ပါဝင်သော ရေမလို လက်သန့်စင်ဆေးရည်(Hand Sanitizer) ဗူးသေးများ ယူဆောင်လာ၍ အသုံးပြုရမည်၊

(၇) စောင်းတန်းဝင်ပေါက်များ၌ တာဝန်ရှိသူများက Non-contact thermometer (သို့မဟုတ်) Thermal Scanner များဖြင့် အပူချိန်တိုင်းတာခြင်းကို ခံယူရမည်၊

(၈) ဘုရားဖူးပြည်သူများအနေဖြင့် စောင်းတန်းဝင်/ ထွက်ပေါက်များနှင့် ရင်ပြင်ပေါ်တို့တွင် တစ်ဦးနှင့်တစ်ဦး (၆) ပေအကွာ တက်ရောက်/ ဖူးမြော်နိုင်ရေး သတ်မှတ်ထားသည့်အတိုင်း စနစ်တကျ တိကျစွာလိုက်နာရမည်၊

(၉) ဘုရား၊ ပုထိုး၊ စေတီများ၏ ပရိဝုဏ်အတွင်းရှိ ဇရပ်၊ တန်ဆောင်းများ၌ အချိန်ကြာမြင့်စွာ ပူဇော်ခြင်း၊ ခေတ္တနားနေခြင်း၊ ဝိုင်းဖွဲ့စားသောက်ခြင်း၊ စတုဒိသာကျွေးမွေးလှူဒါန်းခြင်းတို့ကို လုံးဝရှောင်ကြဉ်ရမည်၊

(၁၀) ဘုရားဖူးပြည်သူများအနေဖြင့် အသုံးပြုပြီး ပါးစပ်နှင့် နှာခေါင်းစည်း(Mask)နှင့် တစ်ခါသုံးတစ်ရှူးစက္ကူများကို အဖုံးပါသော အမှိုက်ပုံးများအတွင်းသို့ စနစ်တကျ စွန့်ပစ်ရမည်၊

(၁၁) ဘုရားပုထိုးစေတီများသို့ ကုသိုလ်ယူသွားရောက်ခဲ့ပြီးနောက် (၇) ရက်အတွင်း ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ ရုတ်တရက်အနံ့အရသာပျောက်ဆုံးခြင်း၊ အသက်ရှူရခက်ခဲခြင်း စသည့် ရောဂါလက္ခဏာများ ခံစားရပါက နီးစပ်ရာ ကျန်းမာရေးဌာနသို့ ချက်ချင်းဆက်သွယ်၍ ဆေးကုသမှုခံယူရပါမည်။

## တိုင်းဒေသကြီး / ပြည်နယ်ရှိ ဘုရား၊ ပုထိုး၊ စေတီများ ဖူးမြော်နိုင်မည့်အစီအစဉ်

(၁) ၈-၂-၂၀၂၁ ရက်နေ့မှစ၍ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ဘုရား၊ ပုထိုး၊ စေတီများကို ဖူးမြော်ကြည်ညို ခွင့်ပြုသွားမည်ဖြစ်ပါသည်၊

(၂) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် COVID-19 ထိန်းချုပ်၊ တားဆီး၊ ကာကွယ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ဖူးမြော်ကြည်ညိုရမည်ဖြစ်ပါသည်၊

(၃) နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်ရှိ ရဟန်းရှင်လူပြည်သူများအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားရှိသည့် ဆောင်ရွက်ရမည့်အချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည်၊

(၄) နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်ရှိ ဘုရားပုထိုးစေတီ ဂေါပကအဖွဲ့ဝင်များအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားရှိသည့် ၃၃ ချက်အား ဂေါပကအဖွဲ့များက တာဝန်ယူဆောင်ရွက်ရန်အတွက် ကြိုတင်ပြင်ဆင်ထားရှိရမည်ဖြစ်သည်၊

(၅) သက်ဆိုင်ရာ ဘုရားပုထိုးစေတီဂေါပကအဖွဲ့များအနေဖြင့် နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်နှင့်ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်သွားရမည်ဖြစ်သည်။

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန






# လွှတ်လပ်စွာ သဘောကွဲလွဲခွင့်ပေးပါ

ကိုရေချမ်း

နိုင်ငံ့ဝန်ထမ်းအများစုဟာ အလုပ်တစ်ခုခုကို စတင်ဝင်ရောက်လုပ်ကိုင်တဲ့အချိန်ကစလို့ အသက် ၆၀ သက်ပြည့်အငြိမ်းစားယူတဲ့အချိန်အထိ မိမိတို့ရဲ့ဘဝ သက်တမ်းတစ်လျှောက် နှစ်ပေါင်းများစွာ လုပ်ငန်းခွင်ထဲမှာပဲ ပျော်ရွှင်စွာ အချိန်ကုန်ခဲ့ကြပါတယ်။ မိမိတို့ သန်ရာသန်ရာလုပ်ငန်းနယ်ပယ်တွေမှာ နိုင်ငံနဲ့ ပြည်သူအတွက် ထူးထူးခြားခြား ဆောင်ရွက်ပေးခဲ့ရတာတွေ၊ ရာထူးအဆင့်ဆင့် တိုးမြှင့်ပြောင်းလဲလာရတဲ့ ဘဝအဖုံဖုံတွေဟာ ဂုဏ်ယူစရာ၊ ဝမ်းမြောက်စရာ၊ ပျော်ရွှင်စရာတွေဖြစ်ပါတယ်။ ဝန်ထမ်းတွေဟာ ခက်ခဲကြမ်းတမ်းမှုတွေ၊ ပြဿနာတွေနဲ့လည်း ကြုံတွေ့တတ်ကြပါတယ်။

**ဝန်ထမ်းတွေရဲ့ လူမှုဘဝအခြေအနေ**

ဝန်ထမ်းတွေရဲ့ ဘဝတစ်လျှောက်မှာ မမေ့နိုင်စရာအဖြစ်တွေ ရှိကြမှာပါ။ ဝန်ထမ်းဘဝအတွင်း ကိုယ့်အလုပ်မှာ ကြိုးစားအားထုတ်ခဲ့ရတာတွေ၊ စိန်ခေါ်မှုတွေဟာ ဝန်ထမ်းတွေရဲ့ဘဝကို တစ်ဆင့်ထက်တစ်ဆင့် ပြောင်းလဲတိုးတက်စေခဲ့တဲ့ ခွန်အားတွေလို့ ပြောရမှာဖြစ်ပါတယ်။ ဒါတွေဟာ ဝန်ထမ်းတွေရဲ့ လူမှုဘဝအခြေအနေ ဖြစ်ပါတယ်။ ဝန်ထမ်းလောကကို ကိုယ်ပိုင်နိုင်ငံရေးအမြင်အနေနဲ့ ပြောမယ်ဆိုရင် ဝန်ထမ်းအဖြစ် စတင်အမှုထမ်းတဲ့အချိန်ကစလို့ ဝန်ထမ်းကာလတစ်လျှောက်မှာ နိုင်ငံရေးစနစ်တွေ၊ အစိုးရအုပ်ချုပ်မှုစနစ်တွေ တစ်ခုပြီးတစ်ခု ဘယ်လိုပဲပြောင်းလဲခဲ့သော်လည်း မပြောင်းမလဲဘဲ အမြဲရှိနေတာက ဝန်ထမ်းတွေပဲ ဖြစ်ပါတယ်လို့ ဂုဏ်ယူပြောကြဆိုကြပါတယ်။ ဒါဟာ ဝန်ထမ်းတွေ ပါတီနိုင်ငံရေးကင်းရှင်းရမယ်ဆိုတဲ့အချက်ကြောင့် ဝန်ထမ်းဟာ အစဉ်အမြဲရပ်တည်နေနိုင်တာ ဖြစ်ပါတယ်။

အကယ်၍ ဝန်ထမ်းတွေ ပါတီနိုင်ငံရေးမှာ ပါဝင်ပတ်သက်ခဲ့လို့ရှိရင် အလုပ်တာဝန်ကို စွန့်လွှတ်ရတာဖြစ်ဖြစ်၊ အနားပေးတာဖြစ်ဖြစ်၊ တာဝန်မှ ရပ်ဆိုင်းခံရတာဖြစ်ဖြစ် တစ်ခုခု ဖြစ်တတ်ပါတယ်။ ဒီလိုဖြစ်ခဲ့တဲ့သာဓကတွေကို ၁၉၈၈ ခုနှစ် ဆန္ဒပြမှုဖြစ်စဉ်တွေမှာ ရှေ့တန်းက ပါဝင်ခဲ့တဲ့ဝန်ထမ်းတွေ ကြုံခဲ့ရတဲ့အဖြစ်တွေက ကိုယ်တွေ့ဖြစ်ပါတယ်။ ယခုအခါ မြန်မာနိုင်ငံမှာ နိုင်ငံရေးယဉ်ကျေးမှုအပြောင်းအလဲတစ်ခု ဖြစ်ပေါ်ခဲ့ပါတယ်။ အပြောင်းအလဲကို လက်မခံတဲ့ပြည်သူတွေဟာ လမ်းမပေါ်ထွက် ဆန္ဒထုတ်ဖော်လာကြပါတယ်။ အခုဆိုရင် ဆန္ဒပြတာ ရက်သတ္တတစ်ပတ်ကျော် နှစ်ပတ်ပင်ရှိလာခဲ့ပါပြီ။ စည်းကမ်းတကျ ဆန္ဒပြကြတာတွေရှိသလို စည်းမဲ့ကမ်းမဲ့ဆန္ဒပြကြတာတွေလည်း တွေ့ရပါတယ်။

ယနေ့ဆန္ဒထုတ်ဖော်ကြတာတွေဟာ ယခင့်ယခင်မြန်မာနိုင်ငံမှာဖြစ်ခဲ့တဲ့ ဆန္ဒပြတာတွေနဲ့ မတူတော့တာကိုတော့ သတိပြုမိကြမှာ ဖြစ်ပါတယ်။ ဆန္ဒပြနည်းတွေ၊ နည်းဗျူဟာတွေကို ပြည်တွင်း/ ပြည်ပက နိုင်ငံရေးတက်ကြွလှုပ်ရှားသူတွေက လူမှုကွန်ရက်တွေပေါ်ကနေ၊ ဆိုရှယ်မီဒီယာတွေကနေ နိုင်ငံတော်ယန္တရား ပျက်ပြားအောင်၊ နိုင်ငံတည်ငြိမ်အေးချမ်းမှု ပြိုပျက်အောင် အချိန်ကိုက် အချက်ပေးတဲ့နည်းဗျူဟာတွေကို အွန်လိုင်းပေါ်ကနေ လုပ်ခိုင်းလာတာ တွေ့ရမှာဖြစ်ပါတယ်။ အခုသုံးနေတဲ့နည်းဗျူဟာကတော့ Civil Disobedience Movement (CDM) လို့ခေါ်တဲ့ နိုင်ငံ့ဝန်ထမ်းတွေ အလုပ်မတက်/ရုံးမတက်နဲ့ လှုပ်ရှားမှုနဲ့ ပြည်သူတွေကို နေအိမ်နေရာတွေကနေ သံပုံးတီးအချက်ပေးရေးတွေ လုပ်လာကြဖို့ လှုံ့ဆော်ခဲ့တာကို တွေ့ရမှာ ဖြစ်ပါတယ်။ ဒီမိုကရေစီကို လိုလားတဲ့သူတွေအနေနဲ့ ဒီနည်းနှစ်မျိုးစလုံးဟာ ဒီမိုကရေစီစံနှုန်းတွေနဲ့ ညီရဲ့လား၊ မညီဘူးလားဆိုတာကို ဆန်းစစ်ကြည့်နိုင်ပါတယ်။

ဒီမိုကရေစီဆိုတာမှာ လွတ်လပ်စွာသဘောကွဲလွဲခွင့်ရှိတယ်ဆိုတဲ့ အချက်တစ်ချက်လည်း ပါဝင်ပါတယ်။ ဝန်ထမ်းလောကက ညီလေးတွေ၊ ညီမလေးတွေ ဆန္ဒပြပွဲတွေမှာ ပါဝင်လာကြတာတွေဟာ ပါတီနိုင်ငံရေးနဲ့မကင်းသော်လည်းပဲ ကိုယ်ပိုင်စိတ်ခံစားချက်နဲ့ ကိုယ်တိုင်စိတ်ဆန္ဒနဲ့ ပြုလုပ်ကြတာကို နားလည်ပေးနိုင်ပါတယ်။ လူတစ်ယောက်ရဲ့ လွတ်လပ်ခွင့်ကို အပြစ်မဆိုလိုပါဘူး။ ဒါပေမယ့် အခုလိုလမ်းပေါ်ထွက် ဆန္ဒပြကြတဲ့ဝန်ထမ်းတွေရဲ့ ပါဝင်မှုရာခိုင်နှုန်းဟာအရေအတွက် အနည်းငယ်သာ ရှိပါတယ်။ မြန်မာနိုင်ငံတစ်ဝန်းမှာရှိတဲ့ နိုင်ငံ့ဝန်ထမ်းတွေအားလုံးမှာ ဆန္ဒပြတဲ့အထဲမှာ မပါဝင်လိုသူတွေရှိသလို နိုင်ငံရေးနဲ့ ကင်းကင်းရှင်းရှင်းနေပြီး ကိုယ့်အလုပ်ကိုယ်လုပ်လိုတဲ့ဝန်ထမ်းတွေလည်း အများအပြားရှိကြပါတယ်။

ဒါပေမယ့် ရုံးမတက်နဲ့ ရုန်းထွက်ဆိုတဲ့ ကြွေးကြော်သံတွေ သံပြိုင်ဟစ်ကြွေးပြီး အေးချမ်းစွာ အလုပ်လုပ်ကိုင်နေတဲ့ဝန်ထမ်းတွေ၊ အခက်အခဲတွေကြားထဲက ပြည်သူလူထုအကျိုးအတွက် ဝန်ဆောင်မှုပေးလိုတဲ့ဝန်ထမ်းတွေ၊ ပြည်သူလူထုကို ကူညီစောင့်ရှောက်ပေးနေတဲ့ဝန်ထမ်းတွေ အလုပ်ဆက်လက်မလုပ်နိုင်အောင် စည်းရုံးတာ၊ ဖိအားပေးတာ၊ အနှောင့်အယှက်ပေးတာ၊ ခြိမ်းခြောက်တာတွေကို ပြုလုပ်တာကတော့ လုံးဝ မဖြစ်သင့်ပါဘူး။

အထူးသဖြင့် ပြည်သူလူထုရဲ့ ကျန်းမာရေးကို နေ့စဉ်နဲ့အမျှ စောင့်ရှောက်မှုပေးနေတဲ့ ပြည်သူ့ကျန်းမာရေးဝန်ထမ်းတွေကို အလုပ်ဆက်မလုပ်နိုင်အောင် လုပ်ကြတာဟာ စိတ်မကောင်းစရာပါ။ တကယ်တော့ ပြည်သူ့ဆေးရုံတွေဆိုတာဟာ လူထုလူတန်းစားပေါင်းစုံ မှီခိုအားထားရာ၊ အထူးသဖြင့် သာမန်လူလတ်တန်းစားတွေ၊ ငွေကြေးမတတ်နိုင်တဲ့ အခြေခံလူတန်းစားတွေ မှီခိုအားထားရာ ဝန်ဆောင်မှုပေးတဲ့နေရာ ဖြစ်ပါတယ်။

**ကျန်းမာရေးစောင့်ရှောက်ကုသမှု**

ပြည်သူတွေအပေါ် စေတနာမေတ္တာအပြည့်အဝနဲ့ ကျန်းမာရေးစောင့်ရှောက်ကုသမှု မပေးနိုင်အောင် စည်းရုံးတာ၊ ဟန့်တားတာ၊ နှောင့်ယှက်ကြတာဟာ ဆင်းရဲနွမ်းပါးတဲ့ပြည်သူတွေ ပိုမိုဒုက္ခရောက်စေပါတယ်။ ကနေ့ လမ်းပေါ်ထွက် ဆန္ဒပြကြတဲ့ ဝန်ထမ်းအချို့ဟာ စိတ်ခံစားချက်ကြောင့် ဖြစ်လာကြတာပါ။ အများအားဖြင့် ငယ်ရွယ်သူတွေများကြပါတယ်။ အချို့လည်း မတတ်သာလို့ အများလုပ်လို့ လိုက်ပါလုပ်ကြရတဲ့သူတွေလည်း ရှိပါတယ်။ ဒီလိုလုပ်ကြတဲ့အခါမှာ သက်ကြီး၊ ဝါကြီး၊ ပညာကြီးတဲ့ဝန်ထမ်းတွေပါ ထိခိုက်ခံစားရပါတယ်။ ငယ်ရွယ်တဲ့ဝန်ထမ်းတွေက အသက်အရွယ် ဂုဏ်ကြီးတဲ့ဝန်ထမ်းတွေကို စည်းရုံးတာ၊ ဖိအားပေးတာ၊ အကျပ်ကိုင်တာတွေဟာ စိတ်မကောင်းစရာပါပဲ။

> ဒီမိုကရေစီဆိုတာမှာ လွတ်လပ်စွာသဘောကွဲလွဲခွင့်ရှိတယ်ဆိုတဲ့ အချက်တစ်ချက်လည်း ပါဝင်ပါတယ်။ ဝန်ထမ်းလောကက ညီလေးတွေ၊ ညီမလေးတွေ ဆန္ဒပြပွဲတွေမှာ ပါဝင်လာကြတာတွေဟာ ပါတီနိုင်ငံရေးနဲ့ မကင်းသော်လည်းပဲ ကိုယ်ပိုင်စိတ်ခံစားချက်နဲ့ ကိုယ်တိုင်စိတ်ဆန္ဒနဲ့ ပြုလုပ်ကြတာကို နားလည်ပေးနိုင်ပါတယ်။ လူတစ်ယောက်ရဲ့လွတ်လပ်ခွင့်ကို အပြစ်မဆိုလိုပါဘူး။ ဒါပေမယ့် အခုလိုလမ်းပေါ်ထွက် ဆန္ဒပြကြတဲ့ဝန်ထမ်းတွေရဲ့ ပါဝင်မှုရာခိုင်နှုန်းဟာ အရေအတွက် အနည်းငယ်သာရှိပါတယ်။ မြန်မာနိုင်ငံတစ်ဝန်းမှာရှိတဲ့ နိုင်ငံ့ဝန်ထမ်းတွေအားလုံးမှာ ဆန္ဒပြတဲ့အထဲမှာ မပါဝင်လိုသူတွေရှိသလို နိုင်ငံရေးနဲ့ကင်းကင်းရှင်းရှင်းနေပြီး ကိုယ့်အလုပ်ကိုယ်လုပ်လိုတဲ့ဝန်ထမ်းတွေလည်း အများအပြားရှိကြပါတယ်။

> ❖ ပြည်သူလူထုရဲ့ ကျန်းမာရေးကို နေ့စဉ်နဲ့အမျှ စောင့်ရှောက်မှုပေးနေတဲ့ ပြည်သူ့ကျန်းမာရေး ဝန်ထမ်းတွေကို အလုပ်ဆက်မလုပ်နိုင်အောင် လုပ်ကြတာဟာ စိတ်မကောင်းစရာပါ။ တကယ်တော့ ပြည်သူ့ဆေးရုံတွေဆိုတာဟာ လူထုလူတန်းစားပေါင်းစုံ မှီခိုအားထားရာ၊ အထူးသဖြင့် သာမန်လူလတ်တန်းစားတွေ၊ ငွေကြေးမတတ်နိုင်တဲ့ အခြေခံလူတန်းစားတွေ မှီခိုအားထားရာ ဝန်ဆောင်မှုပေးတဲ့နေရာ ဖြစ်ပါတယ်။
>
> ❖ ပြည်သူတွေအပေါ် စေတနာမေတ္တာအပြည့်အဝနဲ့ ကျန်းမာရေးစောင့်ရှောက်ကုသမှု မပေးနိုင်အောင် စည်းရုံးတာ၊ ဟန့်တားတာ၊ နှောင့်ယှက်ကြတာဟာ ဆင်းရဲနွမ်းပါးတဲ့ပြည်သူတွေ ပိုမိုဒုက္ခရောက်စေပါတယ်။

နိုင်ငံ့ဝန်ထမ်းလုပ်ငန်းတွေဆိုတာဟာ ပြည်သူတွေကို ဝန်ဆောင်မှုပေးနိုင်ဖို့၊ ပြည်သူတွေရဲ့လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်ဖို့ ဖွဲ့စည်းထားတဲ့ နိုင်ငံ့အဖွဲ့အစည်းတွေဖြစ်ပါတယ်။ တိုင်းပြည် ဘယ်လိုအခြေအနေ ရောက်နေပါစေ ပြည်သူပြည်သားတွေရဲ့ လိုအပ်ချက်တွေကို နေ့စဉ်နဲ့အမျှ ဆောင်ရွက်ပေးရမယ့် လုပ်ငန်းအဖွဲ့အစည်းတွေ ရှိပါတယ်။ ဥပမာအားဖြင့် ဆေးရုံ၊ မီးသတ်၊ လုံခြုံရေး၊ သတင်းစတဲ့ ဌာနတွေဟာ ပြည်သူပြည်သား အကျိုးစီးပွားအတွက် နေ့စဉ်တာဝန်မပျက် ဆောင်ရွက်ပေးကြရမယ့် အဖွဲ့အစည်းတွေ ဖြစ်ပါတယ်။ အကယ်၍ ဒီလုပ်ငန်း၊ အဖွဲ့အစည်းတွေ လုပ်ကိုင်ဆောင်ရွက်နိုင်တာမရှိရင် ဦးစွာလက်တွေ့ခံစားကြရမယ့်သူတွေဟာ ပြည်သူ ပြည်သားတွေပဲဖြစ်ပါတယ်။ ဒါကြောင့် အခြေအနေအကြောင်းကြောင်းကြောင့် ဝန်ထမ်းလောကမှာ ဆန္ဒပြတာတွေ ရှိလာပေမယ့်လည်း ပြည်သူလူထုရဲ့အကျိုးစီးပွားတွေ မထိခိုက်စေဖို့၊ မပျက်စီးစေဖို့ အထူးလိုအပ်ပါတယ်။

ယနေ့လက်ရှိမှာဆိုရင် နိုင်ငံ့ဝန်ထမ်းတွေ လုပ်ငန်းခွင်တွေကို မဝင်ရဲအောင်၊ အလုပ်တွေ မဖွင့်နိုင်အောင် ဝန်ထမ်းဟုတ်သူတွေရော၊ မဟုတ်သူတွေကပါ ဝိုင်းဝန်းဆန္ဒပြတာ၊ ဖိအားပေးတာ၊ အကျပ်ကိုင်တာတွေ နေ့စဉ်နဲ့အမျှ ပြုလုပ်လာကြတာကို တွေ့မြင်ရပါတယ်။ ဒါဟာ ဝန်ထမ်းသက်သက်ရဲ့ စိတ်ဆန္ဒလို့ဆိုတာထက် ဝန်ထမ်းမဟုတ်တဲ့ နိုင်ငံရေးဘေးပယောဂတွေကြောင့် ဖြစ်လာတယ်လို့ ပြောရမှာ ဖြစ်ပါတယ်။ ဝန်ထမ်းစည်းမျဉ်းစည်းကမ်း၊ ဝန်ထမ်းဥပဒေအရရော ရာဇဝတ်ဥပဒေအရပါ ဖောက်ဖျက်ကျူးလွန်တဲ့လုပ်ရပ်တွေအထိ ဖြစ်လာကြတာကို တွေ့ရပါတယ်။

ဒီမိုကရေစီကျင့်စဉ်အရ လူတိုင်းဟာ လွတ်လပ်စွာပြောဆိုခွင့်၊ လုပ်ကိုင်ခွင့်၊ နေထိုင်ခွင့် ရှိပါတယ်။ ဒါပေမယ့် ဒီလွတ်လပ်ခွင့်ဟာ သူတစ်ပါးကို မထိခိုက်စေရပါ။ မထိပါးစေရပါ။ မိမိနဲ့ သဘောထားအယူအဆ မတူသူကိုလည်း သဘောကွဲလွဲခွင့်ပေးရပါတယ်။ မတားဆီးရ၊ မထိပါးရပါ။ သို့သော်လည်း ယခုအခါ ဒီမိုကရေစီကို အကြောင်းပြုပြီး အေးချမ်းစွာနေလိုသူတွေ၊ နိုင်ငံ့ဝန်ထမ်းတွေကို အွန်လိုင်းပေါ်မှ သွေးထိုးလှုံ့ဆော်တာ၊ အုပ်စုဖွဲ့အတင်းအကျပ်ပြုတာ၊ နှောင့်ယှက်တာ၊ ခြိမ်းခြောက်တာအထိ ဥပဒေကို ချိုးဖောက်လာတာတွေ တွေ့ရပါတယ်။ ဒီမိုကရေစီကျင့်သုံးမှုအရ စည်းကမ်းနဲ့အညီ ဆန္ဒဖော်ထုတ်လို့ရပါတယ်။ စည်းကမ်းဖောက်ဖျက်ရင်တော့ ဒီမိုကရေစီလည်း ပျက်စီးနိုင်ပါတယ်။

ယခုလို မသမာသူတွေရဲ့ သွေးထိုးမှုတွေ၊ ဖိအားပေးမှုတွေ၊ နှောင့်ယှက်မှုတွေ၊ အခက်အခဲတွေကြားက နိုင်ငံတော်နဲ့ ပြည်သူအပေါ် သစ္စာရှိရှိ စေတနာထားပြီး ပြည်သူလူထုအကျိုးစီးပွားအတွက် တာဝန်ကျေပွန်အောင် ထမ်းရွက်နေကြတဲ့ နိုင်ငံ့ဝန်ထမ်းတွေကို ကျေးဇူးတင်ရပါတယ်။ လုပ်ငန်းခွင်က ကင်းကွာနေတဲ့ နိုင်ငံ့ဝန်ထမ်းတွေအနေနဲ့လည်း မိမိတို့ရဲ့စိတ်ခံစားချက်ကို ဦးစားမပေးဘဲ နိုင်ငံအကျိုး၊ ပြည်သူ့အကျိုးကို ဦးစားပေးပြီး မိမိတို့ရဲ့လုပ်ငန်းခွင်တွေဆီကို အမြန်ဆုံး ပြန်လာကြဖို့ မေတ္တာရပ်ခံအပ်ပါတယ်။

ယခုအခါမှာ နိုင်ငံ့ဝန်ထမ်းလောကတွင်ဖြစ်စေ၊ ပြည်သူလူထုကြားတွင်ဖြစ်စေ ဖိအားပေးခြိမ်းခြောက်ခံရသူတွေ၊ အခွင့်အရေးထိပါးနှောင့်ယှက်ခံရသူတွေကို ဥပဒေကြောင်းအရ ကုစားပေးနိုင်ရေးနဲ့ ထိပါးနှောင့်ယှက်သူတွေကို ဥပဒေအရ ထိရောက်စွာအရေးယူဖို့ ဆောင်ရွက်နေတာ တွေ့ရပါတယ်။ ဒါကြောင့် ဖိအားပေးခြိမ်းခြောက်တဲ့လုပ်ရပ်တွေဟာ ဥပဒေနဲ့ဆန့်ကျင်သလို မိမိတို့ရဲ့အခွင့်အရေးနဲ့ လွတ်လပ်ခွင့်တွေကို ကျင့်သုံးခြင်းဆိုင်ရာ မူသဘောတရားတွေနဲ့လည်း ဆန့်ကျင်နေပါတယ်။

ဒါကြောင့် ဒီမိုကရေစီကို မြတ်နိုးပါလျှင် လွတ်လပ်စွာ သဘောကွဲလွဲခွင့်ပေးစေချင်ပါတယ်။ သူတစ်ပါးဆန္ဒ၊ တစ်ပါးသူဘဝတွေကိုလည်း မထိခိုက်စေဖို့လိုပါတယ်။ နိုင်ငံတော်နဲ့ ပြည်သူလူထုအကျိုးစီးပွားကို ဆောင်ကြဉ်းပေးမယ့် ဒီမိုကရေစီလည်း ဖြစ်သင့်ပါတယ်။ ။

> ယခုလို မသမာသူတွေရဲ့ သွေးထိုးမှုတွေ၊ ဖိအားပေးမှုတွေ၊ နှောင့်ယှက်မှုတွေ၊ အခက်အခဲတွေကြားက နိုင်ငံတော်နဲ့ ပြည်သူအပေါ် သစ္စာရှိရှိ စေတနာထားပြီး ပြည်သူလူထု အကျိုးစီးပွားအတွက် တာဝန်ကျေပွန်အောင် ထမ်းရွက်နေကြတဲ့ နိုင်ငံ့ဝန်ထမ်းတွေကို ကျေးဇူးတင်ရပါတယ်။ လုပ်ငန်းခွင်က ကင်းကွာနေတဲ့ နိုင်ငံ့ဝန်ထမ်းတွေအနေနဲ့လည်း မိမိတို့ရဲ့ စိတ်ခံစားချက်ကို ဦးစားမပေးဘဲ နိုင်ငံအကျိုး၊ ပြည်သူ့အကျိုးကို ဦးစားပေးပြီး မိမိတို့ရဲ့ လုပ်ငန်းခွင်တွေဆီကို အမြန်ဆုံးပြန်လာကြဖို့ မေတ္တာရပ်ခံအပ်ပါတယ်။

# ရေစကြိုမြို့နယ်၌ သီးထပ်စိုက်ပျိုးသည့်နေကြာခင်းများ အောင်မြင်ဖြစ်ထွန်း



**ရေစကြို ဖေဖော်ဝါရီ ၁၄**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ရေစကြိုမြို့နယ်တွင် ကုလားပဲစိုက်ခင်းများနှင့်အတူ သီးထပ်စိုက်ပျိုးထားသည့် နေကြာစိုက်ခင်းနှင့် ကုလားပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေရာ ထိုသီးနှံများပေါ်ပြီး ရောင်းချချိန် ဈေးနှုန်းကောင်းရရှိရန် မျှော်လင့်နေကြကြောင်း ရေစကြိုမြို့နယ် ဗလဗကျေးရွာ ကုလားပဲစိုက်တောင်သူ ဦးဇော်ဝင်းထံမှ သိရသည်။

ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ကျွန်းတောင်သူများသည် မြစ်ရေကျချိန်တွင် ကုလားပဲအမြောက်အမြား စိုက်ပျိုးကြပြီး ရေဝတီမြစ်ရေ တက်ချိန်နှင့် ချင်းတွင်းမြစ်ရေတက်ပြီးချိန်များတွင် ကုလားပဲအမြောက်အမြား စိုက်ပျိုးကြကာ တစ်မျိုးတည်းသီးသန့်စိုက်ပျိုးမှုမရှိကြဘဲ နေကြာနှင့်သော်လည်းကောင်း၊ ပဲအမျိုးမျိုးနှင့်သော်လည်းကောင်း စိုက်ပျိုးကြကြောင်း၊ သီးထပ်သီးညှပ်စိုက်ပျိုးကြကာ ကုလားပဲထက်စောပေါ်သည့် သီးနှံများဖြင့်သာ တွဲဖက်စိုက်ပျိုးကြကြောင်း၊ မြစ်ရေကျချိန် စိုက်ပျိုးသည့်အတွက် စိုက်ပျိုးသည့်သီးနှံနှစ်မျိုးလုံး အောင်မြင်ဖြစ်ထွန်းကြကာ ကုလားပဲသီးထပ်သီးညှပ်စိုက်ပျိုးသူများ အဆင်ပြေနေကြကြောင်းနှင့် ကုလားပဲဈေးနှုန်းမှာလည်း ယမန်နှစ်ကထက်ဈေးနှုန်းပိုရသောကြောင့် ကုလားပဲစိုက်တောင်သူများ တွက်ခြေကိုက်နေကြကြောင်း ရေစကြိုမြို့နယ် ဗလဗကျေးရွာ ကုလားပဲစိုက်တောင်သူ ဦးဖိုးကျော်က ပြောကြားသည်။

ရေစကြိုမြို့နယ်တွင် ကုလားပဲစိုက်ပျိုးခြင်းအား ကုန်းခြောက်များတွင်လည်း စိုက်ပျိုးကြကာ မြစ်ရေကျချိန်တွင် အင်းများရေခန်းခြောက်သွားချိန်၊ မြစ်ရေကျချိန်၊ ကျွန်းမြေပေါ်ချိန်များတွင် စိုက်ပျိုးကြကာ ကုလားပဲပေါ်ချိန်တွင်လည်း အချိန်မတူညီဘဲ ပေါ်လေ့ရှိကြောင်း ကုလားပဲစိုက်တောင်သူ ဦးဇော်ဝင်းက ရှင်းပြသည်။

ကုလားပဲစိုက်ပျိုးရာတွင် ကုလားအဖြူလုံးကြီးနှင့် ကုလားပဲအဖြူလုံးသေးနှစ်မျိုးစိုက်ပျိုးကြကြောင်း၊ ကုလားပဲဖြူလုံးသေး တစ်တင်းလျှင် ကျပ်၂၈၀၀၀ ရှိပြီး ယမန်နှစ်က ကုလားပဲဖြူလုံးသေးတစ်တင်းလျှင် ကျပ်၂၆၀၀၀ ရောင်းချရကြောင်း၊ ကုလားပဲဖြူ လုံးကြီးအသစ် တစ်တင်းလျှင် ငွေကျပ် ၂၆၅၀၀ရရှိပြီး ယမန်နှစ်က ကုလားပဲဖြူလုံးကြီးအဟောင်း တစ်တင်းလျှင် ကျပ်၂၄၅၀၀ ရှိခဲ့ကြောင်း၊ ကုလားပဲ တစ်တင်းလျှင် ၁၉ပိဿာချိန်ရပြီး ယမန်နှစ်ကထက် ဈေးနှုန်းပိုရခြင်းကြောင့် ကုလားပဲစိုက်ပျိုးသည့် တောင်သူများ အဆင်ပြေနေကြကာ ရေစကြိုမြို့နယ် ကျွန်းမြေကုလားပဲစိုက် တောင်သူများ ယမန်နှစ်ကထက် အထွက်နှုန်းပိုနိုင်ကြောင်း၊ ဈေးနှုန်းကောင်းရရန်မျှော်လင့်နေကြကြောင်း၊ ရေစကြိုမြို့နယ် ဗလဗကျေးရွာ၊ ဆင်ကြို့ကျေးရွာ၊ ကြူရွာ၊ ကျော်ထင်ကုန်းကျေးရွာ၊ မထီးကျေးရွာ၊ အင်းမ၊ ငါးမြှာလေးကျေးရွာ၊ငါးမြှာကြီးကျေးရွာနှင့်ဇယမကျေးရွာများသည် မြစ်ရေကျချိန်စိုက်ပျိုးသည့် ကုလားပဲနှင့် သီးထပ်၊ သီးညှပ်စိုက်ပျိုးသည့်နေကြာများ အောင်မြင်ဖြစ်ထွန်းနေကြောင်း သိရသည်။

**ဝတီ**



# အညာဒေသ၌ သရက်သီးစိမ်းခေါ် သရက်ကင်း ပေါ်ဦးပေါ်ဖျားစားသုံးသောကြောင့် ဈေးကောင်းရ

**ချောက် ဖေဖော်ဝါရီ ၁၄**

အညာဒေသ၌ သရက်သီးစိမ်းခေါ် သရက်ကင်းများ စတင်ပေါ်နေပြီဖြစ်ရာ ရာသီစာအဖြစ် စားသုံးသောကြောင့် သရက်ကင်း ဈေးကောင်းရလျက်ရှိကြောင်း ရေနံချောင်းမြို့နယ် သရက်ပင်စိုက်ပျိုးသူများထံမှ သိရသည်။

"သရက်သီးစိမ်းခေါ်သရက်ကင်းတွေ စတင်ရရှိနေပါတယ်။ ဖွဲဆော်ဦးအညွန့်အဖူးထွက်တဲ့ သရက်ပင်တွေကပဲ သရက်သီးရနေသေးတာပါ။ အချို့သရက်ပင်တွေက ယခုမှအပွင့်လှိုင်လှိုင်ပွင့်နေသလို သီးကင်းတွေနဲ့ ရှိသေးတယ်။လှိုင်လှိုင် မပေါ်သေးတဲ့အတွက် သရက်သီးစိမ်းဈေးကကောင်းနေတာပါ" ဟု လက်ကားရောင်းဝယ်သူ ကိုဝင်းမြင့်ဌေးက ပြောကြားသည်။

လက်ရှိတွင်ကုန်စိမ်းဈေးကွက်သို့သရက် သီးစိမ်းခေါ် သရက်ကင်းဈေးမှာ အသီးအနေအထားပေါ်မူတည်၍ ၁၀ လုံးလျှင် အနိမ့်ဆုံးငွေကျပ် ၅၀၀မှ ၁၀၀၀ အတွင်းရောင်းရကြောင်း၊ ယခင်နှစ်မှသရက်သီး အထွက်ကောင်းသောကြောင့် ဒေသမျိုးဖြစ်သည့် မနော်သရက်သီးအမှည့် ၁၀လုံးလျှင် ငွေကျပ် ၁၅၀၀ သာရရှိပြီး သရက်သီးစိမ်းမှာဈေးကောင်းရကြောင်း သရက်စိုက်သူတစ်ဦးက ပြောကြားသည်။

ဈေးကွက်၌သရက်သီးစိမ်းခေါ် သရက်ကင်းကို အတို့အမြုတ်အဖြစ်လည်းကောင်း၊ သရက်သီးထောင်းအဖြစ် လည်းကောင်း စားသုံးကြကြောင်း သိရသည်။

**ဆန်းညွန့်(ရေနံချောင်း)**

# ဆောင်းကြက်သွန်များဈေးနှုန်းကျဆင်းခြင်းကြောင့် မျိုးစေ့(ပျိုးစေ့)ပျိုးထောင်ရောင်းချ

**ကျောက်ပန်းတောင်း ဖေဖော်ဝါရီ ၁၄**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် ဆောင်းကြက်သွန်အမြောက်အမြား စိုက်ပျိုးကြသည့် ကြက်မောက်တောင်ဆည် ပတ်ဝန်းကျင် ကျေးရွာများသည် ယခုနှစ်တွင် ဆောင်းကြက်သွန်ခေါ်လှောင်ကြက်သွန်နီများ လှောင်ရာသီကုန်ချိန်ထိ ဈေးနှုန်းမကောင်းခြင်းကြောင့် မျိုးစေ့ပျိုးအဖြစ် စိုက်ပျိုးမှုများလာခဲ့ကြောင်း မုန့်ကုန်းကျေးရွာ ဆောင်းကြက်သွန်စိုက်ပျိုးတောင်သူ ဦးမင်းညိုထံမှ သိရသည်။



ကျောက်ပန်းတောင်းမြို့နယ် ဆောင်းကြက်သွန်နီခေါ် လှောင်ကြက်သွန်နီစိုက်ပျိုးကြသည့် ကြက်မောက်တောင်ဆည် ပတ်ဝန်းကျင်ကျေးရွာများ ဖြစ်ကြသော လက်ပံအိုင့်ကျေးရွာ၊ လဲဂွကျေးရွာ၊ ကုန်းတဲ၊ ညောင်ဖြူပင်၊ ဆပ်ပြာကျင်း၊ မုန်းကုန်း၊ ညောင်ချိုင်း၊ ကင် မွန်းခြုံ၊ စည်ပင်သာ၊ မကျီးတိုင်း၊ အိုးအိုင်ကျေးရွာများသည် ဆောင်းကြက်သွန်နီအမြောက်အမြားစိုက်ပျိုးကြသည့်ကျေးရွာများဖြစ်ကြကာ ယခုနှစ်တွင် ဆောင်းကြက်သွန်ရောင်းချချိန် ရာသီကုန်ချိန်ထိ တစ်ပိဿာ ကျပ် ၁၀၀ မှ ကျပ် ၅၀ထိ ဈေးနှုန်းကျဆင်းခဲ့ကာ ကြက်သွန်ဟောင်းများ စိုက်ပျိုးသူ တောင်သူများလက်ထဲနှင့်လှောင်လက်ပွဲစားများဆီ ကျန်ရှိနေခြင်းကြောင့် ကြက်သွန်မျိုးစေ့အတွက် စိုက်ပျိုးမှုများပြားခဲ့ကြောင်း သိရသည်။

ကြက်သွန်ပန်းတစ်ဖူးလျှင် ကြက်သွန်ပျိုးစေ့ ထောင်ချီရှိတတ်ကာ တန်ခူး၊ ကဆုန်လတို့တွင် ခူးဆွတ်ပြီး နေလှန်းအစေ့ထုတ်ကြကြောင်း သိရသည်။

ကြက်သွန်မျိုးပန်းစိုက်ပျိုးရင့်မှည့်ချိန် မိုးမမိရန် အလွန်အရေးကြီးကြောင်း၊ မိုးမိခဲ့လျှင် ကြက်သွန်ပင်ပေါ်မှာ ပင်ရင့်သည့်မျိုးစေ့များ အပင်ပေါက်ကုန်နိုင်ကြောင်း သိရကာ မိုးမမိရန်အလွန်အရေးကြီးကြောင်း ကြက်သွန်စိုက်တောင်သူ ဦးတင်ထွန်းအောင်က ရှင်းပြသည်။

ကြက်သွန်မျိုးစေ့ တစ်ပြည်လျှင် ကျပ် ၅၀၀၀၀ မှ ၈၀၀၀၀ ထိ ရောင်းချရပြီး ကြက်သွန်မျိုးပင်(ပျိုး) ပင်ပေါက်အနေဖြင့် အလျားပေ ၃၀၊ အနံ နှစ်ပေခွဲ တစ်ဘောင်လျှင် ကျပ် ၅၀၀၀၀ ရောင်းချရကြောင်း သိရကာ မြေယာအကျယ်ရှိသူများက ကြက်သွန်မျိုးပန်းစိုက်ပျိုးမှုများကာ ပေါ်လာချိန် ပျိုးဈေးနှုန်းကောင်းရန် မျှော်လင့်နေကြကြောင်း သိရသည်။

**ကိုထိန်**
**(ကျောက်ပန်းတောင်း)**



# ပြောင်းဖူးဈေးကောင်းရ၍ စိုက်ပျိုးသူများအဆင်ပြေ

**မင်းဘူး ဖေဖော်ဝါရီ ၁၄**

ပြောင်းဖူးပင်များသည် မြေကြီးအစိုဓာတ်ရှိပါက တစ်နှစ်ပတ်လုံး စိုက်ပျိုးနိုင်ပြီး ယခုနှစ် ဆောင်းသီးနှံအဖြစ် စိုက်ပျိုးလုပ်ကိုင်သူများသည် ဈေးကောင်းရ သဖြင့် အဆင်ပြေကြောင်း သိရသည်။

ပြောင်းဖူးများတွင် ဖူးစားပြောင်း၊ နှံစားပြောင်း၊ ပြောင်းကြမ်းဟူ၍သုံးမျိုးရှိပြီး ဖူးစားပြောင်းတွင်လည်း သကြားပြောင်းနှင့် ပြောင်းစေးဟူ၍ နှစ်မျိုးရှိသည်။ သကြားပြောင်းနှင့် ပြောင်းစေးများမှာဈေးတူဖြစ်ပြီး တစ်ဖူးလျှင် လက်လီဈေး ကျပ် ၁၃၀ အထိရှိသဖြင့် အခြားသီးနှံများထက် ပို၍တွက်ခြေကိုက်ကြောင်း သိရသည်။

အခြားသီးနှံများမှာ သီးနှံများပေါ်စတွင်သာဈေးကောင်းရရှိကြသော်လည်း နောက်ပိုင်းတွင် ဈေးနှုန်းများ ပြန်လည်ကျဆင်းသွားတတ်သဖြင့် စိုက်ပျိုးသူများ အဆင်မပြေဖြစ်ကြသည်။

ပြောင်းဖူးဈေးကွက်မှာ မိုးဦးပြောင်းဖူးများပေါ်ချိန်တွင် တစ်ဖူးလျှင်ကျပ် ၈၀မှ ၁၀၀ ဈေးသာရောင်းရသော်လည်း ယခုအချိန်အထိ ဈေးကောင်းမြဲဖြစ်ပြီး စိုက် ခင်းများနုတ်သိမ်းပြီးသူများနှင့် ဆောင်းတွင်းစိုက်ပျိုးသူနည်းပါးသဖြင့် တစ်ဖူးလျှင်ကျပ် ၁၂၀ မှ ၁၃၀ အထိ ရရှိသည်။

ဆောင်းသီးနှံအဖြစ် စိုက်ပျိုးလုပ်ကိုင်သူများသည် စိုက်ပျိုးသည့်မြေကောင်း၍ မြေအောက်ရေများဖြင့် ရေသွင်းပြီး စိုက်ပျိုးလုပ်ကိုင်ကြသော်လည်း မိုးတွင်းကာလလောက် အပင်ဖြစ်ထွန်းမှုမရှိတော့ပေ။ သို့သော် ဈေးကောင်းသဖြင့် အဆင်ပြေလျက်ရှိကြကြောင်း မင်းဘူး(စကု)မြို့နယ် ကျောက်တန်း ကျေးရွာ ပြောင်းစိုက်တောင်သူများထံမှ သိရသည်။

**ဇေယျာထက် (မင်းဘူး)**

# မိုင်းယောင်း၌ ရွှေပဲရွက်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**မိုင်းယောင်း ဖေဖော်ဝါရီ ၁၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများတွင် တောင်သူတို့ တစ်ပိုင်တစ်နိုင် စိုက်ပျိုးထားသော ရွှေပဲရွက်စိုက်ခင်းများ ရှင်သန်ပြီး ဝေဝေဆာဆာရှိနေကြသည်ကို တွေ့ရသည်။

မိုင်းယောင်းမြို့နယ်အတွင်းရှိ တောင်သူအများစုမှာ ရွှေပဲရွက်ကို မိသားစုအပိုဝင်ငွေရရှိစေရေးအတွက် အဓိကထားစိုက်ပျိုးကြသည်။ ရွှေပဲရွက်ကို တန်ဆောင်မုန်းလတွင် စတင်စိုက်ပျိုးကြပြီး နတ်တော်လ၊ ပြာသိုလ၊ တပို့တွဲလတို့တွင် အများဆုံးစိုက်ပျိုးကြသည်။ ရရှိသည့် ရွှေပဲရွက်များကို ဈေး၊ ခေါက်ဆွဲဆိုင်များသို့ သွားရောက်ရောင်းချကြသည်။

"ကျွန်တော်တို့ တောင်သူတွေက ရွှေပဲရွက်ကို အဓိကအားထားစိုက်ပျိုးကြရတာက မိသားစုအပိုဝင်ငွေရရှိစေရေးနဲ့ မီးဖိုချောင်အသုံးစရိတ်ကို ကာမိအောင် စိုက်ကြတာပါ။ ရွှေပဲရွက်ပေါ်ချိန်မှာ တစ်ပုံလျှင် ငွေကျပ် ၁၀၀ ရပါတယ်။ တချို့လည်း ခြံထဲအထိ လာရောက်ဝယ်ယူတာတွေလည်း ရှိပါတယ်"ဟု တောင်သူကြီးတစ်ဦးက ပြောကြားသည်။

ရွှေပဲရွက်ကို ရှမ်းခေါက်ဆွဲ၊ ဟင်းရည်၊ တို့စရာ၊ ခေါက်ဆွဲနွဲ့တို့တွင် မိမိကြိုက်နှစ်သက်သလို အမျိုးမျိုး အလွယ်တကူ ပြုလုပ်စားသုံးနိုင်ကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း**

## စက်သုံးဆီဈေးနှုန်းမြင့်တက်မှုကြောင့် Mobile ဈေးကားများ အမြတ်အစွန်းနည်းပါး

**မယ်စဲ့ ဖေဖော်ဝါရီ ၁၄**
ယခုရက်ပိုင်းအတွင်း စက်သုံးဆီဈေးနှုန်းမြင့်တက်မှုကြောင့် လွိုင်ကော်မြို့မှ မယ်စဲ့မြို့နယ်သို့ လာရောက်ရောင်းချသည့် Mobile ဈေးကားများ အမြတ်အစွန်းနည်းပါးကြောင်း ဈေးသည်များထံမှ သိရသည်။

မယ်စဲ့မြို့၌ ယခင်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် နယ်စပ်ဈေး၌ သုံးရက်တစ်ကြိမ် ဖွင့်လှစ်ရောင်းချသော်လည်း ကိုဗစ်-၁၉ ရောဂါကြောင့် ဈေးပိတ်ထားရသဖြင့် လွိုင်ကော်မြို့မှ Mobile ဈေးကားများဖြင့် နေ့စဉ်လာရောက်ရောင်းချလျက်ရှိရာ တစ်နေရာတည်းတွင် အစုံအလင်ဝယ်ယူရသဖြင့် ဒေသခံပြည်သူများနှင့် ဝန်ထမ်းများအနေဖြင့် ဝယ်ယူစားသောက်မှု အဆင်ပြေလျက်ရှိသည်။

"အရင်တုန်းက စက်သုံးဆီ ငွေကျပ် ၂၅၀၀၀ ဖိုးလောက်ဖြည့်ပြီး လွိုင်ကော်ကနေ လမ်းတစ်လျှောက် ရွာတွေကို ရောင်းလာတယ်။ စက်သုံးဆီဖိုး၊ စားစရိတ် ဖယ်လိုက်ရင် အမြတ်ငွေကျပ် ၅၀၀၀၀ ပတ်ဝန်းကျင်လောက် ကျန်တဲ့အတွက် အဆင်ပြေတယ်။ အခုရက်ပိုင်း စက်သုံးဆီဈေးတွေက ထက်ဝက်နီးပါးလောက်တက်သွားတော့ ဟင်းသီးဟင်းရွက် များများရောင်းရရင်တော့ တော်သေးတယ်။ အခြားစားသောက်ကုန်တွေက အမြတ်အစွန်းသိပ်မရှိတော့ တွက်ခြေ မကိုက်ဘူး။ ဈေးရောင်းရတာတော့ ပုံမှန်အေးအေးဆေးဆေးပါပဲ" ဟု Mobile ဈေးကားမှ ဈေးသည်တစ်ဦးက ပြောသည်။

မယ်စဲ့မြို့နယ်၌ ဒေသတွင်းစားဖိုဆောင်ဟင်းသီးဟင်းရွက်စိုက်ပျိုးမှုကို မိသားစုစားသုံးရန်အတွက်သာ တစ်နိုင်တစ်ပိုင် စိုက်ပျိုးကြရာ ဒေသထွက်ဟင်းသီးဟင်းရွက် ဖူလုံမှုမရှိခြင်းကြောင့် Mobile ဈေးကားများမှ အသားငါး၊ ဟင်းသီးဟင်းရွက်၊ ကြက်သွန်ဖြူ/နီ၊ အာလူး၊ ပဲပုပ်၊ မုန့်ပဲသရေစာများ၊ အခြားစားသောက်ကုန်များအပြင် ဘုရားပန်းမှအစ စုံလင်သဖြင့် လွိုင်ကော်မှလာရောက်ရောင်းချသည့် ဈေးကားများကိုသာ စောင့်မျှော်ဝယ်ယူရသောကြောင့် မယ်စဲ့မြို့ ပတ်ဝန်းကျင်ဒေသရှိ ကျေးရွာများတွင် ဟင်းသီးဟင်းရွက်များကို တိုးချဲ့စိုက်ပျိုးခြင်းဖြင့် တောင်သူများ ဝင်ငွေတိုးသည့်အပြင် ဈေးကွက်တွင် သန့်ရှင်းလတ်ဆတ်သော ဟင်းသီးဟင်းရွက်များကို စားသုံးနိုင်မည်ဖြစ်ကြောင်း မယ်စဲ့မြို့၌ တာဝန်ကျဝန်ထမ်းတစ်ဦးက ပြောသည်။

ဝတ်ရည်(ပြန်/ဆက်)

■





## ဝန်းသိုမြို့နယ်၌ ကျေးလက်နေပြည်သူများ သောက်သုံးရေရရှိစေရေး လေးလက်မစက်ရေတွင်းတူးဖော်

**ဝန်းသို ဖေဖော်ဝါရီ ၁၄**
စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် မြိုင်ဇေယျာကျေးရွာအတွင်းရှိ အိမ်ခြေ ၇၇ အိမ်၊ ကျေးလက်နေပြည်သူ ၃၉၉ ဦးတို့ကို ရာသီမရွေးသန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိနိုင်ရေးအတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဆိုပါကျေးရွာတွင် လေးလက်မ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းကို ယမန်နေ့က စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ဝန်းသိုမြို့နယ်မှာရှိတဲ့ မြေအောက်မြေလွှာကြောတွေက မာကြောတဲ့ကျောက်လွှာများနဲ့ ဖွဲ့စည်းထားတဲ့အတွက် မြေအောက်ရေကို လွယ်ကူစွာမရရှိနိုင်ဘူး။ အချို့နေရာများမှာဆို ကျောက်အလွှာကြားရှိတဲ့ အက်ကွဲကြောင်းကြားက ယူရတယ်။ အချို့နေရာများက ကျောက်လွှာအောက်ရှိတဲ့ သဲကျောက်လွှာများမှ မြေအောက်ရေကို ထုတ်ယူရပါတယ်။ အဲဒီအတွက် မြေအောက်ရေရရှိနိုင်စွမ်း တိုင်းတာဆောင်ရွက်ခြင်းလုပ်ငန်းကိုလည်း ကျွန်တော်တို့ဝန်ထမ်းတွေက ကွင်းဆင်းဆောင်ရွက်ထားရှိပါတယ်" ဟု မြို့နယ်ကျေးလက်ဦးစီးမှူး ဦးမြတ်မျိုးထွန်းက ပြောသည်။

အဆိုပါကျေးရွာ လေးလက်မစက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းကို တိုင်းဒေသကြီးဘတ်ဂျက်ဖြင့် သိန်းသန်းရတီကုမ္ပဏီက ငွေကျပ် ၁၂ ဒသမ ၅၀ သန်းဖြင့် လုပ်ကိုင်ဆောင်ရွက်နေခြင်းဖြစ်ပြီး စက်ရေတွင်းအပြင် ဆက်စပ်လုပ်ငန်းများဖြစ်သည့် ဂါလန် ၂၀၀၀ ဆံ့ ရေစုကန်တစ်ခု၊ ရေစက်ရုံတစ်ခုတို့ကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းသိရပြီး ဝန်းသိုမြို့နယ်အတွင်း ကျေးရွာပေါင်း ခုနစ်ရွာတို့တွင် ရေရရှိရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ရာသီပေါ်တမာဖူးများ ကျောက်ပန်းတောင်းမြို့ မြို့မဈေးသို့ စတင်ဝင်ရောက်လာ၊ ချိုးယူရောင်းချသူများ မိသားစုအပိုဝင်ငွေရ

**ကျောက်ပန်းတောင်း ဖေဖော်ဝါရီ ၁၄**
မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်ပတ်ဝန်းကျင်ကျေးရွာများမှ ရာသီပေါ်သစ်သီး၊ သစ်ဥ၊ သစ်ဖု၊ အရွက်၊ အဖူးရှာဖွေခူးဆွတ်ရောင်းချ လုပ်ကိုင်စားသောက်နေသည့် ကျေးလက်နေပြည်သူများ တမာဖူး၊ တမာရွက်ခူးဆွတ်ရောင်းချနေခြင်းဖြင့် မိသားစုစားဝတ်နေရေး တစ်ဖက်တစ်လမ်းမှဝင်ငွေရှာဖွေပေးနေကြကြောင်း တမာဖူးခူးယူရောင်းချနေသူများထံမှ သိရသည်။

ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်ပတ်ဝန်းကျင်ကျေးရွာများမှ ရာသီပေါ်သစ်သီး၊ သစ်ဥ၊ သစ်ဖု၊ အရွက်အသီး၊ ခူးဆွတ်ရောင်းချနေသူများ ယခုပေါ်နေသည့် တမာရွက်နု၊ တမာဖူးခူးယူရောင်းချခြင်းဖြင့် မိသားစုအပိုဝင်ငွေရရှိနေကြကြောင်း လက်ပံအိုင့်ကျေးရွာ ဦးမောင်ဆန်းထံမှ သိရသည်။ ပုပ္ပားတောင်ပတ်ဝန်းကျင်ကျေးရွာများဖြစ်သည့် ရွာသစ်ကျေးရွာ၊ ငွေးကုန်းကျေးရွာ၊ လက်ပံအိုင့်ကျေးရွာ၊ လဲဂွကျေးရွာနှင့် လျှော်တော၊ နတ်ကန်လည်၊ ဆင်ဆင်း၊ ဆုံကုန်းကျေးရွာများသည် ဘိုးစဉ်ဘောင်ဆက် ပုပ္ပားတောင်မကြီးကိုအမှီပြု၍ ရာသီပေါ်သီးနှံအမျိုးမျိုးကို ရှာဖွေတူးဖော်ခူးဆွတ်ရောင်းချနေသည့်ကျေးရွာများဖြစ်ကြရာ စားမှိုအမျိုးမျိုး ပေါ်ချိန်၊ မျှစ်ပေါ်ချိန်၊ သမုန်းဖူးပေါ်ချိန်၊ သစ်ယုန်ဖု၊ မျောက်ဥ၊ ကဒူဥ၊ နာနတ်ဥ၊ သမျှားဥ၊ တပင်တိုင်မြနန်းဥ၊ အရိပ်မထွက်(သိကြား စက်)ပင်၊ မာလာဖူး၊ ကတွတ်သီး၊ ညောင်ချဉ်ရွက်၊ ရေကတုံးရွက်၊ တောပိန္နဲသီးများနှင့် တမာဖူး၊ တမာရွက် စသည့် ရာသီပေါ်တောထွက်သစ်ဖု သစ်ဥများကို ရှာဖွေရောင်းချလုပ်ကိုင်နေသည့် ကျေးရွာများဖြစ်ကြကြောင်း သိရသည်။

ခေတ်ကာလရွေ့လျားလာပြီး ဒေသခံများ ပြည်ပထွက်အလုပ်လုပ်ကိုင်ကြခြင်းနှင့် လယ်၊ ယာ၊ ကိုင်း၊ ကျွန်း၊ ဥယျာဉ်ခြံမြေလုပ်ငန်း လုပ်ကိုင်လာခဲ့ကြရာ ရာသီပေါ်သီးနှံထွက်ခူးသည့်အလေ့အကျင့်နည်းပါးလာခဲ့ကြောင်း၊ ရာသီပေါ်သီးနှံ ဆွတ်ခူးရောင်းချသည့်သူများ နည်းသွားခဲ့ကာ အဆိုပါခူးဆွတ်ရောင်းချသူများ တမာဖူး၊ တမာရွက်ပေါ်ချိန် ခူးဆွတ်ရောင်းချခြင်းဖြင့် မိသားစုဝင်ငွေရရှိနေကြကြောင်းသိရသည်။ ပုပ္ပားတောင်ပတ်ဝန်းကျင်ကျေးရွာများသည် တမာရွက်အား စားတမာနှင့် ခြံစည်းရိုးအရိပ်ရတမာဟူ၍ နှစ်မျိုးခေါ်ဆိုကြကာ စားတမာပင်သည် ပင်စည်မကြီးဘဲ အရွက်များလည်း မစိပ်ကာ အဖူး၊ အရွက်ကြီးကြပြီး အရွက်ကြွေရင်း အညွန့်အဖူး တစ်ခါတည်းထွက်ရှိကြောင်း၊ ထိုအဖူးအညွန့်များအားခူးယူကာ ဆီးသီး၊ မန်ကျည်းသီးတို့ဖြင့် ဖြင့်ပြုတ်ကာ ကျောက်ပန်းတောင်းမြို့ မြို့မဈေးသို့လည်းကောင်း၊ ပျံကျဈေးသို့ သွားရောက်ရောင်းချကြကြောင်း၊ တမာရွက် လက်နှစ်လုံးစာတစ်စည်းလျှင် တစ်ရာကျပ်ရောင်းချရကာ တစ်ရက်တောင်ပေါ်တက်ခူးဆွတ်လျှင် နှစ်သောင်းကျပ်မှ သုံးသောင်းကျပ်ဖိုးထိ ခူးယူရရှိကြောင်း သိရသည်။ ခြံစည်းရိုးတမာခေါ် အရိပ်ရတမာပင်သည် အရွက်အားလုံးမကြွေဘဲ အဖူး၊ အပွင့်လိုက်ကြကာ အလွန်အခါးဓာတ်များပြီး မစားကြကြောင်း၊ အရိပ်အတွက်၊ ခြံစည်းရိုးအတွက်သာ စိုက်ပျိုးကြပြီး အပင်အလွန်ကြီးကြောင်း သိရကာ စားတမာဖူးများ ပေါ်ဦးပေါ်ဖျားခူးယူရောင်းချခြင်းဖြင့် မိသားစုဝင်ငွေရရှိနေကြကြောင်း ဦးမောင်ဆန်းက ပြောသည်။



ဝတီ

## သုံးခွမြို့နယ်၌ ပဲတီစိမ်းများ ဈေးကွက်အတွင်း ဝင်ရောက်လျက်ရှိကာ ဈေးနှုန်းကျဆင်း

**သုံးခွ ဖေဖော်ဝါရီ ၁၄**
ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်၌ ပဲတီစိမ်းများ ဈေးကွက်အတွင်း ဝင်ရောက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၁၁ နာရီပေါက်ဈေးမှာ တစ်တင်း ပိဿာ ၂၀ လျှင် ငွေကျပ် ၄၁၀၀၀ ဖြစ်ကြောင်း သိရသည်။ ဖေဖော်ဝါရီ ၁၀ ရက် ဈေးကွက်အတွင်း ဝင်ရောက်ခါစက ငွေကျပ် ၄၃၅၀၀ ဖြစ်သဖြင့် လေးရက်အတွင်း ငွေကျပ် ၂၅၀၀ ကျဆင်းသွားကြောင်း သုံးခွမြို့အမှတ်(၄)ရပ်ကွက်ရှိ Bright Light ပဲမျိုးစုံ ရောင်းဝယ်ရေးကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

သုံးခွမြို့နယ်တွင် ရေဆင်းနှင့်ရွှေဝါအမျိုးအစား ပဲတီစိမ်းနှစ်မျိုးကို အဓိကစိုက်ပျိုးကြပြီး ထိုအထဲမှ ရေဆင်း၊ ပဲတီစိမ်းအမျိုးအစားကို ဦးစားပေးစိုက်ပျိုးကြကြောင်း သိရသည်။ ရေဆင်းပဲတီစိမ်းအမျိုးအစားမှာ အမဲရောင်ဖြစ်ပြီး ကြီးပြီးရှည်၍ ပဲလုံးကြီးကာ အရောင်လှ၊ အရည်အသွေးကောင်းသောကြောင့် ဈေးကွက်တွင် မျက်နှာပန်းလှကြောင်း၊ တရုတ်နိုင်ငံမှ အဝယ်လိုက်ကြောင်း ပဲခူးဆွတ်ရာတွင်လည်း အလွယ်တကူအဆင်ပြေစွာ ခူးဆွတ်နိုင်ကြောင်း သိရသည်။

ပဲတီစိမ်းရွှေဝါအမျိုးအစားမှာ ဥရောပ၊ အီးယူနိုင်ငံများနှင့် ဂျပန်နိုင်ငံတို့မှ အဓိကထားဝယ်ယူကြောင်း သိရသည်။ လက်ပန်စံပြကျေးရွာမှ ရေဆင်းပဲတီစိမ်းအမျိုးအစား ဧက ၂၀ စိုက်ပျိုးသူ ဦးမင်းကိုကိုဦးက "ကျွန်တော့်လယ်က ဒီနေ့မနက်ကစ ခူးဆွတ်နေပြီး ခူးဆွတ်ခကတော့ ပဲတောင့်တစ်တောင်းလျှင် ပဲဆွတ်ခ ငွေကျပ် ၆၅၀ ပေးရကြောင်း၊ နေရာဒေသအကွာအဝေးအလိုက် ပဲဆွတ်ခဈေးနှုန်း ကွာခြားမှုရှိနိုင်ကြောင်း၊ လတ်တလော ပဲဈေးနှုန်းကျဆင်းသဖြင့် အဆင်မပြေကြောင်း၊ ပဲဈေးနှုန်းပြန်ကောင်းဖို့ မျှော်လင့်နေကြောင်း" ပြောကြားခဲ့သည်။ သုံးခွမြို့နယ်တွင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်စိုက်ပျိုး ရာသီတွင် မြို့မနှင့်ကျေးရွာ ၆၄ အုပ်စု၌ ပဲတီစိမ်းစိုက်ဧက ၁၃၀၁၈၃ ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကိုကျော်(သုံးခွ)

# ကမ္ဘာလုံးဆိုင်ရာ ကာကွယ်ဆေးဖြန့်ဖြူးမှုအရေးနှင့်စပ်လျဉ်း၍ ဂျီ-၇ ခေါင်းဆောင်များဆွေးနွေးပွဲကို ဗြိတိန်က အိမ်ရှင်အဖြစ်ကျင်းပမည်

**လန်ဒန် ဖေဖော်ဝါရီ ၁၄**

ကမ္ဘာလုံးဆိုင်ရာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးဖြန့်ဖြူးမှု သာတူညီမျှရှိစေရေးနှင့် အနာဂတ်ကာလတွင် ကိုဗစ်-၁၉ ကပ်ရောဂါအား ကြိုတင်ကာကွယ်နိုင်ရေးကြိုးပမ်းမှုများကို ဂျီ-၇ ခေါင်းဆောင်များနှင့်အတူ အွန်လိုင်းမှတစ်ဆင့် ပြုလုပ်မည့် ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၉ ရက်တွင် ဗြိတိန်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ကြောင်း ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က ပြောကြားခဲ့သည်။

အဆိုပါဆွေးနွေးပွဲသည် ယခုနှစ်အတွင်း ဂျီ-၇ ဥက္ကဋ္ဌအဖြစ် တာဝန်ယူရသည့် ဗြိတိန်နိုင်ငံဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်၏ ပထမဆုံးအကြိမ် လက်ခံကျင်းပရသည့် ဆွေးနွေးပွဲဖြစ်လာလိမ့်မည်ဖြစ်ကြောင်းနှင့် ၂၀၂၀ ပြည့်နှစ်ဧပြီလနောက်ပိုင်း ဂျီ-၇ ခေါင်းဆောင်များ၏ ပထမဆုံးဆွေးနွေးပွဲဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။

ဂျီ-၇ ခေါင်းဆောင်များ ဆွေးနွေးပွဲသို့ ဗြိတိန်နိုင်ငံ၊ ကနေဒါနိုင်ငံ၊ ပြင်သစ်နိုင်ငံ၊ ဂျာမနီနိုင်ငံ၊ အီတလီနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် အမေရိကန်နိုင်ငံတို့မှ နိုင်ငံခေါင်းဆောင်များနှင့် ဥရောပကောင်စီနှင့် ဥရောပကော်မရှင်တို့မှ ဥက္ကဋ္ဌများ တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

ဗြိတိန်နိုင်ငံသည် လူကိုယ်တိုင်တက်ရောက်နိုင်မည့် ဂျီ-၇ ထိပ်သီးအစည်းအဝေးကို နှစ်နှစ်နီးပါးကြာကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ရန်လည်း စီစဉ်လျက်ရှိကြောင်းနှင့် အဆိုပါ ထိပ်သီးအစည်းအဝေးကို လာမည့်ဇွန်လတွင် ကျင်းပရန် မျှော်လင့်လျက်ရှိကြောင်း ဗြိတိန်နိုင်ငံခြားရေး၊ ဓနသဟာယနှင့် ဖွံ့ဖြိုးမှုရုံးက ထုတ်ပြန်သည့်ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်




# အာဖဂန်နစ္စတန်နှင့် အီရန်နယ်စပ်၌ မီးလောင်မှုကြောင့် လောင်စာဆီတင်ယာဉ် ၁၀၀ ထက်မနည်း မီးလောင်ပျက်စီးပြီး လူ ၂၀ ကျော် ဒဏ်ရာရရှိ



**အစ္စလာမ်ကာလာ ဖေဖော်ဝါရီ ၁၄**

အာဖဂန်နစ္စတန်နှင့် အီရန်နယ်စပ်တွင် မီးလောင်မှုဖြစ်ပွားခဲ့ပြီးနောက် လောင်စာဆီတင်ကားအစီးရေ ၁၀၀ ထက်မနည်း မီးလောင်ပျက်စီးခဲ့ပြီး အမေရိကန်ဒေါ်လာသန်းနှင့်ချီ ဆုံးရှုံးမှုဖြစ်ပွားစေခဲ့ကြောင်း တာဝန်ရှိသူများက ယနေ့ပြောကြားသည်။

အဆိုပါ မီးလောင်မှုသည် နိုင်ငံ၏ အနောက်ဘက်ဟီရတ်မြို့မှ ကီလိုမီတာ ၁၂၀ ခန့်အကွာတွင် တည်ရှိသော အစ္စလာမ်ကာလာဆိပ်ကမ်းတွင် ယမန်နေ့ ဒေသစံတော်ချိန် မွန်းလွဲပိုင်းက ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ သို့သော် မီးလောင်မှုကိုမူ ထိန်းချုပ်နိုင်ခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ သိသလောက်ကတော့ မီးလောင်မှုမှာ လောင်စာဆီတင်ကားအစီးရေ ၁၀၀ သို့မဟုတ် ၂၀၀ ထက်မနည်းတော့ မီးလောင်ပျက်စီးသွားတယ်လို့ကြားရပြီး ပျက်စီးဆုံးရှုံးသွားတဲ့ လောင်စာဆီတင်ကားအရေအတွက်လည်း ဒီထက်မက ပိုမိုများပြားနိုင်ပါတယ်။ မီးလောင်မှုနဲ့ပတ်သက်လို့ စုံစမ်းစစ်ဆေးမှုတွေ အခုလုပ်နေပါတယ်" ဟု အခင်းဖြစ်ပွားသည့်နေရာသို့ ရောက်ရှိနေသော ဟီရတ်ပြည်နယ်အုပ်ချုပ်ရေးမှူး၏ ပြောရေးဆိုခွင့်ရှိသူ ဂျိုင်လာနီဖာဟတ်က ပြောကြားသည်။ ထို့အပြင် မီးလောင်မှုတွင် လူ ၂၀ ခန့်ဒဏ်ရာရရှိခဲ့ပြီး ဆေးဝါးကုသမှုခံယူရန် နီးစပ်ရာဆေးရုံများသို့ ပို့ဆောင်ထားကြောင်း ၎င်းက ထပ်မံပြောကြားသည်။

အာဖဂန်နစ္စတန်ဘဏ္ဍာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် ကနဦးသတင်းများအရ အဆိုပါ မီးလောင်မှုသည် လောင်စာဆီတင်ကားတစ်စီးမှ စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ခဏတာအတွင်း အခြားယာဉ်များသို့ ချက်ချင်းကူးစက်ပျံ့နှံ့သွားကာ ငွေကြေးဆုံးရှုံးမှုအများအပြား ဖြစ်ပွားစေခဲ့ကြောင်း သိရသည်။ မီးလောင်မှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုပြုလုပ်ရန် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ဖွဲ့ကို မြို့တော်ကဘူးလ်မှ အခင်းဖြစ်ပွားသည့်နေရာသို့ စေလွှတ်ထားသည်။

အစ္စလာမ်ကာလာဆိပ်ကမ်းသည် အာဖဂန်နစ္စတန်နိုင်ငံရှိ အဓိကဆိပ်ကမ်းများအနက် တစ်ခုအပါအဝင်ဖြစ်သလို အီရန်နိုင်ငံနှင့် အကြီးမားဆုံး တရားဝင်ကုန်သွယ်မှု ပြုလုပ်လျက်ရှိသည့်နေရာဖြစ်သည်။ ထို့အပြင် လောင်ဆာဆီတင် ကားများတွင် မီးလောင်မှုဖြစ်ပွားခဲ့ပြီးနောက် ဟီရတ်ပြည်နယ်ရှိ ဒေသအများစုတွင် လျှပ်စစ်မီးပြတ်တောက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အမေရိကန်ပြည်ထောင်စုသည် အီရန်နိုင်ငံအပေါ် စီးပွားရေးအရ အရေးယူပိတ်ဆို့မှု ချမှတ်ထားသော်လည်း အာဖဂန်နစ္စတန်နိုင်ငံကို သက်ညှာသည့်အနေဖြင့် အီရန်နိုင်ငံမှ ရေနံဆီနှင့် သဘာဝဓာတ်ငွေ့ တင်သွင်းခွင့်ပြုထားကြောင်း သိရသည်။

ကိုးကား-အေအက်ဖ်ပီ
ဘာသာပြန်-ဂျေတီ

# ဗင်နီဇွဲလားနိုင်ငံက Sputnik V ကိုဗစ်ကာကွယ်ဆေး ပထမအသုတ် လက်ခံရရှိဟု ဒုတိယသမ္မတ ရိုဒရီဂွတ်ဇ် ပြော

**ကာရာကတ်စ် ဖေဖော်ဝါရီ ၁၄**

ဗင်နီဇွဲလားနိုင်ငံသည် ယမန်နေ့က ရုရှားနိုင်ငံထုတ် Sputnik V ကိုရိုနာဗိုင်းရပ်စ် ကာကွယ်ဆေးအလုံးရေ ၁၀၀၀၀၀ ပထမအသုတ် လက်ခံရရှိခဲ့ကြောင်း ဒုတိယသမ္မတ ဒယ်စီရိုဒရီဂွတ်ဇ်က နိုင်ငံပိုင်ရုပ်သံဌာနမှတစ်ဆင့် ပြောကြားသည်။

အမေရိကန်နိုင်ငံ၏ ဒဏ်ခတ်အရေးယူမှုများကြောင့် ဗင်နီဇွဲလားနိုင်ငံက ကာကွယ်ဆေးများဝယ်ယူရာတွင် အဟန့်အတားဖြစ်ခဲ့ကြောင်း၊ ပထမအသုတ် ကာကွယ်ဆေးများကို ကျန်းမာရေးလုပ်သားများအား ထိုးနှံပေးမည်ဟု ရိုဒရီဂွတ်ဇ်က ပြောသည်။ Sputnik V ကိုဗစ်ကာကွယ်ဆေးပို့ဆောင်မှုက ရုရှားနှင့် ဗင်နီဇွဲလားနိုင်ငံကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတစ်ရပ်ဖြစ်ကြောင်း ဗင်နီဇွဲလားနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီး ဆာဂျီမီလစ်ဘာဒဆာရော့ဗ်က ပြောသည်။ ဗင်နီဇွဲလားနိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ် ကူးစက်သူ ၁၃၂၂၅၉ ဦးနှင့် သေဆုံးသူ ၁၂၆၇ ဦးရှိပြီး အိမ်နီးချင်းနိုင်ငံများထက် ကိုဗစ်-၁၉ ကူးစက်မှုနှင့် သေဆုံးမှု နည်းပါးသည်။

အတိုက်အခံများ၏ အတည်ပြုချက်ဖြင့် ပြည်ပငွေစာရင်းများမှ ငွေကြေးများသုံးစွဲ၍ ကိုဗစ်ကာကွယ်ဆေး အလုံးရေ ၁၂ သန်း ဝယ်ယူရန် ဗင်နီဇွဲလား အစိုးရနှင့် အတိုက်အခံများက Pan-American ကျန်းမာရေးအဖွဲ့အစည်းနှင့် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည်။

ကိုးကား-ဘလွန်းဘာဂ်
ဘာသာပြန်-ကျော်ထိုက်စိုး




# ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၁၀၄၃ ဦး ထပ်မံသေဆုံး



**ရီယိုဒီဂျနေးရိုး ဖေဖော်ဝါရီ ၁၄**

ဘရာဇီးနိုင်ငံတွင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၁၀၄၃ ဦး ထပ်မံသေဆုံးခဲ့ရာ ဗိုင်းရပ်စ်ကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၂၃၈၆၄၇ ဦး ရှိလာခဲ့ပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးရကိန်းဂဏန်းများအရ သိရသည်။

ထို့ပြင် နေ့စဉ်သေဆုံးမှုနှုန်းမှာ ၁၀၀၀ ကျော်ရှိလာခဲ့သည် ငါးရက်ဆက်တိုက်ဖြစ်ကြောင်း တွေ့ရှိရသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ဗိုင်းရပ်စ်ကူးစက်ခံရသူ ၄၄၂၉၉ ဦး ထပ်မံတွေ့ရှိခဲ့သည့်အတွက် ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၉၈၀၉၇၅၄ ဦးရှိလာခဲ့ပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

ဘရာဇီးနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် သေဆုံးမှုအများဆုံးနိုင်ငံများအနက် အမေရိကန်နိုင်ငံပြီးနောက် ဒုတိယမြောက် သေဆုံးမှုအများဆုံးနိုင်ငံဖြစ်သည်။ ဗိုင်းရပ်စ်ကူးစက်မှု အများဆုံးနိုင်ငံများအနက် အမေရိကန် နှင့် အိန္ဒိယနိုင်ငံများပြီးနောက် တတိယမြောက် ဗိုင်းရပ်စ်ကူးစက်မှုအများဆုံး နိုင်ငံဖြစ်သည်။

ဘရာဇီးနိုင်ငံအတွင်းရှိ ဗိုင်းရပ်စ်ကူးစက်မှု အဆိုးရွားဆုံးခံစားရသည့် ပြည်နယ်များအနက် လူဦးရေအများဆုံးဖြစ်သည့် ဆော်ပေါလိုပြည်နယ်တွင် ဗိုင်းရပ်စ်ကူးစက်မှုအများဆုံးဖြစ်သည်။ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၉၁၁၄၁၁ ဦးရှိပြီး သေဆုံးသူ ၅၆၁၉၁ ဦးရှိကြောင်း သိရသည်။ ရီယိုဒီဂျနေးရိုးပြည်နယ်တွင် ဗိုင်းရပ်စ်ကူးစက်ခံရသူ ၅၅၄၀၄၀ ဦးရှိပြီး သေဆုံးသူ ၃၁၃၈၃ ဦးရှိကြောင်း သိရသည်။

လက်ရှိအချိန်အထိ နိုင်ငံလူဦးရေ ငါးသန်းကျော် (၂ ဒသမ ၃၈ ရာခိုင်နှုန်း) အား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအကြိမ်ထိုးနှံပေးပြီးဖြစ်ပြီး ပြည်သူ ၁၈၉၁၀၀ အား ကာကွယ်ဆေးဒုတိယအကြိမ် ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အောင်ကျော်ကျော်

ကြေးမုံ



# အမေရိကန်ပါလီမန်အဆောက်အအုံ စီးနင်းမှုဖြစ်စဉ်အပေါ် စွပ်စွဲခံထားရသည့် သမ္မတဟောင်းထရမ့်အား အမေရိကန်ဥပဒေပြုလွှတ်တော်က တရားသေလွှတ်ပေး




**ဝါရှင်တန် ဖေဖော်ဝါရီ ၁၄**

ဇန်နဝါရီ ၆ ရက်တွင်ဖြစ်ပွားခဲ့သည့် အမေရိကန်ပါလီမန်အဆောက်အအုံသို့ ဝင်ရောက်စီးနင်းမှုဖြစ်စဉ်နှင့် ပတ်သက်ပြီး အဓိကသွေးထိုးလှုံ့ဆော်သူဟု စွပ်စွဲခြင်းခံထားရသည့် သမ္မတဟောင်း ဒေါ်နယ်ထရမ့်အား အမေရိကန်ဥပဒေပြုလွှတ်တော်က ယမန်နေ့တွင် တရားသေလွှတ်ပေးခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အဆိုပါစွပ်စွဲချက်အပေါ် တရားခွင်ကြားနာမှုကို ဖေဖော်ဝါရီ ၉ ရက်တွင် စတင်ခဲ့ပြီး နိုင်ငံတစ်ဝန်းသို့ တိုက်ရိုက်ထုတ်လွှင့်ပြသခဲ့သည်။

တရားခွင်ကြားနာမှုတွင် အစိုးရရှေ့နေများအဖြစ် ဆောင်ရွက်ကြသော အောက်လွှတ်တော်မှ ဒီမိုကရက်တစ်လွှတ်တော်အမတ်များက ဇန်နဝါရီ ၆ ရက်တွင်ဖြစ်ပွားခဲ့သည့် ပါလီမန်အဆောက်အအုံဝင်ရောက်စီးနင်းခဲ့သည့် မှတ်တမ်းတင် ဗီဒီယိုဖိုင်များကိုပြသကာ သမ္မတဟောင်းထရမ့်အား စွပ်စွဲထားသည့်အမှုကို စတင်စစ်ဆေးခဲ့သည်။

လူငါးဦးသေဆုံးခဲ့ပြီး အများအပြား ထိခိုက်ဒဏ်ရာရရှိခဲ့သည့် အဆိုပါ စီးနင်းမှုဖြစ်စဉ်တွင် သမ္မတဟောင်းထရမ့်သည် အဓိကကြိုးကိုင်လှုပ်ရှားသူနှင့် ၎င်း၏ထောက်ခံသူများအား သွေးထိုးလှုံ့ဆော်ပေးသူအဖြစ် ဒီမိုကရက်တစ်လွှတ်တော်အမတ်များက စွပ်စွဲခဲ့သည်။

ထို့နောက် ဒီမိုကရက်တစ်များနှင့် ရီပတ်ဘလီကန်လွှတ်တော်အမတ်များ အပြန်အလှန်ချေပပြောဆိုခဲ့ပြီးနောက် မဲခွဲဆုံးဖြတ်ခဲ့ရာ ရီပတ်ဘလီကန်လွှတ်တော်အမတ်ခုနစ်ဦးအပါအဝင် လွှတ်တော်အမတ် ၅၇ ဦးက သမ္မတဟောင်းထရမ့်တွင် အပြစ်ရှိကြောင်းနှင့် ပြစ်ဒဏ်ကျခံစေရမည်ဟု ဆန္ဒမဲပေးခဲ့ကြသည်။ သို့သော် အဆိုပါ ဆန္ဒမဲပေးသည့်အရေအတွက်မှာ သုံးပုံနှစ်ပုံ မပြည့်မီသည့်အတွက် ဥပဒေပြုလွှတ်တော်က သမ္မတဟောင်းထရမ့်အား တရားသေလွှတ်ပေးကြောင်း စီရင်ချက်ချမှတ်ခဲ့သည်။

သမ္မတဟောင်း ထရမ့်သည် တရားစွဲဆိုမှု နှစ်ကြိမ်ခံခဲ့ရပြီး အပြစ်မရှိကြောင်းထင်ရှားသဖြင့် တရားသေလွှတ်ပေးခြင်းခံခဲ့ရသည့် အမေရိကန်နိုင်ငံ၏ ပထမဆုံးသမ္မတတစ်ဦး ဖြစ်လာခဲ့သည်။

ကိုးကား – အင်န်အိတ်ချ်ကေ
ဘာသာပြန် – အောင်ကျော်ကျော်

# ဂျပန်နိုင်ငံ၌ ရစ်ချ်တာစကေး ၇ ဒသမ ၃ အဆင့်ရှိ အင်အားပြင်းငလျင်တစ်ခု လှုပ်ခတ်

**တိုကျို ဖေဖော်ဝါရီ ၁၄**

ဂျပန်နိုင်ငံအရှေ့မြောက်ပိုင်းတွင် ရစ်ချ်တာစကေး ၇ ဒသမ ၃ အဆင့်ရှိ အင်အားပြင်းငလျင်တစ်ခု လှုပ်ခတ်ခဲ့ကြောင်း ယမန်နေ့သတင်းများအရ သိရသည်။

အဆိုပါငလျင်သည် ယမန်နေ့ ဒေသစံတော်ချိန် ည ၁၁ နာရီ ၇ မိနစ်တွင် ဂျပန်နိုင်ငံ ဖူကူရှီးမားပြည်နယ်သို့ ဦးတည်လှုပ်ခတ်ခဲ့ခြင်းဖြစ်ပြီး ငလျင်သက်ရောက်မှု မြေအောက်အနက်မှာ ၅၅ ကီလိုမီတာအထိရှိကြောင်း သိရသည်။



**ဆက်လက်လှုပ်ခတ်လာနိုင်**

ငလျင်လှုပ်ခတ်ပြီးနောက် နောက်ဆက်တွဲငလျင်ငယ်များ ဆင့်ကဲဖြစ်ပေါ်ခဲ့ကြောင်း အာဏာပိုင်များက ဆိုသည်။ ယခုရက်သတ္တပတ်အတွင်း နောက်ဆက်တွဲငလျင်များ ဆက်လက်လှုပ်ခတ်လာနိုင်ဖွယ်ရှိသည့်အတွက် ပြည်သူများအား နိုးနိုးကြားကြားနေရန် မိုးလေဝသအေဂျင်စီက သတိပေးပြောကြားထားသည်။

သို့သော် ငလျင်လှုပ်ခတ်မှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဆူနာမီရေလှိုင်းအရေးပေါ်သတိပေးချက်ကို ထုတ်ပြန်ထားခြင်းမရှိကြောင်း သိရသည်။

ငလျင်လှုပ်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများကို အတိအကျမသိရှိရသေးသော်လည်း ငလျင်ဗဟိုချက်နှင့် နီးသော ဒေသများတွင် လူနေအိမ်များပြိုကျပျက်စီးခဲ့ပြီး မြေပြိုမှုများဖြစ်ပွားခဲ့ကြောင်း မိုးလေဝသအေဂျင်စီ တာဝန်ရှိသူ ကာမာယာနိရိကိုက ဆိုသည်။

အဆိုပါငလျင်လှုပ်ခတ်မှု၏ ပြင်းအားကို ဂျပန်နိုင်ငံ၏ ငလျင်သတ်မှတ်ချက် (သုည မှ ခုနစ်အဆင့်)ဖြင့် တိုင်းတာခဲ့ရာ မီယာဂီစီရင်စုရှိ ဇိုမြို့၊ ဖူကူရှီးမားစီရင်စု၏ ဆိုမာမြို့နှင့် အခြားမြို့နှစ်မြို့တို့၌ အဆင့် ၆ ထက်ကျော်လွန်ကြောင်း တွေ့ရှိရပြီး မီယာဂီနှင့် ဖူကူရှီးမားစီရင်စုများရှိ မြို့ပေါင်း ၂၀ ကျော်တွင် ငလျင်ပြင်းအား အဆင့် ၆ ထက် အနည်းငယ်လျော့နည်းကြောင်း တွေ့ရှိရသည်။ ဟော့ကိုင်းဒိုးမှ အီချီစီရင်စုအတွင်းရှိ ဒေသများတွင် ငလျင်ပြင်းအား အဆင့် ၃ သာရှိကြောင်း တွေ့ရသည်။

ငလျင်လှုပ်ခတ်မှုကြောင့် ဆူနာမီရေလှိုင်းအန္တရာယ်မရှိကြောင်းနှင့် နျူကလီးယား ဓာတ်အားပေးစက်ရုံများ၏ အခြေအနေမှာ ပုံမှန်အတိုင်းပင်ဖြစ်ပါကြောင်း ဝန်ကြီးချုပ်ဆူဂါက မီဒီယာသို့ ပြောကြားခဲ့သည်။

ဂျပန်အစိုးရအဖွဲ့က ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန် ယနေ့အစည်းအဝေးတစ်ရပ်ကျင်းပခဲ့သည်။ ငလျင်လှုပ်ခတ်မှုကြောင့် ကြီးမားသောပျက်စီးဆုံးရှုံးမှုများမရှိခဲ့ကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီး ကီရှီနိုဘူရိုက ဆိုသည်။

ဂျပန်အစိုးရအဖွဲ့အနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အေဂျင်စီများအပါအဝင် ဒေသခံများနှင့် ပူးပေါင်းကာ ပျက်စီးဆုံးရှုံးမှုများနှင့်ပတ်သက်သည့် သတင်းအချက်အလက်များရရှိရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဝန်ကြီး ကီရှီက ပြောကြားခဲ့သည်။

**မြေထိန်းနံရံများ ပြိုကျပျက်စီး**

ငလျင်လှုပ်ခတ်မှုကြောင့် ဂျိုဘန် အဝေးပြေးလမ်းမများ အနည်းငယ်ထိခိုက်ပျက်စီးသွားခဲ့ပြီး လမ်းမကြီး၏ မြေထိန်းနံရံများ ပြိုကျပျက်စီးကာ မြေကြီးများ လမ်းမပေါ်သို့ ဖုံးလွှမ်းလျက်ရှိသည်ကို တွေ့ရှိရကြောင်း အင်န်အိတ်ချ်ကေ ရုပ်သံသတင်းထောက်တစ်ဦးက သတင်းတင်ဆက်ခဲ့သည်။ ထို့ပြင် အဆိုပါ အဝေးပြေးလမ်းမ၏ လမ်းပိုင်းတစ်နေရာတွင် ၁၀ မီတာအမြင့်ခန့် မြေကြီးများမြင့်တက်လာခဲ့သည်ကို တွေ့ရှိရကြောင်း မီယာဂီစီရင်စုရှိ ဒေသန္တရရဲအရာရှိများက ဆိုသည်။

ငလျင်လှုပ်ခတ်မှုကြောင့် တိုဟိုကုဒေသရှိအဝေးပြေးလမ်းမများကို ယာယီပိတ်သိမ်းထားမည်ဖြစ်ကြောင်း အရှေ့နိပွန်အဝေးပြေးလမ်းမကုမ္ပဏီက ဆိုသည်။

မီယာဂီစီရင်စုတွင် အနည်းဆုံး ပြည်သူ ၃၁ ဦး ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း မီးသတ်ဌာနတာဝန်ရှိသူများက ပြောကြားခဲ့သည်။ အလားတူ ဖူကူရှီးမားစီရင်စုတွင် အနည်းဆုံး ပြည်သူ ၁၇ ဦး ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

တိုဟိုကုနှင့် ကန်တိုဒေသများတွင် လျှပ်စစ်ဓာတ်အားပေးမှုများ ယာယီပြတ်တောက်သွားခဲ့သည်။ မီယာဂီနှင့် ဖူကူရှီးမားစီရင်စုများရှိ အချို့ဒေသများတွင် ရေပေးဝေမှုစနစ်များ ပြတ်တောက်သွားခဲ့သည်။

ဖူကူရှီးမားနှင့် မီယာဂီစီရင်စုများရှိ ဒေသအချို့တွင် ကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ထားပြီး ကယ်ဆယ်ရေးလုပ်သားများက ငလျင်ဒဏ်သင့် ပြည်သူများအား ပြောင်းရွှေ့ပေးလျက်ရှိကြောင်း သိရသည်။

ကိုးကား – အင်န်အိတ်ချ်ကေ
ဘာသာပြန် – အောင်ကျော်ကျော်

# ဆီးရီးယားနိုင်ငံ၌ ပြည်တွင်းစစ်ပွဲများကြောင့် ပြည်သူ ၁၂ ဒသမ ၄ သန်း အစာရေစာပြတ်လပ်လျက်ရှိ



**ဘေရွတ် ဖေဖော်ဝါရီ ၁၄**

ဆီးရီးယားနိုင်ငံအတွင်း ဖြစ်ပွားလျက်ရှိသည့် ပြည်တွင်းစစ်ပွဲများကြောင့် ပြည်သူ ၁၂ ဒသမ ၄ သန်းသည် စားနပ်ရိက္ခာ ပြတ်လပ်မှုများနှင့် ရင်ဆိုင်နေရကြောင်း ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်၏ ယမန်နေ့ထုတ်ပြန်သည့် အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြထားသည်။

ဆီးရီးယားနိုင်ငံလူဦးရေ၏ ၆၀ ရာခိုင်နှုန်းသည် စားနပ်ရိက္ခာလုံလောက်မှုမရှိကြောင်း အဆိုပါအစီရင်ခံစာအရ သိရသည်။ ယင်းအစီရင်ခံစာကို ၂၀၂၀ ပြည့်နှစ်နှောင်းပိုင်း နိုင်ငံတစ်ဝန်းစစ်ဆေးအကဲဖြတ်မှု၏ ရလဒ်များအပေါ် အခြေခံကာ ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ပြီးခဲ့သောနှစ် မေလအတွင်း၌ စားနပ်ရိက္ခာလုံလောက်မှုမရှိသည့် ပြည်သူ ၉ ဒသမ ၃ သန်းရှိခဲ့ပြီး အဆိုပါနှစ်နှောင်းပိုင်းတွင် အရေအတွက် တိုးတက်လာခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။

ဆီးရီးယားပြည်သူအများစုမှာ အစာရေစာပြတ်လပ်ပြီး ဆင်းရဲနွမ်းပါးမှုဒဏ်ကို ယခင်ကထက် ပိုမိုခံစားနေရကြောင်း ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် ပြောရေးဆိုခွင့်ရှိသူ ဂျက်စီကာ လောဆန်က ပြောကြားခဲ့သည်။

ဆီးရီးယားနိုင်ငံ၏ ၁၀ နှစ်နီးပါးကြာမြင့်ပြီဖြစ်သည့် ပြည်တွင်းစစ်ပွဲများကြောင့် နိုင်ငံ၏ စီးပွားရေးမှာ ဆိုးရွားစွာ ထိခိုက်လျက်ရှိပြီး နိုင်ငံတစ်ဝန်း ငွေကြေးဖောင်းပွမှုများ ဖြစ်ပေါ်လျက်ရှိသည်။

၂၀၂၁ ခုနှစ်အစောပိုင်းတွင် နိုင်ငံတစ်ဝန်းရှိ အစားအစာဈေးနှုန်းများသည် ပြည်တွင်းစစ်ပွဲမဖြစ်မီကာလကထက် ၃၃ ဆ ပိုမိုမြင့်တက်လာခဲ့ကြောင်း ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်ပြောရေးဆိုခွင့်ရှိသူ ဂျက်စီကာ လောဆန်က ပြောကြားခဲ့သည်။

၂၀၁၁ ခုနှစ်ကစပြီး ဆီးရီးယားပြည်တွင်းစစ်ပွဲများကြောင့် ပြည်သူ ၃၈၇၀၀၀ ကျော် သေဆုံးခဲ့ပြီး ပြည်သူ သန်းပေါင်းများစွာ နေရပ်စွန့်ခွာသွားခဲ့ကြောင်း သိရသည်။

ကိုးကား – စီအင်န်အေ
ဘာသာပြန် – အောင်ကျော်ကျော်

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု ကျန်ရှိနေသေးသည့် နိုင်ငံသားများအား ကာကွယ်ဆေးထိုးနှံကြရန် ဂရိဝန်ကြီးချုပ် ပြောကြား



**အေသင် ဖေဖော်ဝါရီ ၁၄**
နိုင်ငံအတွင်းရှိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု ကျန်ရှိနေသေးသည့် နိုင်ငံသားများအနေဖြင့် ကာကွယ်ဆေးထိုးနှံကြရန် ဂရိဝန်ကြီးချုပ် ကိုင်ရီကို့စ်မစ်ဆို တာကစ်က ယမန်နေ့က ပြောကြားသည်။

နိုင်ငံအတွင်း လူပေါင်း ၅၀၀၀၀၀ ခန့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူပြီးသည့်အချိန်တွင် ၎င်းက ယခုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။ "မိမိတို့အနေနဲ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးလက်ခံရရှိတဲ့ ပမာဏအပေါ် မူတည်ပြီး နိုင်ငံသားတွေကို ဆေးထိုးနှံမှုခံယူနိုင်ဖို့ ဆောင်ရွက်နေပါတယ်"ဟု နိုင်ငံအတွင်းရှိ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးစင်တာတစ်ခုသို့ သွားရောက်စဉ်တွင် မစ်ဆိုတာကစ်က ပြောကြားသည်။ အေသင်မြို့တွင် ပြပွဲခန်းမတစ်ခုအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးစင်တာအဖြစ် ပြုလုပ်ပြီး ဖေဖော်ဝါရီ ၁၅ ရက်မှစတင်ပြီး နိုင်ငံသားများအား နေ့စဉ်ကာကွယ်ဆေးထိုးပေးနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

"မိမိတို့အနေနဲ့ နိုင်ငံအတွင်းထိုးနှံပေးနေတဲ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတွေရဲ့ အစွမ်းထက်ထိရောက်မှုကို သံသယရှိနေတဲ့ နိုင်ငံသားတွေကိုပါ ကာကွယ်ဆေးထိုးနှံပေးပြီးတဲ့နောက်မှ ကာကွယ်ဆေးထိုးလုပ်ငန်းတွေကို အပြီးသတ်သွားမှာဖြစ်ပါတယ်"ဟု မစ်ဆိုတာကစ်က ပြောကြားသည်။ နိုင်ငံအတွင်းကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းလုပ်ငန်းကို ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၂၇ ရက်တွင် စတင်ဆောင်ရွက်ခဲ့သည်။

နိုင်ငံအတွင်းရှိ ကျန်းမာရေးဝန်ထမ်းများနှင့် သက်ကြီးစောင့်ရှောက်ရေးဂေဟာများရှိ ဝန်ထမ်းများအား ကာကွယ်ဆေး ပထမဦးစားပေးထိုးနှံပေးခဲ့ပြီး ယခုအချိန်တွင် သက်ကြီးရွယ်အိုများကို ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။ နိုင်ငံအတွင်း လက်ရှိအချိန်တွင် အသွားအလာကန့်သတ်ချက်များ ချမှတ်ထားကြောင်း သိရသည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၇၀၂၄၄ ဦးရှိပြီး သေဆုံးသူ ၆၀၇၇ ဦးရှိကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ

# ပြင်သစ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအကြိမ် ထိုးနှံပြီးသူ ၂ ဒသမ ၈ သန်းကျော် ရှိပြီဖြစ်

**ပါရီ ဖေဖော်ဝါရီ ၁၄**
ပြင်သစ်နိုင်ငံ၌ လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအကြိမ် ထိုးနှံပြီးသူ ၂ ဒသမ ၈ သန်းကျော်ရှိသွားပြီဖြစ်ကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ်စလုံး ထိုးနှံပြီးသူအရေအတွက်မှာ ၆၃၉၈၉၉ ဦးအထိ ရှိပြီဖြစ်ကြောင်း ပြင်သစ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ယနေ့တွင် ပြောကြားခဲ့သည်။

ပြင်သစ်နိုင်ငံသည် မေလမကုန်မီတွင် အသက် ၆၅ နှစ်နှင့်အထက်ရှိသည့် နိုင်ငံသားအားလုံးနှင့် ဩဂုတ်လမကုန်မီတွင် အရွယ်ရောက်ပြီးသူ နိုင်ငံသားအားလုံးကို ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနိုင်ရန် ရည်ရွယ်လျက်ရှိကြောင်း သိရသည်။

ကမ္ဘာတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုကို ထိန်းချုပ်ရန် အခက်ကြုံနေချိန်တွင် အသုံးပြုရန် အတည်ပြုခွင့်ရရှိသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများနှင့်အတူ နိုင်ငံအများအပြားတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုများ ဆောင်ရွက်လျက်ရှိကြောင်းလည်း သိရသည်။

ပြင်သစ်နိုင်ငံ၌ ဖေဖော်ဝါရီ ၁၃ ရက် တစ်ရက်တည်းမှာပင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၁၂၃၁ ဦးအထိ ရှိခဲ့ကြောင်းနှင့် လက်ရှိတွင် နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၃၄၄၈၆၁၇ ဦးအထိ ရှိလာခဲ့ကာ ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသည့် အများဆုံးနိုင်ငံများစာရင်းတွင် ခြောက်နိုင်ငံမြောက်နိုင်ငံဖြစ်လာခဲ့ကြောင်း သိရသည်။

ပြင်သစ်နိုင်ငံ ပြည်သူ့ကျန်းမာရေးအေဂျင်စီ ဝက်ဘ်ဆိုက်၏ ဖော်ပြချက်အရ ဖေဖော်ဝါရီ ၁၃ ရက်အတွင်း နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုကြောင့် သေဆုံးသူ ၁၉၉ ဦးရှိခဲ့ပြီး ဖေဖော်ဝါရီ ၁၂ ရက်က ကူးစက်ခံရသူ ၃၂၀ ရှိခဲ့သဖြင့် သေဆုံးသူ လျော့နည်းလာခဲ့ကြောင်း သိရသည်။

ပြင်သစ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ စုစုပေါင်း ၈၁၆၄၇ ဦးရှိခဲ့ရာ ဗြိတိန်နိုင်ငံနှင့် အီတလီနိုင်ငံပြီးပါက ဥရောပတွင် သေဆုံးမှု တတိယအများဆုံးနိုင်ငံအဖြစ် ရပ်တည်လျက်ရှိကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်



# အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃ ဒသမ ၇၂ သန်းကျော်ရှိလာ

**အဒစ်အဘာဘာ ဖေဖော်ဝါရီ ၁၄**
အာဖရိကတိုက်၌ ယမန်နေ့အထိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၃၇၂၉၀၁၉ ဦးအထိ ရှိလာခဲ့ကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားခဲ့သည်။



အဆိုပါအာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ၏ ပြောကြားချက်အရ အာဖရိကတိုက်တွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ စုစုပေါင်း ၉၇၈၃၂ ဦးအထိ ရှိသွားပြီဖြစ်ကြောင်းလည်း သိရသည်။ ထို့ပြင် အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများအနက်မှ ၃၂၇၁၁၇၀ မှာ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။

အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့် သေဆုံးမှု အများဆုံး နိုင်ငံများစာရင်းတွင် တောင်အာဖရိက၊ မော်ရိုကို၊ တူနီးရှား၊ အီဂျစ်နှင့် အီသီယိုးပီးယားနိုင်ငံတို့ ပါဝင်ပြီး တောင်အာဖရိကနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၄၈၇၆၈၁ ဦး၊ မော်ရိုကိုနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၇၇၆၅၆ ဦး၊ တူနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၂၁၄၅၅ ဦး၊ အီဂျစ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၇၂၆၀၂ ဦးနှင့် အီသီယိုးပီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၄၅၅၄၈ ဦးရှိကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားသည်။

အဆိုပါနိုင်ငံများအနက်မှ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှု အများဆုံးနိုင်ငံဖြစ်သည့် တောင်အာဖရိကနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၄၇၆၇၀ အထိ ရှိလာခဲ့ကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားခဲ့သည်။

အာဖရိကမြောက်ပိုင်းနိုင်ငံများဖြစ်သည့် အီဂျစ်နိုင်ငံနှင့် မော်ရိုကိုနိုင်ငံတို့သည် အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှုတွင် ဒုတိယအများဆုံးနှင့် တတိယအများဆုံးနိုင်ငံများအဖြစ် ရပ်တည်လျက်ရှိပြီး အီဂျစ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၉၈၉၉ ဦးနှင့် မော်ရိုကိုနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၈၄၅၀ ရှိကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အလင်းသစ်

# လက်ဘနွန်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံမှုစတင်

**ဘေရွတ် ဖေဖော်ဝါရီ ၁၄**
လက်ဘနွန်နိုင်ငံသည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ဖေဖော်ဝါရီ ၁၄ ရက်က ကျန်းမာရေးဝန်ထမ်းများအား ထိုးနှံပေးခြင်းဖြင့် စတင်ခဲ့ပြီး ဆေးရုံအများအပြားသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ဆက်လက်ဖြန့်ဖြူးပေးသွားရန် စီစဉ်လျက်ရှိကြောင်း အယ်လ်ဘီစီအိုင် ရုပ်မြင်သံကြားချန်နယ်က သတင်းဖော်ပြခဲ့သည်။

လက်ဘနွန်နိုင်ငံသည် အမေရိကန်ဆေးဝါးကုမ္ပဏီ Pfizer နှင့် ဂျာမနီဆေးဝါးကုမ္ပဏီ BioNTech တို့ ပူးပေါင်းထုတ်လုပ်သည့် Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအသုတ်ကို ဖေဖော်ဝါရီ ၁၃ ရက်တွင် လက်ခံရရှိခဲ့ခြင်းဖြစ်သည်။

လက်ဘနွန်နိုင်ငံသည် အမေရိကန်ဆေးဝါးကုမ္ပဏီ Pfizer နှင့် ဂျာမနီဆေးဝါးကုမ္ပဏီ BioNTech တို့ပူးပေါင်းထုတ်လုပ်သည့် Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အလုံးရေ ၂၈၅၀၀ ကို ပထမအသုတ်အဖြစ် ဖေဖော်ဝါရီ ၁၃ ရက်တွင် လက်ခံရရှိခဲ့ပြီး လာမည့်သီတင်းပတ်များအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ အများအပြား လက်ခံရရှိလိမ့်မည်ဟုလည်း နိုင်ငံ၏ ကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်သူများက မျှော်လင့်ထားသည်။

လက်ဘနွန်နိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၉၀၆ ဦး ရှိခဲ့ကာ နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၃၃၆၉၉၂ ဦးအထိရှိလာခဲ့သည်။ လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၄၆ ဦးရှိခဲ့ခြင်းကြောင့် သေဆုံးသူ စုစုပေါင်း ၃၉၆၁ ဦးအထိရှိလာခဲ့ကြောင်းလည်း သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အလင်းသစ်



## ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

| | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၁၀၉၁၆၉၉၄၇ | ဦး |
| သေဆုံးသူ | ၂၄၀၆၇၁၄ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၈၁၂၁၄၉၈၅ | ဦး |

# မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာစွာ နေထိုင်အိပ်စက်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးတို့အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးဆောင်ရွက်ပေးသွားမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

လက်ရှိအချိန်တွင် နိုင်ငံအတွင်းရှိ အချို့မြို့ကြီးများ၌ ဆူပူဆန္ဒပြမှုများဖြစ်ပေါ်လျက်ရှိပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကို ထိခိုက်ပျက်ပြားစေသည့်အပြင် ရုန်းရင်းဆန်ခတ်မှုအချို့ ဖြစ်ပွားလျက်ရှိပြီး ကောလာဟလများကြောင့် ညပိုင်းတွင် မိဘပြည်သူများ ထိတ်လန့်စိုးရွံ့စွာဖြင့် နေထိုင်ရလျက်ရှိကြောင်း သိရသည်။

ထိုသို့ထိတ်လန့်စိုးရွံ့စွာနေထိုင်နေရသော မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာစွာ နေထိုင်အိပ်စက်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှု ရှိစေရေးတို့အတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့်ပူးပေါင်း၍ ယနေ့ညပိုင်းမှစတင်၍ လုံခြုံရေးအား ပြည့်ဝစွာ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ လုံခြုံရေးပြည့်ဝစွာ ဆောင်ရွက်ပေးမည့်အတွက် မိဘပြည်သူများကလည်း ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ်လုံခြုံရေးတာဝန်များကို ထမ်းဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**






# ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့ရှိ မြို့နယ်အချို့၌ တပ်မတော်ထောက်ခံပွဲပြုလုပ်



**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိသည့် မြန်မာ့တပ်မတော်အား ထောက်ခံပွဲကို ယနေ့တွင် ကရင်ပြည်နယ် ကော့ကရိတ်မြို့၌ အင်အား ၁၀၀၀ ခန့်ဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ် သံတွဲမြို့နယ်၌ အင်အား ၃၀၀၀ ခန့်ဖြင့် လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့၌ အင်အား ၁၂၀၀ ခန့်ဖြင့်လည်းကောင်း၊ သာယာဝတီမြို့၌ အင်အား ၃၅၆ ဦးခန့်ဖြင့်လည်းကောင်း အသီးသီးဆန္ဒဖော်ထုတ်ခဲ့ကြပြီး ဆန္ဒဖော်ထုတ်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ ဆောင်ရွက်လျက်ရှိသည့် မြန်မာ့တပ်မတော်အား ထောက်ခံပါသည်၊ ဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရသစ်အား ကြိုဆိုထောက်ခံပါသည်၊ ဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့် UEC အသစ်အား ကြိုဆိုပါသည်၊ ပြည်ပအားကိုးပုဆိန်ရိုး၊ အမျိုးသားရေးသစ္စာဖောက်များအား အလိုမရှိ၊ မြန်မာပြည်ကြီး ငြိမ်းချမ်းပါစေ၊ မြန်မာပြည်ကြီး အေးချမ်းပါစေ၊ ဥပဒေနှင့်မညီသော ရွေးကောက်ပွဲရလဒ် အလိုမရှိ၊ အမျိုးဘာသာသာသနာကို စောင့်ရှောက်ပေးသော မြန်မာ့တပ်မတော်အား ထောက်ခံပါသည်၊ တပ်မတော်နှင့်ပြည်သူ သွေးခွဲသူ ဒို့ရန်သူ၊ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်ဆောင်ပေးမည့် တပ်မတော်အား ထောက်ခံပါသည် စာသားပါ ဆိုင်းဘုတ်များအား ကိုင်ဆောင်ကြွေးကြော်ခဲ့ကြသည်။

အများပြည်သူများအနေဖြင့် တပ်မတော်က ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်း၍ မဲမသမာမှုဖြစ်စဉ်များအပေါ် ရွေးကောက်ပွဲကော်မရှင်တစ်ရပ်အား ဖွဲ့စည်းကာ စိစစ်နိုင်ရေး ဆောင်ရွက်နေမှုများကို အများပြည်သူများမှ ထောက်ခံသည့် ဆန္ဒဖော်ထုတ်မှုများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တည်ငြိမ်အေးချမ်းရေးကို ပျက်စီးစေလိုသော အဖျက်အမှောင့်သမားများက တုတ်၊ ဓား၊ လေးခွများဖြင့် လာရောက်ပစ်ခတ်နှောင့်ယှက်မှုကြောင့် မန္တလေးမြို့တွင် လုံခြုံရေးတာဝန်ထမ်းဆောင်နေသော တပ်မတော်သား တစ်ဦးနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် တစ်ဦး ထိခိုက်ဒဏ်ရာရရှိ



**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

လက်ရှိအချိန်တွင် နိုင်ငံအတွင်းရှိ အချို့မြို့ကြီးများ၌ ဆူပူဆန္ဒပြမှုများ ဖြစ်ပေါ်လျက်ရှိပြီး ဆူပူဆန္ဒပြသူများတွင် တည်ငြိမ်အေးချမ်းစွာ ဆန္ဒပြသူများနှင့်အတူ အဖျက်အမှောင့်ဖြစ်စေလိုသောစိတ်ဖြင့် အကြမ်းဖက်ဆန္ဒပြသူများ ပါဝင်နေသဖြင့် မိဘပြည်သူများ တစ်စုံတစ်ရာ ထိခိုက်မှုမရှိစေရေး တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက ရပ်ရွာလုံခြုံရေးနှင့် ဆက်သွယ်ရေးလမ်းကြောင်း လုံခြုံရေးတို့အတွက် လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများကို နေ့ညမပြတ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိစဉ် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ဘုန်းတော်တိုးရပ်ကွက်အနီး လုံခြုံရေးတာဝန်ထမ်းဆောင်နေသော တပ်မတော်သားများအား တည်ငြိမ်အေးချမ်းရေးကို ပျက်စီးစေလိုသော အဖျက်အမှောင့်သမားများက ယမန်နေ့ညပိုင်းတွင် ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၁၄၄ ထုတ်ပြန်ထားသည့် လူ ငါးဦး သို့မဟုတ် ငါးဦးထက်ပို၍ လူစုဝေးခြင်းမပြုရန် တားမြစ်ချက်များကို လိုက်နာခြင်းမရှိဘဲ လူစုလူဝေးပြုလုပ်ကာ တုတ်၊ ဓား၊ လေးခွများ ကိုင်ဆောင်၍ လာရောက် နှောင့်ယှက်ပစ်ခတ်ခဲ့သဖြင့် တပ်မတော်သား တစ်ဦးတွင် ဝဲဘက်မျက်လုံး လေးခွထိမှန်ကာ မျက်ကြည်လွှာပျက်စီး (စိုးရိမ်ရ)ဒဏ်ရာရရှိခဲ့သည်။

အလားတူ အောင်မြေသာစံမြို့နယ် နှင်းဆီအိမ်ရာတွင် လုံခြုံရေးဆောင်ရွက်လျက်ရှိသော ရဲတပ်ဖွဲ့ဝင်တစ်ဦးသည် စံပယ်အိမ်ရာကွပ်ကဲမှုရုံးသို့ လုံခြုံရေးအရ သွားရောက်ပူးပေါင်းရန် ကမ်းနားလမ်းအတိုင်း ထွက်ခွာလာစဉ် မင်းတဲအီးကင်းရပ်ကွက် မင်္ဂလာရဲဉ္စန့် ဓမ္မာရုံအနီးသို့အရောက်၌ တည်ငြိမ်အေးချမ်းရေးကို ပျက်စီးစေလိုသော အဖျက်အမှောင့်သမားများက ရပ်ကွက်လုံခြုံရေးဆောင်ရွက်နေသည်ဟု အကြောင်းပြပြီး ဓမ္မာရုံအတွင်း ဖမ်းဆီးခေါ်ဆောင်၍ ဥပဒေမဲ့လုပ်ရပ်များကို ကျူးလွန်ခဲ့ကြသည်။ ထိုသို့ ဖမ်းဆီးခေါ်ဆောင်ထားကြောင်းသိရှိရသဖြင့် တာဝန်ရှိသူများက သွားရောက်ခေါ်ဆောင်ခဲ့ရာ အဆိုပါရဲတပ်ဖွဲ့ဝင်မှာ ၎င်းတို့၏ ဥပဒေမဲ့လုပ်ရပ်များကြောင့် ဖူးရောင်ပေါက်ပြဲဒဏ်ရာများဖြင့် သတိလစ်မေ့မျောလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါ ဒဏ်ရာရရှိခဲ့ကြသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ပြင်ဦးလွင်မြို့ရှိ တပ်မတော်ဆေးရုံသို့ပို့ဆောင်၍ လိုအပ်သည့် ဆေးဝါးကုသခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ပြင်ဦးလွင်တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ကျန်းမာရေးဝန်ထမ်းများအား ပန်ကြားချက်

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအသီးသီးမှ ဆရာဝန်များ၊ သူနာပြုများ၊ ဆေးဘက်ဆိုင်ရာကျွမ်းကျင်ဝန်ထမ်းများ၊ အခြားသော အထောက်အကူပြုဝန်ထမ်းအသီးသီးတို့သည် လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ Coronavirus Disease 2019 (COVID–19) ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ရှေ့တန်းမှစွမ်းစွမ်းတမံ အားထုတ်ကြိုးပမ်း ဆောင်ရွက်ခဲ့မှုများကြောင့် ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

၂။ ယခုအချိန်အခါသည် COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများနှင့် ပြည်သူလူထုအတွက် ကာကွယ်ဆေးထိုးနှံရေး ဆက်လက်ဆောင်ရွက်နေသည့် အချိန်ဖြစ်ခြင်းကြောင့်လည်းကောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုခံယူရန် လိုအပ်နေသော ပြည်သူလူထုအား အချိန်နှင့်တစ်ပြေးညီ ကျန်းမာရေးစောင့်ရှောက်မှုပေးအပ်နိုင်ရန်အတွက်လည်းကောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအသီးသီးမှ ဝန်ထမ်းများအနေဖြင့် လူနာများ၏အကျိုးကို ရှေးရှု၍ မိမိတို့လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက် ထမ်းဆောင်ကြပါရန် အလေးအနက်ထား တိုက်တွန်းနှိုးဆော်ပန်ကြားအပ်ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ၊ (၈)ရက်

# ပြည်သူလူထုထံ ပန်ကြားချက်

ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်

ပြည်သူများ၏ နေ့စဉ်စားဝတ်နေရေးနှင့် စီးပွားရေးလုပ်ငန်းဆောင်တာများ အဆင်ပြေစေရန် ဘဏ်များက နေ့စဉ်ဝန်ဆောင်မှုပေးလျက်ရှိကြပါသည်။ ဘဏ်လုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ခြင်းသည် နိုင်ငံစီးပွားရေး၏ အဓိကအခြေခံလိုအပ်ချက်တစ်ခု ဖြစ်ပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံအတွင်း ဘဏ်လုပ်ငန်းများစနစ်တကျဖြင့် အခြေခိုင်မာစွာ ပုံမှန်လည်ပတ်နိုင်စေရန် ကြီးကြပ်ထိန်းသိမ်း ဆောင်ရွက်လျက်ရှိပါသည်။ ပြည်သူလူထုကလည်း နိုင်ငံ၏စီးပွားရေးတည်ငြိမ်မှုကိုရှေးရှုပြီး ဘဏ်များပုံမှန်လုပ်ကိုင်ဆောင်ရွက်နိုင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

# ဖေဖော်ဝါရီ ၁၄ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၁၆ ဦး တွေ့ရှိ

## COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၄-၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၁၃-၂-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၁၄-၂-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၇၀၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID–19 ရောဂါဓာတ်ခွဲအတည်ပြု လူနာသစ် (၁၆) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၄၇၅,၉၁၀) အား စစ်ဆေးခဲ့ပြီး COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၁,၆၀၁) ဦးရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၂၂၈)ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၀,၃၃၁) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီးဖြစ်ပါသည်။ COVID–19 ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၃,၁၈၉) ဦး ရှိပါသည်။

*** ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တစ်ပြည်လုံးအတိုင်းအတာဖြင့် ဆောင်ရွက်နေသည့် "ပါးစပ်နှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက် (mask and face shield campaign)" ၌ ပါဝင်သော ဆောင်ရွက်ရမည့်အချက်များကို တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းနှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID–19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ ဆောင်ရွက်မှသာလျှင် ရောဂါကူးစက်ပြန့်ပွားမှုကို အမြန်ဆုံးထိန်းချုပ်နိုင်မည်ဖြစ်ပါသည်။**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်–၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၈၁၉၈၅၆၆ | ၁၈၁၅၃၇၀၉ | ၄၉၆၀၆၅ |
| ၂။ | အိန္ဒိယ | ၁၀၉၀၄၉၄၀ | ၁၀၆၁၁၇၃၁ | ၁၅၅၆၇၃ |
| ၃။ | ဘရာဇီး | ၉၈၁၁၂၅၅ | ၈၇၁၀၈၄၀ | ၂၃၈၆၄၇ |
| ၄။ | ရုရှား | ၄၀၇၁၈၈၃ | ၃၅၉၃၁၀၁ | ၈၀၁၂၆ |
| ၅။ | ဗြိတိန် | ၄၀၂၇၁၀၆ | ၂၁၂၅၃၃၁ | ၁၁၆၉၀၈ |
| ၆။ | ပြင်သစ် | ၃၄၄၈၆၁၇ | ၂၃၈၇၅၃ | ၈၁၆၄၇ |
| ၇။ | စပိန် | ၃၀၅၆၀၃၅ | စိစစ်ဆဲ | ၆၄၇၄၇ |
| ၈။ | အီတလီ | ၂၇၁၀၈၁၉ | ၂၂၁၆၀၅၀ | ၉၃၃၅၆ |
| ၉။ | တူရကီ | ၂၅၇၉၈၉၆ | ၂၄၆၈၄၁၉ | ၂၇၃၇၇ |
| ၁၀။ | ဂျာမနီ | ၂၃၃၆၉၈၉ | ၂၁၁၉၁၀၀ | ၆၅၄၂၂ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်–၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၁၂၁၇၄၆၈ | ၁၀၂၅၂၇၃ | ၃၃၁၈၃ |
| ၂။ | ဖိလစ်ပိုင် | ၅၄၉၁၇၆ | ၅၁၁၇၄၃ | ၁၅၅၁၅ |
| ၃။ | မလေးရှား | ၂၆၄၂၆၉ | ၂၁၃၈၁၄ | ၉၆၅ |
| ၄။ | မြန်မာ | ၁၄၁၆၀၁ | ၁၃၀၃၃၁ | ၃၁၈၉ |
| ၅။ | စင်ကာပူ | ၅၉၈၀၀ | ၅၉၆၀၄ | ၂၉ |
| ၆။ | ထိုင်း | ၂၄၅၇၁ | ၂၂၁၁၁ | ၈၀ |
| ၇။ | ဗီယက်နမ် | ၂၂၂၈ | ၁၅၃၂ | ၃၅ |
| ၈။ | ကမ္ဘောဒီးယား | ၄၇၉ | ၄၆၃ | ၀ |
| ၉။ | ဘရူနိုင်း | ၁၈၄ | ၁၇၅ | ၃ |
| ၁၀။ | လာအို | ၄၅ | ၄၁ | ၀ |






## စစ်တွေမြို့ အောင်မြေဗောဓိသာသနာ့ရိပ်သာ အလိုတော်ပြည့်ကျောင်းတိုက်ရှိ ဝိဇယသုခကာရီ သိမ်တော်ကြီးအား အသစ်ပြန်လည်မွမ်းမံခြင်း ရေစက်ချမင်္ဂလာပြုလုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

ရခိုင်ပြည်နယ် စစ်တွေမြို့ အောင်မြေဗောဓိသာသနာ့ရိပ်သာ အလိုတော်ပြည့်ကျောင်းတိုက်ရှိ ဝိဇယသုခကာရီ သိမ်တော်ကြီးအား အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ စစ်တွေတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ၏ လှူဒါန်းမှုဖြင့် အသစ်ပြန်လည်မွမ်းမံရေစက်ချမင်္ဂလာကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်းတိုက်၌ ပြုလုပ်သည်။

ဦးစွာ အောင်မြေဗောဓိသာသနာ့ရိပ်သာ အလိုတော်ပြည့် ဆရာတော် ဘဒ္ဒန္တ ပညာဇောတ၊ တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် အဖွဲ့ဝင်များက ဝိဇယသုခကာရီ သိမ်တော်ကြီး ကမ္ပည်းစာအား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းကြသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဝိဇယသုခကာရီသိမ်တော်ကြီးအား ရေစက်ချမင်္ဂလာပြုလုပ်ကာ အလိုတော်ပြည့် ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များထံမှ မေတ္တာသုတ်ပရိတ်တရားတော်များ နာယူကြသည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များက ဝိဇယသုခကာရီ သိမ်တော်ကြီး အသစ်ပြန်လည်မွမ်းမံရန်အတွက် အလှူငွေကျပ်သိန်း ၄၀ ကို ဂေါပကအဖွဲ့ထံပေးအပ်လှူဒါန်းပြီး သံဃာတော်များအား အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





## တောင်ကြီးမြို့ ဘုရားဖြူရပ်ကွက်ရှိ ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော်အား သွားရောက်ဖူးမြော်

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ဘုရားဖြူရပ်ကွက်ရှိ ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် ဒေါက်တာဓမ္မသာမိ(အောက်စဖို့စ်ဆရာတော်) အမှူးပြုသော သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်ဇော်အေး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် နီလင်းအောင်နှင့်အဖွဲ့ဝင်များက သွားရောက်ဖူးမြော်သည်။

ဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး အောင်ဇော်အေး၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များက ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးများအား နဝကမ္မအလှူငွေများ၊ လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အခြေခံပညာကျောင်းများ၌ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာရေးအတွက် စုပေါင်းသန့်ရှင်းရေးပြုလုပ်



**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် စာသင်ကြားမှုများအား ရပ်ဆိုင်းထားရှိခဲ့ရပြီး ကျောင်းသား ကျောင်းသူများ၏ ပညာသင်ကြားရေးတွင် နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပေါ်ခဲ့သည်။ ယခုအခါတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကို အထိုက်အလျောက် ထိန်းချုပ်လာနိုင်ပြီဖြစ်သဖြင့် စာသင်ကျောင်းများအား ဖွင့်လှစ်ခွင့်ရရှိပါက ကျောင်းသားကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်စေရန်နှင့် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစေရေးအတွက် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများက အခြေခံပညာကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများနှင့် လိုအပ်သည့်ထိန်းသိမ်းစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ရှိ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း၌ လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်း၌ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး နန်းမြို့တွင်းရှိ အခြေခံပညာကျောင်းများ၌ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ အခြေခံပညာအထက်တန်းကျောင်း(နတ်စင်ကုန်း)နှင့် ကရင်ပြည်နယ် သံတောင်ကြီးမြို့ရှိ အခြေခံပညာအထက်တန်းကျောင်း(ဘုရင့်နောင်)တို့၌ လည်းကောင်း သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများက ကျောင်းဝင်းများအတွင်းရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ စာသင်ဆောင်များအား ဆေးများပြန်လည်သုတ်ပေးခြင်းနှင့် စာသင်ဆောင်များ အတွင်း၊ အပြင် သန့်ရှင်းရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသခံပြည်သူ လူနာများအား တပ်မတော်ဆေးရုံများ၌ လက်ခံကုသ

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးဆိုင်ရာအခက်အခဲများကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုစေရန်အတွက် မြို့နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများ၌ ယာယီကုသရေးဆေးရုံများဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိပြီး ပြင်ပမှဆရာဝန်များသည်လည်း ၎င်းတို့၏သဘောဆန္ဒအလျောက် ကုသရေးလုပ်ငန်းများတွင် လာရောက်ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယင်းသို့ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများသို့ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၈၅၈၁ ဦး၊ အတွင်းလူနာ ၂၀၆၄ ဦးကို လွှဲပြောင်းခဲ့ပြီး တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ပြည်သူများကို ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ခွဲစိတ်ရန် လိုအပ်သည့်လူနာများအား ခွဲစိတ်ပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့်လူနာများကို ဆေးရုံတင်ကာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းနှင့် ဆေးရုံတက်လူနာများနှင့် လူနာစောင့်များနေထိုင်စားသောက်ရေး အဆင်ပြေစေရန်အတွက် စီမံဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ လာရောက်ကုသမှုခံယူလျက်ရှိသည့် လူနာများအနက် အကြီးစားခွဲစိတ်ကုသရန် လိုအပ်သူ ၃၇၁ ဦး၊ အသေးစားခွဲစိတ်ကုသရန်လိုအပ်သူ ၁၇၅ ဦး စုစုပေါင်း ၅၄၆ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီး စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ်ကုသပေးလျက်ရှိသည်။ ယင်းအပြင် ကလေးမီးဖွားရန် အခက်အခဲဖြစ်နေသည့် မွေးလူနာများကို တပ်မတော်ဆေးရုံအသီးသီးတွင် တက်ရောက်စေလျက်ရှိပြီး ၎င်းတို့အနက် ၂၂၈ ဦးကို ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ကာ ၃၅၀ ကို သာမန်မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ အနာဂတ်မျိုးဆက်သစ် ကလေးငယ် ၅၇၈ ဦးကို မွေးဖွားနိုင်ခဲ့သည်။

တိုင်းရင်းသားပြည်သူများအနေဖြင့် ကျန်းမာရေးဆိုင်ရာအခက်အခဲများ ဖြစ်ပေါ်လာပါက နီးစပ်ရာ တပ်မတော်ဆေးရုံများသို့ အချိန်မရွေး ဆက်သွယ်ဆေးကုသမှုခံယူနိုင်ကြောင်းနှင့် သက်ဆိုင်ရာဆေးရုံများမှလည်း လွှဲပြောင်းကုသမှုခံယူနိုင်ကြောင်း သိရသည်။

ယနေ့တွင် သက်ဆိုင်ရာမြို့နယ်များရှိ နယ်မြေခံ တပ်မတော်ဆေးရုံများသို့ ဆေးရုံလာရောက်ပြသသူများနှင့် ဆေးရုံတက်လူနာများအား သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ဆေးရုံတက်ရောက်ကုသမှု ခံယူနေသောလူနာများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# တောင်ကြီးမြို့ပေါ်ရှိ သံဃာအဖွဲ့အစည်းဝင် ဆရာတော်ကြီးများထံမှ ဩဝါဒခံယူ



**တောင်ကြီး ဖေဖော်ဝါရီ ၁၄**

သံဃာအဖွဲ့အစည်းဝင် ဆရာတော်ကြီးများထံမှ ဩဝါဒခံယူခြင်းကို ယနေ့နံနက် ၁၀ နာရီက တောင်ကြီးမြို့ ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တရားတော်များ နာယူကြည်ညို**

အခမ်းအနားတွင် ဆရာတော် သံဃာတော်များ၊ ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်းနှင့်အဖွဲ့ဝင်များ အမှူးပြုသော ဧည့်ပရိသတ်များက နမောတဿ သုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး တောင်ကြီးမြို့ စွန်းလွန်းဂူ ကမ္မဋ္ဌာန်းကျောင်းတိုက်ဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ၊ မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ အဂ္ဂဓမ္မာဘိဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကာ ဆရာတော်သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူအပ်သော မေတ္တာသုတ်တရားတော်များ နာယူကြည်ညိုကြသည်။

**ဆက်ကပ်လှူဒါန်း**

ဆက်လက်၍ ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်းက ဆရာတော်ကြီးများထံ လမ်းညွှန်ဩဝါဒ ချီးမြှင့်ပေးနိုင်ပါရန် လျှောက်ထားပြီး ဆရာတော်ကြီးများထံမှ ဩဝါဒခံယူ၍ ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်းနှင့်ဇနီး၊ အဖွဲ့ဝင်များက ဆရာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကာ တောင်ကြီးမြို့ သိမ်တောင်ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်၊ ရှမ်းပြည်နယ် သံဃနာယကဥက္ကဋ္ဌ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ တေဇဝန္တထံမှ လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာ တရားနာယူ၍ ရေစက်သွန်းချ အမျှပေးဝေပြီး အခမ်းအနားကို "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်ကာ ဆရာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# ရေနံချောင်းမြို့နယ်၌ နေကြာစိုက်ပျိုးခြင်းဖြင့် မိသားစု အပိုဝင်ငွေရရှိ

**ရေနံချောင်း ဖေဖော်ဝါရီ ၁၄**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၌ နေကြာစိုက်ပျိုးခြင်းဖြင့် မိသားစုစားသုံးဆီ ဖူလုံသည့်အပြင် ဈေးကွက်သို့ ရောင်းချရသောကြောင့် ဝင်ငွေရရှိနေကြောင်း သိရသည်။

"ကျွန်တော်တို့ နေကြာကို နှစ်တိုင်းစိုက်တယ်။ အရင်နှစ်က နေကြာအထွက်နှုန်း နည်းသော်လည်း အခုနှစ်မှာ ၁၅ တင်း ထွက်ပါတယ်။ ထွက်နှုန်းကောင်းတယ်၊ လက်ရှိဈေးကွက် အနေအထားမှာ နေကြာတစ်တင်းလျှင် ကျပ် ၂၀၀၀၀ ဝန်းကျင်ရောင်းရတယ်။ နေကြာတစ်တင်းလျှင် နေကြာဆီ ငါးပိဿာဝန်းကျင် ထွက်ရှိပြီးတော့ နေကြာဆီ တစ်ပိဿာ ကျပ် ၅၀၀၀ ဈေးရရှိတယ်"ဟု ရေနံချောင်းမြို့နယ် ရုံးကုန်းကျေးရွာအုပ်စု ဆည်ကျေးရွာနေ တောင်သူ ဦးသန်းထိုက်က ပြောသည်။

နေကြာစိုက်ပျိုးခြင်းဖြင့် စားသုံးဆီဖူလုံသည့်အပြင် ဈေးကွက်သို့ နေကြာဆီကို ဆေးဖက်ဝင်အဖြစ်လည်းကောင်း၊ ကြော်ဆီအဖြစ်လည်းကောင်း စားသုံးကြသောကြောင့် ရောင်းချနိုင်ကြောင်း သိရသည်။

ရေနံချောင်းမြို့နယ် ရုံးကုန်းကျေးရွာအုပ်စု အပါအဝင် မြို့နယ်အတွင်းရှိ ကျေးရွာအချို့၌ တောင်သူများသည် သီးထပ်အဖြစ် နေကြာကို မိုးရာသီ၊ ဆောင်းရာသီများတွင် ယာမြေများနှင့် ကိုင်းမြေနုများ၌ စိုက်ပျိုးကြကြောင်း တောင်သူများထံမှ သိရသည်။

**ရွှေမန်ကျည်းရေနံချောင်း**





# ပေါက်တောမြို့နယ် ဇေယျဝတီကျေးရွာ၌ ကျေးလက်အိမ်ရာ ၂၂ လုံး တည်ဆောက်ခြင်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ပေါက်တော ဖေဖော်ဝါရီ ၁၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ဇေယျဝတီကျေးရွာ ကျေးလက်အိမ်ရာ တည်ဆောက်ခြင်းလုပ်ငန်း ခွင့်ပြုငွေကျပ် ၁၅၃ ဒသမ ၀၈၁၅ သန်းဖြင့် ဘုန်းတောက်ထွန်းကုမ္ပဏီက တာဝန်ယူဆောင်ရွက်သည့် အိမ်ရာ ၂၂ လုံး(၁၈'x၂၄'x၉')အား မြို့နယ်ဦးစီးမှူး ဦးဦးသန်းထွန်းနှင့် ဝန်ထမ်းများက ယနေ့နံနက် ၁၀ နာရီတွင် သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် မြို့နယ်ဦးစီးမှူး ဦးဦးသန်းထွန်းက စံချိန်စံညွှန်းများနှင့်အညီ လုပ်ငန်းများ သတ်မှတ်အရည်အသွေးပြည့်မီစွာဖြင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန်၊ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်နိုင်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ကြရန် မှာကြားသည်။

**အုတ်ဖိနပ်များပြီးစီး**

အဆိုပါကျေးလက်အိမ်ရာ တည်ဆောက်ခြင်းလုပ်ငန်းတွင် အိမ်ရာ ခုနစ်လုံး အုတ်ဖိနပ်များပြီးစီးပြီး ကျန်အိမ်ရာ ၁၅ လုံးမှာ မြေကြီးတူးခြင်း၊ ဖောင်ဒေးရှင်း ကွန်ကရစ်လောင်းခြင်း ဆောင်ရွက်လျက်ရှိကြသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

**ကိုဗစ်-၁၉ ကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့**

# ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်၌ လမ်းလုပ်ငန်းများဆောင်ရွက်လျက်ရှိ

**ဆီဆိုင် ဖေဖော်ဝါရီ ၁၄**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၀၅၂ ဒသမ ၇၆၈ သန်းဖြင့် ကျောက်လမ်း (၇/၄)မိုင်နှင့် ကတ္တရာလမ်း (၁/၀) မိုင်တို့အား ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများမှာ လပ်တိုင်-ပင်အွန်လမ်း(၇/၀) မိုင်အနက်မှ ကျောက်ခင်းရန် ကျန်ရှိသည့် (၁/၄)မိုင်အား ကျောက်ခင်းခြင်းနှင့် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်း၊ လွယ်ပွတ်- လိုက်ပေး- ဘန်းနောင်ကားလမ်း (၅/၀) မိုင်အနက်မှ ကျောက်ခင်းရန် ကျန်ရှိသည့် (၁/၄)မိုင်အား ကျောက်ခင်းခြင်းနှင့် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်း၊ ကောင်းမှုဗွာ- လိုက်ဟန်နား- လိုက်ပေး(၄/၀) မိုင်အနက် ကျောက်ခင်းရန် ကျန်ရှိသည့် (၁/၄)မိုင်အား ကျောက်ခင်းခြင်းနှင့် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်း၊ လွယ်ထွဲ-ထီရီး-မီရဲ-တောရလမ်း (၄/၀) မိုင်အနက် (၁/၄)မိုင်အား ကျောက်ခင်းခြင်းနှင့် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်း၊ လွယ်ထွဲ-တောင်းတပ်-ပန်သခွားလမ်း (၁၂/၆)မိုင်အနက် ကျောက်ခင်းရန် ကျန်ရှိသည့် (၁/၄) မိုင်အား ကျောက်ခင်းခြင်းနှင့် ကျားတောင်- ကောင်ပန်းတန်းလမ်း(၆/၀)မိုင်အနက် (၂/၂)မိုင်အား ကတ္တရာခင်းပြီး ကျန် (၃/၆) မိုင်အနက် (၁/၀)မိုင်အား ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ပြီးစီးနိုင်ရေးတို့အတွက် ရှမ်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ညွှန်ကြားရေးမှူး ဦးရဲလွင်ဦး၊ ဟိုပုံးမြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးတာဝန်ခံနှင့် တာဝန်ရှိသူများက ယမန်နေ့တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ငွေကြယ်**



## ရုံး/ဌာနများတွင် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရန် ကြီးကြပ်သူများ/ တာဝန်ကျဝန်ထမ်းများအနေဖြင့် အချင်းချင်း သတိပေးပြောကြားရမည့် အချက်များ

(အနည်းဆုံး တစ်နေ့ (၃)ကြိမ် ပြောကြားပေးပါရန်)

၁။ နံနက်ခင်း ရုံးသို့ လာရောက်စဉ်နှင့် ရုံးတက်ချိန်တွင် အချင်းချင်းပြောကြားရမည့်အချက်များ

- (COVID-19) ရောဂါပိုးသယ်ဆောင်ထားသော်လည်းအဖြမ်းအဖြင့်နေကောင်းကျန်းမာစွာဖြင့် ရောဂါလက္ခဏာတစ်စုံတစ်ရာ မပြသူများမှာ (၇၀%)အထက်တွင်ရှိနေသည်။
- (COVID-19)ရောဂါပိုးသည်အသက်ရှူထုတ်ခြင်းဖြင့်အကွာအဝေး(၅)ပေခန့်အထိ၊ ချောင်းဆိုးခြင်းဖြင့် တစ်စက္ကန့်လျှင်(၃၃)ပေနှုန်းဖြင့် (၆)ပေခွဲကျော်အထိ၊ နှာချေခြင်းဖြင့် တစ်စက္ကန့် လျှင် (၁၆၄)ပေနှုန်းဖြင့်(၁၉)ပေခွဲကျော်အထိ ရောက်ရှိနိုင်ပါသည်။
- (COVID-19)ရောဂါပိုးသည် အလုံပိတ်အခန်းများ/Air-con အခန်းများတွင် လေထဲ လွင့်မျော၍ ကူးစက်ခြင်း(air borne transmission) မှတစ်ဆင့်ကူးစက်နိုင်ပါသည်။

(က) ဝန်ထမ်းကြို/ပို့ယာဉ်များပေါ်တွင် အချင်းချင်းသတိပေးပြောကြားရန်-

- အိမ်အပြင်သို့ ထွက်ရာတွင် ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မပြတ်မနေ စနစ်တကျ တပ်ဆင်ပါ။
- ဝန်ထမ်းကြို/ပို့ယာဉ်များကို စောင့်ဆိုင်းသည့်နေရာတွင် တစ်ဦးနှင့်တစ်ဦး အနည်းဆုံး (၆)ပေအကွာ ခပ်ခွာခွာနေပါ။
- ဝန်ထမ်းကြို/ပို့ယာဉ်များပေါ်တွင်စီးနင်းရာ၌ ထိုင်ခုံတစ်ခုတွင် တစ်ယောက်ချင်းစီသာ ဇာလွှယ်ခုတ် အနေအထားဖြင့် ခပ်ခွာခွာထိုင်ပါ၊ ထိုင်ခုံတစ်ခုတည်းတွင် တစ်ဦးနှင့် တစ်ဦး နီးကပ်စွာ မထိုင်ရပါ၊

(မှတ်ချက်၊ အများသုံးယာဉ်များအသုံးပြုပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မပြတ်မနေ စနစ်တကျ တပ်ဆင်ပါ၊ အခြားသူများနှင့် တတ်နိုင်သမျှ ခပ်ခွာခွာနေပါ၊ အယ်လ်ကိုဟော အနည်းဆုံး (၆၀)% ပါဝင်သော ရေမဲ့လို လက်သန့်စင်ဆေးရည်ကို မကြာခဏ အသုံးပြုပါ၊)

(ခ) ရုံး/ဌာနသို့ ရောက်ရှိချိန်နှင့် ရုံးချိန်အတွင်းတွင် အချင်းချင်းသတိပေးပြောကြားရန်-

- ရုံး/ဌာနသို့ ဝင်ရောက်သည့်အခါ (Physical Distancing) မှုနှင့်အညီ တစ်ဦးနှင့် တစ်ဦး အနည်းဆုံး (၆)ပေအကွာ ခပ်ခွာခွာ ဝင်ရောက်ပါ။
- ရုံး/ဌာနအတွင်းသို့ မဝင်မီ ဆပ်ပြာနှင့် ရေကို အသုံးပြု၍ စက္ကန့် (၂၀) ကြာအောင် လက်ဆေးပါ၊ (သို့မဟုတ်) အယ်လ်ကိုဟော အနည်းဆုံး (၆၀)% ပါဝင်သော ရေမဲ့လို လက်သန့်စင်ဆေးရည်ကို အသုံးပြုပါ။
- ရုံးဝင်ပေါက်နေရာများတွင် Non-touch thermometer အသုံးပြု၍ ကိုယ်အပူချိန် တိုင်းတာစစ်ဆေးခြင်းလုပ်ငန်းများတွင် အပြည့်အဝ ပူးပေါင်းဆောင်ရွက်ပါ။ ပုံမှန် ကိုယ်အပူချိန် (၃၈ ဒီဂရီစင်တီဂရိတ်/ ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်အောက်) ရှိမှသာ လုပ်ငန်းခွင်သို့ ဝင်ရောက်ပါ။
- ရုံးချိန်အတွင်း စည့်သည်လက်ခံခြင်း မပြုရပါ။
- ရုံးချိန်အတွင်းတွင် ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မပြတ်မနေ စနစ်တကျ တပ်ဆင်ပါ၊ အသုံးပြုပြီး ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို စွန့်ပစ်သည့်အခါ အဖုံးပါသည့် အမှိုက်ပုံးထဲသို့ စနစ်တကျ စွန့်ပစ်ပါ။
- ရုံးတွင်း/ရုံးပြင် ဆေးပေး/ဆေးကုဌာနများတွင် တာဝန်ကျသူများသည် ပါးစပ်နှင့် နှာခေါင်းစည်း (Mask)၊ မျက်နှာအကာ (Face Shield)၊ လက်အိတ် (Glove) တို့ကို စနစ်တကျ ဝတ်ဆင်ရပါမည်။
- အလုပ်ခွင်၌ ဝန်ထမ်းတစ်ဦးနှင့် တစ်ဦးအကြား (၆)ပေခွာ၍ အလုပ်လုပ်ပါ၊ တတ်နိုင်သမျှ မျက်နှာချင်းဆိုင်မနေရပါ။ ဖြစ်နိုင်ပါက တစ်ဦးနှင့် တစ်ဦးအကြား အပွဲတင်ပလတ်စတစ်အကာ (Plastic Cover) အသုံးပြုပါ။
- အခြားသူများနှင့် ထိတွေ့မှု အများဆုံးရှိနိုင်သည့် မျက်နှာပြင်များ (ဥပမာ-အလုပ် စားပွဲမျက်နှာပြင်များ)ကို မကြာခဏ ပိုးသတ်သန့်စင်ပါ။
- ရုတ်တရက် နှာချေခြင်း၊ ချောင်းဆိုးခြင်း ပြုသည့်အခါတိုင်း ပါးစပ်နှင့်နှာခေါင်းကို တစ်ခါသုံးတစ်ရှူး (သို့မဟုတ်) တံတောင်ကွေးဖြင့် ပိတ်ပြီးအောင် ဖုံးအုပ်ပါ။ အသုံးပြုပြီးတစ်ရှူးကို အဖုံးပါသည့်အမှိုက်ပုံးထဲသို့ စနစ်တကျ စွန့်ပစ်ပါ၊ ပြီးလျှင် လက်ကို စနစ်တကျ ဆေးကြောပါ။
- ရုံးချိန်အတွင်းတွင် ဆပ်ပြာနှင့် ရေကို အသုံးပြု၍ လက်ကို စက္ကန့် (၂၀) ကြာအောင် မကြာခဏ စနစ်တကျ ဆေးကြောပါ၊ (သို့မဟုတ်) အယ်လ်ကိုဟော အနည်းဆုံး (၆၀)% ပါဝင်သော ရေမဲ့လို လက်သန့်စင်ဆေးရည်ကို အသုံးပြုပါ။

- လုပ်ငန်းခွင်အတွင်း လုပ်ငန်းသဘာဝကြောင့်ဖြစ်စေ၊ နေ့စဉ်လူမှုရေးဖြစ်စေ တစ်ဦးနှင့် တစ်ဦး နီးကပ်စွာ ဆက်ဆံပြောဆိုခြင်း မရှိစေရန် အချင်းချင်းအထူးသတိပေးပါ။

၂။ ထမင်းစားချိန်တွင်-

- ထမင်းစားချိန်တွင် စုဝေး၍စားသောက်ခြင်း မပြုရပါ၊ မိမိ၏ အလုပ်စားပွဲ (သို့မဟုတ်) ထမင်းစားရန်သတ်မှတ်ထားသော နေရာတွင်သာ တစ်ဦးချင်း သီးသန့် စားသောက်ပါ။
- အစားအသောက်၊ အသုံးအဆောင်ပစ္စည်းများကို မျှဝေသုံးစွဲခြင်း မပြုရပါ။

၃။ ညနေခင်း ရုံးဆင်းချိန်နှင့် အိမ်ပြန်ရောက်ချိန်တွင် အချင်းချင်းပြောကြားရမည့်အချက်များ

(က) ရုံးဆင်းချိန်တွင် အချင်းချင်းပြောကြားရမည့်အချက်များ

- ရုံး/ဌာနမှပြန်ချိန်တွင်လည်း တစ်ဦးနှင့်တစ်ဦး အနည်းဆုံး (၆)ပေ အကွာ နေထိုင်ခြင်း (Physical Distancing) မှုကို လိုက်နာပါ။
- ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မပြတ်မနေ စနစ်တကျ တပ်ဆင်ပါ။
- ဖျားခြင်း၊ ရုတ်တရက်အနံ့အရသာပျောက်ဆုံးခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရ ခက်ခဲခြင်း စသည့် COVID-19 ရောဂါ သံသယဖြစ်ဖွယ်လက္ခဏာများ ခံစားနေရခြင်း၊ လွန်ခဲ့သော (၁၄)ရက်အတွင်း (COVID-19) ဓာတ်ခွဲအတည်ပြုလူနာ၊ စောင့်ကြည့်လူနာ နှင့် အသွားအလာ ကန့်သတ်ခြင်းခံရသူတို့နှင့် ထိတွေ့မှုရှိခြင်း၊ ရောဂါဖြစ်ပွားမှု များပြား နေသောဒေသများသို့ ခရီးသွားရောက်ခဲ့ခြင်းတို့ရှိခဲ့ပါက ရုံး/ဌာနသို့ လာရောက်ခြင်း လုံးဝ မပြုရပါ၊ သက်ဆိုင်ရာဌာနအကြီးအကဲ နှင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ဆက်သွယ် အကြောင်းကြားပါ။

- ဝန်ထမ်းကြို/ပို့ယာဉ်များ (သို့မဟုတ်) အများပြည်သူသုံးယာဉ်များကို စီးနင်းချိန်တွင် (၁-က) တွင် ဖော်ပြထားသည့် လိုက်နာရန်အချက်များကို ပြန်လည်သတိပေး ပြောကြား ပေးပါ။

(ခ) အိမ်ပြန်ရောက်ချိန်တွင်လိုက်နာရန်ပြောကြားရမည့်အချက်များ

- အိမ်သို့ပြန်ရောက်ပါက ဆပ်ပြာနှင့်ရေကို အသုံးပြု၍ စက္ကန့်(၂၀)ကြာအောင် လက်ဆေးပါ၊ အဝတ်အစားများကို ဆပ်ပြာဖြင့် မိနစ်(၃၀)စိမ်ပြီးနောက် လျှော်ဖွပ်ပါ၊ ဆပ်ပြာဖြင့် ရေချိုးပါ။
- ကိုယ်လက်သန့်စင်ခြင်းမပြုမီ နေအိမ်ရှိ သက်ကြီးရွယ်အိုများ၊ ကလေးငယ်များနှင့် အနီးကပ် ထိတွေ့ခြင်းမပြုရပါ။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

# ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၊ အခြားဘာသာရေးကျောင်းများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုကြည်ညိုလျက်ရှိ



**နေပြည်တော် ဖေဖော်ဝါရီ ၁၄**
ကိုဗစ်-၁၉ ရောဂါ ဖြစ်ပေါ်မှုအခြေအနေများကြောင့် ဗုဒ္ဓဘာသာဘုရားစေတီများအပါအဝင် သက်ဆိုင်ရာဘာသာများအလိုက် ဘာသာရေးကျောင်းများအား ဖူးမြော်ခွင့်၊ ဝတ်ပြုခွင့်များ ယာယီရပ်ဆိုင်းထားရှိရာမှ ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စိတ်အေးချမ်းသာစွာ ဖူးမြော်၊ ဝတ်ပြု၊ ကြည်ညို တရားဘာဝနာပွားများနိုင်ရေးအတွက် ဖေဖော်ဝါရီ ၈ ရက်မှစတင်၍ ပြန်လည်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ပြန်လည်ဖွင့်လှစ်ထားရှိရာ ယနေ့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၊ နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတို့အပါအဝင် ပြည်နယ်နှင့်တိုင်းဒေသကြီး အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ ဘုရားဖူးလာသံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် မိဘပြည်သူများသည် ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖူးမြော်ကြည်ညိုကုသိုလ်ယူလျက်ရှိကြသည်။

ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်မြတ်ကြီးအား နေ့စဉ်နံနက် ၆ နာရီမှ ၇ နာရီအထိလည်းကောင်း၊ နံနက် ၈ နာရီမှ ၉ နာရီအထိ လည်းကောင်း၊ နံနက် ၁၀ နာရီမှ ၁၁ နာရီအထိ လည်းကောင်း၊ မွန်းလွဲ ၁ နာရီမှ ၂ နာရီအထိ လည်းကောင်း၊ ညနေ ၃ နာရီမှ ၄ နာရီအထိ လည်းကောင်း၊ ညနေ ၅ နာရီမှ ၆ နာရီအထိလည်းကောင်း ဖူးမြော်နိုင်ရေး ဆောင်ရွက်ပေးထားကြောင်း သိရသည်။

ထို့ပြင် နိုင်ငံတစ်ဝန်းရှိ အစ္စလာမ်ဘာသာရေးကျောင်းများ၊ ခရစ်ယာန်ဘာသာရေးကျောင်းများနှင့် ဟိန္ဒူဘာသာရေးကျောင်းများကိုလည်း သက်ဆိုင်ရာဘာသာများအလိုက် အများပြည်သူဝတ်ပြုကြည်ညိုနိုင်ရေးအတွက် ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖွင့်လှစ်ထားရှိရာ သက်ဆိုင်ရာဘာသာဝင်များက စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား စားသောက်ဖွယ်ရာများ ပေးအပ် ဆေးရုံတက်ရောက်ကုသမှုခံယူနေသူများအတွက် ဆန်အိတ်များ လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**
ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် ဗုဒ္ဓကလျာဏယုဝအသင်းချုပ် (YMBA)က စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ဦးစွာ ဗုဒ္ဓကလျာဏယုဝအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာအောင်မင်းကျော်သူက လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ဗုဒ္ဓကလျာဏယုဝအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲထွန်းက လုံခြုံရေးတာဝန်ထမ်းဆောင်နေကြသော ရဲတပ်ဖွဲ့ဝင်များအား ကျေးဇူးတင်စကားပြောကြားပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော တပ်မတော်သားမိသားစုဝင်များနှင့် ဒေသခံပြည်သူများအတွက် စေတနာရှင်၊ အလှူရှင်များက ပေးအပ်လှူဒါန်းသည့် ဆန်အိတ် ၁၀၀ ကို အဆိုပါဆေးရုံသို့ သွားရောက်ပေးအပ်လှူဒါန်းရာ ဆေးရုံတပ်မှူး ဗိုလ်မှူးချုပ် စိန်လင်းက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





## ဘူးသီးတောင်မြို့၌ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ

**ဘူးသီးတောင် ဖေဖော်ဝါရီ ၁၄**
ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့၌ ယနေ့ မွန်းလွဲ ၂ နာရီက ဘူးသီးတောင်မြို့ အေးစေတီကျောင်းတိုက် ဆရာတော်ကြီး ဦးသောမဦးဆောင်၍ မြို့ပေါ်သံဃာများ ပူးပေါင်းကာ မြို့တစ်ပတ်ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် ရဟန်း၊ သံဃာအပါး ၆၀ ပါဝင်ပြီး အေးစေတီကျောင်းတိုက်မှ စတင်ထွက်ခွာကာ မြို့တစ်ပတ်လှည့်လည် အလှူခံခဲ့ကြောင်း သိရသည်။ အဆိုပါအလှူခံရရှိသည့် ဆွမ်းဆန်စိမ်းများကို ဘူးသီးတောင်မြို့နယ် ကျေးရွာအသီးသီးမှ ရောက်ရှိခိုလှုံနေသည့် တိုက်ပွဲရှောင်ပြည်သူများသို့ ကူညီထောက်ပံ့နိုင်ရေး ပြန်လည်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**လှကျော်(ပြန်/ဆက်)**

## ဒေသခံပြည်သူများအား ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ပေးဝေလှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**
ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသမှုလုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလအတွင်း သွားလာမှုကန့်သတ်ချက်များကြောင့် ဒေသခံပြည်သူများ စားရေးအဆင်ပြေစေရန်အတွက် နယ်မြေခံတပ်မတော်သားများက ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများကို အိမ်အရောက် လိုက်လံပေးဝေလှူဒါန်းလျက်ရှိသည်။

ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် အမှတ်(၁၉) ရပ်ကွက် ရွှေပြည်သာမြို့နယ် အမှတ်(၁၆/၂၀/၂၅/၂၆/၂၇)ရပ်ကွက်တို့ရှိ အိမ်ထောင်စု ၆၀၀၀ စုတို့အတွက် ဆန်နှင့်ဆီများကို ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ပြည်သူများလက်ဝယ် အရောက် သွားရောက်ပေးအပ်သည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် အိုးဖိုကျေးရွာနှင့် မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ဒဟတ်ကန်ကျေးရွာတို့ရှိ ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံ တပ်မတော်သားများက ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများကို ပြည်သူများလက်ဝယ်အရောက် သွားရောက်ပေးအပ်သည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ အမှတ်(၁၈) ရပ်ကွက်ရှိ အိမ်ထောင်စု ၁၀၀ အတွက် ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများကို ယနေ့နံနက်ပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးဝင်းနှင့် အဖွဲ့ဝင်များက ပြည်သူများ လက်ဝယ်အရောက် သွားရောက်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**






ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

---

COVID-19 ကာကွယ်ဆေးနှင့် ပတ်သက်သောမေးခွန်းနှင့်အဖြေများ (အပိုင်း-၂)

**(၁) မြန်မာနိုင်ငံမှာ ကိုဗစ်-၁၉ ကာကွယ်ဆေးကို မည်ကဲ့သို့စတင်ထိုးနှံပေးမှာလဲ**

- ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဦးစားပေးလူအုပ်စုအလိုက် ထိုးနှံပေးသွားပါမည်။ ရှေ့တန်းမှ တာဝန်ထမ်းဆောင်နေသော ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ ဗဟို/တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများကို ပထမအသုတ်အနေနဲ့ စတင်ထိုးနှံပေးမည်ဖြစ်ပြီး၊ ကျန်လူအုပ်စုများကိုလည်း ကာကွယ်ဆေးရရှိမှုအပေါ်မူတည်၍ ဆက်လက်ထိုးနှံပေးသွားမှာ ဖြစ်ပါသည်။

**(၂) ဆီးချို၊ သွေးတိုး၊ နှလုံး၊ ကင်ဆာ၊ စသည့် နာတာရှည်ရောဂါ အခံရှိသောသူများနှင့် ယင်းရောဂါများအတွက် သက်ဆိုင်ရာဆေးဝါးများသောက်သုံးနေရသောသူများအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးလို့ရပါသလား**

- ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးသင့်ပါသည်။ ဤကဲ့သို့ရောဂါအခံရှိနေသောသူများသည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရလျှင် အသက်အန္တရာယ်ရှိနိုင်သောကြောင့် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးသင့်သောသူများ ဖြစ်ပါသည်။

**(၃) ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဘယ်သူတွေမထိုးနှံသင့်ဘူးလဲ**

- ကိုဗစ်-၁၉ ရောဂါ အတည်ပြုခြင်းခံထားရသူလူနာများ၊ သံသယလူနာများနှင့် ရောဂါလက္ခဏာ သက်သာပျောက်ကင်းသွားပြီး (၁၄)ရက် မကျော်သေးသောသူများ၊
- ကိုဗစ်-၁၉ သံသယလက္ခဏာ (ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ မှတ်ဉာဏ်အနံ့အရသာပျောက်ဆုံးခြင်း၊ အသက်ရှူရခက်ခဲခြင်း... စသည်တို့) ရှိသောသူများ၊
နှိုက်ကြက်နှင့် ကိုယ်ဝန်ဆောင်များနှင့်
- အသက် (၁၈)နှစ်အောက် လူအုပ်စုများတို့ကို ကိုဗစ်-၁၉ ကာကွယ်ဆေး မထိုးနှံသင့်ပါ။
(ကိုယ်အင်္ဂါအစားထိုး (organ transplant) ခွဲစိတ်ကုသမှုခံယူထားသူများ၊ ခုခံအားကျရောဂါရှိနေသူများနှင့် ခုခံအားကျဆင်းစေသည့်ဆေးဝါးတစ်ခုခုသုံးစွဲနေရသူများ အနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်းခံယူရန် သင့်/မသင့်ကို သက်ဆိုင်ရာ ဆရာဝန်ကြီးများနှင့် ကြိုတင်၍ တိုင်ပင်ပါ။)

**(၄) ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဘယ်နှကြိမ် ထိုးနှံရမှာပါလဲ**

ကိုဗစ်-၁၉ ကာကွယ်ဆေးအမျိုးအစားအပေါ်တွင်မူတည်ပါသည်။
မြန်မာနိုင်ငံတွင် ထိုးနှံမည့် COVISHIELD ကာကွယ်ဆေးကို (၂)ကြိမ် ထိုးနှံရမည်ဖြစ်ပါသည်။ ယေဘုယျအားဖြင့် ပထမအကြိမ် ထိုးနှံပြီးနောက် ရက်သတ္တပတ် (၄)ပတ်ခြားပြီး ဒုတိယအကြိမ် ဆက်ထိုးနှံရမှာဖြစ်ပါသည်။

**(၅) ကိုဗစ်-၁၉ ကာကွယ်ဆေးကို ပထမတစ်ကြိမ်မှာ ကာကွယ်ဆေးတစ်မျိုးထိုးထားပြီး ဒုတိယတစ်ကြိမ်မှာ အခြားဆေးအမျိုးအစားကို ထိုးနှံလို့ရနိုင်ပါသလား**

ယခုအချိန်အထိလေ့လာတွေ့ရှိချက်များအရ - အခြားဆေးအမျိုးအစားကိုထိုးနှံ၍ မရပါ။ ပထမအကြိမ်တွင် ထိုးနှံထားသော ကာကွယ်ဆေးအမျိုးအစားနှင့်တူညီသော ကာကွယ်ဆေးကို ဒုတိယအကြိမ်ထပ်မံထိုးနှံမှသာ ထိရောက်လုံလောက်သောကိုယ်ခံစွမ်းအား ရရှိမည်ဖြစ်ပါသည်။

**(၆) မြန်မာနိုင်ငံ၌ အရေးပေါ်အခြေအနေတွင် အသုံးပြုရန်အတွက် ယာယီခွင့်ပြုမိန့် ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ကာကွယ်ဆေးတွေက ဘာတွေပါလဲ**

မြန်မာနိုင်ငံ၌ အရေးပေါ်အခြေအနေတွင် အသုံးပြုရန်အတွက် ကိုဗစ်-၁၉ ကာကွယ်ဆေး (၁)မျိုးဖြစ်သည့် COVISHIELD/ Astrazeneca ကာကွယ်ဆေးကို ယာယီတရေး တရားဝင် ခွင့်ပြုထားပါသည်။ ဤကာကွယ်ဆေးကို အသက် (၁၈)နှစ်နှင့်အထက် လူကြီးများအတွက်သာ အသုံးပြုခွင့်ပြုပေးထားပါသည်။

(နောက်ထပ်ခွင့်ပြုချက်ရရှိသော ကာကွယ်ဆေးများကိုလည်း ဆက်လက်ကြေငြာပေးသွားပါမည်။)

**(၇) COVISHIELD ကာကွယ်ဆေးထိုးနှံပြီးလျှင် မည်ကဲ့သို့သော သာမန်လက္ခဏာများ ဖြစ်တတ်ပါသလဲ**

**(က) COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀) ဦးတွင် (၁) ဦးထက်ပို၍ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ-**

- ဆေးထိုးသည့်နေရာတွင် နာခြင်း၊ နီခြင်း၊ ယားခြင်း၊
- ခေါင်းကိုက်ခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊
- နုံးချည့်ခြင်း၊ မအီမသာဖြစ်ခြင်း၊

**(ခ) COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀) ဦးတွင် (၁) ဦးခန့်သာ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ-**

- ဆေးထိုးသည့်နေရာတွင် အကျိတ်ငယ်ဖြစ်ခြင်း၊
- ဖျားခြင်း၊
- အန်ခြင်း၊
- ရာသီတုပ်ကွေးရောဂါကဲ့သို့ သာမန်လက္ခဏာများ (ဖျားခြင်း၊ အာသီးရောင်ခြင်း၊ နှာစေး/နှာချောင်းဆိုးခြင်း၊ ချမ်းတုန်ခြင်း...စသည်) တို့ ဖြစ်တတ်ပါသည်။

**(ဂ) COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀၀) ဦးတွင် (၁) ဦးခန့်သာ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ-**

- မူးဝေခြင်း၊
- ယားယံခြင်း၊
- ချွေးထွက်လွန်ခြင်း၊
- အစာအားချင်းစိတ်လျော့နည်းခြင်း၊ ဗိုက်အောင့်ခြင်း၊
- ပြန်ရည်ကျိတ်များကြီးခြင်း တို့ဖြစ်နိုင်ပါသည်။

**ကာကွယ်ဆေးနှင့် ဓာတ်မတည့်မှု ရှိ/မရှိနှင့် ပြင်းထန်သည့်ဘေးထွက်ဆိုးကျိုးများ ရှိ/မရှိ သေချာစေရန် ဆေးထိုးပြီးပါက စောင့်ဆိုင်းသည့် နေရာတွင် "မိနစ်(၃၀)ခန့်" စောင့်ဆိုင်းရန် အရေးကြီးပါသည်။**

**ပထမအကြိမ်ကာကွယ်ဆေးထိုးပြီးနောက် ကာကွယ်ဆေးထိုးနှံခြင်းမှတ်တမ်း (ကာကွယ်ဆေးထိုးကတ်)ကို မပျောက်မပျက်စေရန် စနစ်တကျသိမ်းဆည်းထား၍ နောက်တစ်ကြိမ်ကာကွယ်ဆေးထိုးနှံမှု ခံယူရန် လာရောက်သည့်အခါတွင် မျက်မကွက်ယူဆောင်လာရန်လိုအပ်ပါသည်။**

**မှတ်ချက်။** ကိုဗစ်-၁၉ ကာကွယ်ဆေးများသည် နည်းပညာအသစ်ဖြင့် အချိန်တိုအတွင်း ထုတ်လုပ်ထားသော ကာကွယ်ဆေးအသစ်များဖြစ်၍ ယခုအချိန်၌သိရှိထားသော သတင်းအချက်အလက်များသည် ပြောင်းလဲမှုများရှိလာနိုင်ပါသည်။ သတင်းအချက်အလက်အသစ်များ ထပ်မံ သိရှိရပါက ဆက်လက်ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

Reference: Serum Institute of India (SII). Fact sheet for vaccine recipient approved for restricted use in emergency situation of ChAdOx1 nCoV- 19 Coronavirus Vaccine (Recombinant), COVISHIELD, in prevention of (covid-19) disease in individuals 18 years of age and older. (Revised: 01 January 2021).
Available at: https://www.seruminstitute.com/product_covishield.php

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

# ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ နှင့် နေ့ဆွမ်းများဆက်ကပ်လှူဒါန်း၊ ကျန်းမာရေးစစ်ဆေးမှုများဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**
ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင်သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများတွင် ဆွမ်းအဆင်ပြေစေရေးအတွက် တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများက တိုင်းစစ်ဌာနချုပ်များအလိုက် မြို့နယ်အသီးသီး၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမည် လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်းနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်းများကို ဆောင်ရွက်လျက်ရှိသည်။



**ဆက်ကပ်လှူဒါန်း**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့နှင့် ပင်လုံမြို့၊ မွန်ပြည်နယ် သထုံမြို့နှင့် ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်နှင့် တိုက်ကြီးမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တို့ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် စာသင်တိုက်စုစုပေါင်း ကိုးကျောင်းသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမည် လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နှင့် ပင်လုံမြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၊ ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ ပုသိမ်ကြီးမြို့နယ်၊ အမရပူရမြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့တို့ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်စာသင်တိုက် စုစုပေါင်း ၂၄ ကျောင်းရှိ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား နေ့ဆွမ်းများကိုလည်းကောင်း သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များအလိုက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်၍ ဆက်ကပ်လှူဒါန်းကြသည်။

ငင်းအပြင် ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တို့၌ တပ်မတော်မှ ဆေးအဖွဲ့များက ဆရာတော်၊ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် ဒေသခံပြည်သူများအား လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးသည်။ ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ဆေးရုံတက်ရောက် ကုသမှုခံယူနေသူများ၊ လူနာစောင့်များနှင့် ကျန်းမာရေးဝန်ထမ်းများ အာဟာရပြည့်ဝရန်နှင့် ကျန်းမာကြံ့ခိုင်စေရန် အာဟာရဖြည့်စားသောက်ဖွယ်ရာများ ဆက်လက်လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**
ပြည်သူ့ဆေးရုံများ၊ တိုက်နယ်ဆေးရုံများနှင့် ကျေးလက်ကျန်းမာရေးဌာနများ၌ ဆေးရုံတက်ရောက် ကုသမှုခံယူနေသူများ၊ လူနာစောင့်များနှင့် ကျန်းမာရေးဝန်ထမ်းများ အာဟာရပြည့်ဝစေရန်နှင့် ကျန်းမာကြံ့ခိုင်စေရန်အတွက် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများမှ လှူဒါန်းသည့် အာဟာရဖြည့်စွက်စာများကို တိုင်းစစ်ဌာနချုပ်များအလိုက် တပ်မတော်သားများက သွားရောက်ပေးအပ်လှူဒါန်းလျက်ရှိသည်။

**ပေးအပ်လှူဒါန်း**

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် ရခိုင်ပြည်နယ် အမ်းမြို့ ပြည်သူ့ဆေးရုံသို့ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အမ်းတပ်နယ်မှ တပ်မတော်သားများက အာဟာရဖြည့်စားသောက်ဖွယ်ရာများကို သွားရောက်ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# တပ်မတော်သားများ၊ ရဲမှုထမ်းများနှင့် မိသားစုဝင်များအား ဆန်၊ ဆီ၊ ဆား၊ ပဲ စားသောက်ဖွယ်ရာများ ပေးအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**
နိုင်ငံတော်နှင့် တပ်မတော်အတွက် အသက်ပေးလှူခဲ့ရသည့် အရာရှိ၊ စစ်သည်များ၏ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ရဲမှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ကာလအတွင်း သွားလာမှု ကန့်သတ်ချက်များကြောင့် စားရေးအခက်အခဲမရှိစေရန် ဆန်၊ ဆီ၊ ဆား၊ ပဲ အမည် လေးမျိုးနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များ၊ စစ်မှုထမ်းဟောင်းရုံး၊ အိမ်ရာများ၊ တပ်နယ်ခန်းမများ၊ ရဲတပ်ဖွဲ့မှူးရုံးများနှင့် သက်ဆိုင်ရာရဲစခန်းများ၌ ပေးအပ်လျက်ရှိသည်။

ထိုသို့ ပေးအပ်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နှင့် လွိုင်လင်မြို့၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နှင့် တာချီလိတ်မြို့၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်နှင့် ကျောက်တန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင်နှင့် လပွတ္တာခရိုင်၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်၊ အမရပူရမြို့နယ်၊ ကျောက်ဆည်မြို့နယ်၊ စဉ့်ကိုင်မြို့နယ်၊ တံတားဦးမြို့နယ်၊ မြစ်သားမြို့နယ်နှင့် ငါန်းဇွန်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၊ ရွှေကျင်မြို့နှင့် ပဲခူးမြို့များရှိ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်တွေ့ဆုံ၍ ဆန်၊ ဆီ၊ ဆား၊ ပဲအမည်လေးမျိုးနှင့် စားသောက်ဖွယ်ရာများကိုပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်လျက်ရှိသည့် တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအတွက် အလှူရှင်များက စားသောက်ဖွယ်ရာများ လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# ဂရန်နာဒါအသင်းကို အနိုင်ရပြီး အက်သလက်တီကိုမက်ဒရစ်အသင်း စပိန်လာလီဂါအမှတ်ပေးဇယားထိပ်တွင် ရှစ်မှတ်ဖြတ်ကာ ဆက်လက်ဦးဆောင်



အက်သလက်တီကိုမက်ဒရစ်အသင်းနဲ့ ဂရန်နာဒါအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ စပိန်လာလီဂါပွဲစဉ် ၂၂ မှာ ဧည့်သည်အဖြစ် လာရောက်ကစားခဲ့တဲ့ အက်သလက်တီကိုမက်ဒရစ်အသင်းက အိမ်ရှင် ဂရန်နာဒါအသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပါတယ်။

**ချေပဂိုးပြန်လည်ရရှိ**

အဲဒီပွဲစဉ်မှာ အက်သလက်တီကိုမက်ဒရစ်အသင်းက ဒုတိယပိုင်းပွဲကစားချိန် ၆၃ မိနစ်မှာ ကိုကီးရဲ့ ဖန်တီးပေးမှုကနေတစ်ဆင့် လော်ရန်တီက ဂိုးသွင်းယူပေးခဲ့တာကြောင့် ဦးဆောင်ဂိုးစတင်ရရှိခဲ့ပြီး အိမ်ရှင် ဂရန်နာဒါအသင်းက ပွဲကစားချိန် ၆၆ မိနစ်မှာ ယန်ဂျယ်ဟာရဲရားရဲ့ သွင်းဂိုးရရှိခဲ့တာကြောင့် ချေပဂိုးပြန်လည်ရရှိခဲ့ပါတယ်။

အဲဒီနောက် အက်သလက်တီကိုမက်ဒရစ်အသင်းဟာ ပွဲကစားချိန် ၇၅ မိနစ်မှာ လော်ရန်တီရဲ့ ဖန်တီးပေးတဲ့ ဘောလုံးကို အိန်ဂျယ်ကော်ရီယာက ဂိုးအဖြစ်ပြောင်းလဲပေးနိုင်ခဲ့တာကြောင့် အက်သလက်တီကိုမက်ဒရစ်အသင်းက ဂရန်နာဒါအသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

အက်သလက်တီကိုမက်ဒရစ်အသင်းဟာ ဂရန်နာဒါအသင်းကို အနိုင်ရရှိခဲ့တာကြောင့် ဘာစီလိုနာအသင်းကို ရှစ်မှတ်ဖြတ်ကာ အမှတ်ပေးဇယားထိပ်ဆုံးတွင် ဆက်လက်ဦးဆောင်ခွင့် ရရှိခဲ့တာဖြစ်ပါတယ်။ လက်ရှိ စပိန်လာလီဂါအမှတ်ပေးဇယားမှာ အက်သလက်တီကိုမက်ဒရစ်အသင်းက ရမှတ် ၅၄ မှတ်၊ ဒုတိယနေရာက ဘာစီလိုနာအသင်းက ရမှတ် ၄၆ မှတ်ဖြင့် အသီးသီးရပ်တည်နေတာ ဖြစ်ပါတယ်။

ငွေကြယ်

# ကလေးများ မျက်စိအမြင်အား မလျော့ပါးစေဖို့

နွေဦးမောင်

သက်ရှိဟူသမျှသည် ယေဘုယျအားဖြင့် အာရုံငါးပါး ထိတွေ့ခံစား သိရှိနိုင်ကြသည်။ ယင်းအာရုံများအနက်မှ မျက်စိသည် အမြင်အာရုံကို သိရှိခံစားရနိုင်စေသည့် ကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ခု ဖြစ်ပါသည်။ ရှေးလူကြီးသူမများ ပြောလေ့ရှိသည့် "မျက်စိအဆုံး နားအရှုံး" ဆိုသည့် စကားအတိုင်း အမြင်ဓာတ်ပျောက်ဆုံးသွားပါက အစားထိုးပြန်မရနိုင်တော့သည့် ဆုံးရှုံးမှုကို တွေ့ကြုံရနိုင်ပါသည်။

**ကိုယ်ခန္ဓာဖွဲ့စည်းပုံ**

လူသားတို့၏ ကိုယ်ခန္ဓာဖွဲ့စည်းပုံအရ မျက်စိ၊ နား၊ လျှာစသည့် အထိအတွေ့ကို သိရှိစေပြီး အာရုံခံစားကာ သိမှုကို ရရှိစေပါသည်။ မိမိခန္ဓာကိုယ်မှ အင်္ဂါအစိတ်အပိုင်းများသည် ပုံမှန်အတိုင်း ချို့ယွင်းချက်မရှိ လည်ပတ်နိုင်မှသာ မှန်ကန်သော အမြင်အာရုံကို ရရှိခံစားနိုင်ကြပါမည်။ ထိုသို့ မှန်ကန်သော အမြင်အာရုံကို မိမိတို့ သက်တမ်းပြည့် ရရှိခံစားနိုင်ရန်အတွက် ကိုယ်ခန္ဓာအစိတ်အပိုင်းများ အလိုက် ကျန်းမာရေးကောင်းမွန်နေစေရန် များစွာ အရေးကြီးပါသည်။

ယခုတင်ပြချက်သည် ကျွန်တော်တို့ သားသမီးများ၏ ကျန်းမာရေးအတွက် ရည်ရွယ်ခြင်း ဖြစ်ပါသည်။ စင်စစ် ကျွန်တော် ဆရာဝန်တစ်ဦး မဟုတ်ပါ။ ဆေးဘက်ပညာ ဗဟုသုတများလည်း ထူးကဲစွာ ကြွယ်ဝမနေပါ။ သို့သော် နိုင်ငံတစ်ဝန်းရှိ စည်ပင်လှပသော မိသားစုဘဝများအား သားသမီးများနှင့် တည်ဆောက်နေကြသူများကို ကိုယ်ချင်းစာသောကြောင့် ကလေးများအတွက် မျက်စိအမြင်အင်အား မလျော့ပါးစေရန် သတိမူနိုင်စေရေး အသိဝေမျှ ရေးသားရခြင်း ဖြစ်ပါသည်။

မည်သူမဆို လူ့လောကကို စရောက်သည်နှင့် မိမိဘဝ ရှန်းကန်နိုင်ရေးအတွက် စူးစမ်းမှုကို လုပ်ဆောင်ကြရပါသည်။ အမိဝမ်းမှကျွတ်ပြီးသည်နှင့် မျက်စိလေးများက ပတ်ဝန်းကျင်ကို လေ့လာနေသည့် ကလေးများကို တွေ့ဖူးကြပါလိမ့်မည်။ ထိုသို့ ကြည့်နိုင်ခြင်းသည်ပင် ကျွန်တော်တို့အားလုံးကို မိခင်သဘာဝကြီးက လက်ဆောင်ပေးထားသော ခန္ဓာကိုယ်အစိတ်အပိုင်းများကြောင့်သာ ဖြစ်ပါသည်။ သို့သော် မွေးစမှသည် ကွယ်လွန်သည့်တိုင် ကြားကာလတစ်လျှောက် အသက်အရွယ်အလိုက် မိမိတို့၏ မျက်လုံးများသည် မိမိကြောင့်ဖြစ်စေ၊ တစ်ပါးသူကြောင့်ဖြစ်စေ၊ သဘာဝတရားကြောင့်ဖြစ်စေ အကြောင်းအမျိုးမျိုးကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုကို အချိန်မရွေး ကြုံတွေ့နိုင်ကြပါသည်။

ထို့အပြင် မွေးကင်းစ ကလေးငယ်များ၏ မျက်လုံး အကြည်ဓာတ် ဆုံးရှုံးခဲ့ကြသည်ကို တွေ့ဖူးကြပါလိမ့်မည်။ သူတို့ခမျာ မိမိကြောင့်လည်းမဟုတ်၊ မွေးပေးသော ဆရာဝန်၊ ဆရာမများ၏ တစ်စုံတစ်ရာ မှားယွင်းမှုပယောဂလည်းမဟုတ်ပါဘဲ ရောဂါတစ်ခုခုကြောင့် မွေးကတည်းက စက္ခုအလင်း ဆုံးရှုံးခဲ့ကြရပါသည်။ အချို့မှာ အနည်းငယ်ကြီးပြင်းလာမှ တဖြည်းဖြည်း မျက်စိမှုန်လာခြင်းကို ခံစားကြရသည်။ ကျန်းမာရေးအသိချို့တဲ့မှုကြောင့် ကုသမှုခံယူရန် နောက်ကျသည့်အတွက် မျက်စိနှင့် ပတ်သက်သော ဆင်းရဲဒုက္ခများ ကြုံကြရသည်။ ငွေကုန်ကြေးကျ ဖြစ်ကြရသည်။ စိတ်ဆင်းရဲ လူပင်ပန်းမှုများ ကြုံကြရသည်။ အချို့မှာ မိမိကြောင့်ဖြစ်စေ၊ သူတစ်ပါးကြောင့် ဖြစ်စေ မတော်တဆဖြစ်ရပ်များကြောင့် မျက်လုံးကို ထိခိုက်မိကာ ဒုက္ခရောက်ကြရသည်။ ယင်းတို့အနက်မှ အချို့ထိခိုက်မှုမှာ ပြန်လည်ကောင်းမွန်စေရန် ကုသနိုင်သော်လည်း အချို့မှာ လုံးဝပြန်မမြင်နိုင်တော့ဘဲ အမြင်အာရုံ ဆုံးရှုံးကြရသည်။

ထို့ကြောင့် မွေးရာပါ ကုသ၍မရနိုင်သော မျက်စိရောဂါများမှလွဲပြီး မျက်စိနှင့်ပတ်သက်သော မည်သည့် ပြဿနာရပ်မျိုးကိုမဆို ကျော်လွှားရှောင်ရှားနိုင်ရန် ကြိုးစား သင့်ကြပါသည်။ မျက်စိအမြင် ဆုံးရှုံးပြီးမှ ပြန်လည် ကောင်းမွန်စေကြောင်း ဆောင်ရွက်မှုမှာ မသေချာသော ကြိုးပမ်းမှုသာ ဖြစ်ပါသည်။ ထို့အတွက် မထိခိုက်မီက ကြိုတင်ရှောင်ရှားကြရပါမည်။ သို့မှသာ ဖြစ်ပေါ်လာမည့် ဆိုးကျိုးအဝဝကို ရှောင်လွှဲနိုင်ကြပါလိမ့် မည်။

**အသိပညာများ မျှဝေ**

မျက်လုံးသည် ခန္ဓာကိုယ်တွင် နုနယ်သော အင်္ဂါအစိတ်အပိုင်းတစ်ခု ဖြစ်ပါသည်။ ကလေးများအနေဖြင့် မိမိ၏မျက်လုံးကို တတ်နိုင်သမျှ တစ်သက်လုံး အသုံးချနိုင်ရန် မည်သို့စောင့်ရှောက်ကြရမည်ကို သိနားလည်သေးသည့်အရွယ် မဟုတ်ပါ။ လူကြီးမိဘများက ပြောဆိုညွှန်ပြဆုံးမမှသာ သိနားလည်ရမည့် အရွယ်များ ဖြစ်ကြပါသည်။ မိမိတို့ဘဝအတွက် ပညာဗဟုသုတများကို စတင်ရှာမှီးရသည့်အရွယ်ဖြစ်ကြသည့်အတွက် မိဘဆွေမျိုး ဆရာသမားများက ပညာဗဟုသုတများကို နားလည်လွယ်သော နည်းလမ်းများဖြင့် မျှဝေပေးကြရပါမည်။ တစ်နည်းဆိုသော် ကလေးများကို ငယ်ရွယ်စဉ်ကပင် မျက်စိကျန်းမာရေးနှင့် ပတ်သက်သော အသိပညာများ မျှဝေပေးကြရပါမည်။

ယခုခေတ်ကာလတွင် လူတိုင်း မျက်စိကျန်းမာရေး ဗဟုသုတများကို သိရှိထားသင့်ပါသည်။ မျက်စိ၏ မည်သည့် အစိတ်အပိုင်းသည် အမြင်အာရုံအတွက် အရေးကြီးသည်၊ မည်သည့်အပိုင်းသည် မျက်စိမှုန်ခြင်းကို စတင်စေသည်၊ မျက်စိရောဂါများ မည်မျှအမျိုးအစား များပြားသည်၊ မည်သို့ကုသနိုင်သည်၊ မည်သို့ ကြိုတင်ကာကွယ်နိုင်သည် စသည်ဖြင့် ယေဘုယျအနေဖြင့် သိနားလည်ထားသင့်ပါသည်။

**အချိန်မတန်မီ အမြင်အာရုံ လျော့နည်းခြင်းကြောင့် ငယ်ပေါင်းကြီးဖော်များအလယ်တွင် ရင်ပေါင်တန်း မရပ်တည်နိုင်သည့်အပြင် အခွင့်အရေးများ ဆုံးရှုံးမှုမရှိစေရန် ငယ်စဉ်ကစပြီး မိဘများက ကာကွယ်ပျိုးထောင်ပေးကြရပါမည်။ မျက်စိအင်အားကောင်းစေရန်အတွက် ကလိုရီဖေးလ်ပါသော ဟင်းသီးဟင်းရွက်များ စားသုံးပေးခြင်းနှင့် ခန္ဓာကိုယ်အတွင်းရှိ အပူအပုပ်ဓာတ်များ လျော့ကျသွားစေရန် ဝမ်းပျော့စေသည့် အသီးအနှံများကို စားသုံးပေးသင့်ပါသည်။ အကောင်းဆုံးမှာ မျက်စိဆရာဝန်များ၊ တိုင်းရင်းဆေးဆရာများ ညွှန်ကြားသည့်အတိုင်း မျက်စိအားကောင်းစေရန် လိုက်နာဆောင်ရွက်သင့်။**

ကလေးများအတွက်မှာမူ ဖြစ်လေ့ရှိတတ်သော မျက်စိစွန်ခြင်း၊ မျက်သားရောင်ခြင်း၊ မျက်ကြောရောင်ခြင်း၊ မျက်စိနာခြင်း၊ မျက်ရည်ပူကျခြင်း၊ မျက်တောင်စိုက်ခြင်း၊ မျက်စိအားနည်းခြင်း အမျိုးမျိုး၊ မျက်စိကိုက်ခြင်း စသည့် ရောဂါလက္ခဏာများကို ကြုံတွေ့ရတတ်ပါသည်။ ပုံမှန်အားဖြင့် မျက်စိရောဂါမရှိသည့် ကလေးများတွင် အဆိုပါ ဝေဒနာခံစားရမှုများ မရှိနိုင်ပါ။ သို့သော် မျက်လုံးကို အာရုံစိုက်ချိန်ကြာမြင့်ခြင်း၊ ထိုသို့မကြာခဏပြုလုပ်ခြင်းများကြောင့် မျက်စိဝေဒနာ တစ်မျိုးမျိုးကို ခံစားလာရနိုင်ပါသည်။ ကျွန်တော်ငယ်စဉ်က မိဘများမသိစေရန် ချောင်ကြို ချောင်ကြားတွင် ဝတ္ထု၊ ကာတွန်းစာအုပ်များကို ခိုးပြီးဖတ်ခဲ့ခြင်းနှင့် အလင်းရောင်အားနည်းသော နေရာများတွင် စာဖတ်ခဲ့ခြင်းကြောင့် မျက်စိအားနည်းခဲ့ရသည်။ မိဘများက ပြင်ပစာများကို ကျောင်းစာများ ကျက်မှတ်ပြီးမှ အကန့်အသတ်နှင့် ဖတ်စေသော်လည်း စာအုပ်စာစောင်များ၏ ရေးဖွဲ့ဆွဲဆောင်အား ကောင်းလွန်းသောကြောင့် လက်က မချချင်အောင် ဖြစ်ရသောအခါ ပုန်းလျှိုးကွယ်လျှိုးဖတ်ခဲ့ရသည်။ ထို့ကြောင့် မျက်စိအားကို များစွာအသုံးချခဲ့ရသည်။ ထို့အပြင် ငယ်စဉ်က လျှပ်စစ်မီးအား မကောင်းသည့်အလင်းရောင်အောက်တွင် ညစဉ် စာကြည့်ခဲ့ရသည့် ဒဏ်များကြောင့်လည်း မျက်စိအားနည်းမှုဝေဒနာ ခံစားခဲ့ရသည်။

ထိုသို့ မျက်စိအားကို များစွာ အသုံးချခဲ့ရသောကြောင့် ၁၉၈၄ ခုနှစ် ဆယ်တန်းတက်ရောက်နေစဉ်မှာပင် အဝေးကြည့်မျက်မှန်ကို စတင်တပ်ဆင်ခဲ့ရသည်။ ထို့နောက်ပိုင်းတွင် အနောက်တိုင်းနှင့် တိုင်းရင်းမျက်စိအားဆေးများ စားသုံးသော်လည်း မူလအခြေအနေကို ပြန်မရတော့ဘဲ ယနေ့တိုင် အဝေးကြည့်မျက်မှန်ကို အားကိုးနေရဆဲ ဖြစ်ပါသည်။ ထိုအကျိုးဆက်ကြောင့် မျက်စိအားကို ငယ်ရွယ်စဉ်က အလွဲသုံးခဲ့မိသည့်အတွက် ဘဝလမ်းကြောင်းကို လျှောက်သောအခါ ရွယ်တူသူငယ်ချင်းများနှင့်မတူဘဲ ရရှိရမည့် အခွင့်အရေးများစွာကို လက်လွှတ်ဆုံးရှုံးခဲ့ရသည်။

**မျက်စိအမြင်အာရုံကို ထိခိုက်မှုနည်းပါးစေရေး**

ကလေးများ၏ မျက်စိအမြင်အာရုံကို ထိခိုက်မှုနည်းပါးစေရေးအတွက် မျက်စိအင်အားကို စနစ်တကျ အသုံးပြုရန်လိုပါသည်။ ကလေးများအနေဖြင့် ပုံမှန်အခြေအနေတွင် စာဖတ်သောအခါ အလင်းရောင်ရနိုင်သော မီးလုံး၊ မီးချောင်းများနှင့် ပြတင်းပေါက်တို့သည် မိမိ၏ ကျောဘက်တွင် ရှိသင့်ပါသည်။ အလင်းရောင်သည် မိမိ၏ မျက်နှာချင်းဆိုင်တွင် မရှိသင့်ပါ။ မိမိမျက်လုံးကို အသုံးပြုနေချိန်တွင် မစူးရှစေဘဲ ပြတ်သားစွာ ကြည့်မြင်နိုင်သည့် အလင်းရောင် ရှိရပါမည်။ မိမိဖတ်ရှု ကြည့်မြင်နေသည့် စာအုပ် သို့မဟုတ် အရာဝတ္ထုသည် နေ့ခင်းအလင်းရောင် ရှိသည့်အချိန်တွင်ပင် အရိပ်ကွယ်နေခြင်း တတ်နိုင်သမျှ မဖြစ်စေရပါ။ မိမိကြည့်ရှုနေသည့် အရာဝတ္ထုပေါ်သို့ နေ၏ အလင်းရောင် တိုက်ရိုက်ကျရောက်မနေသင့်ပါ။ စူးရှသော အလင်းပြန်ခြင်းများကို မျက်စိဖြင့် တိုက်ရိုက်မကြည့်ရှုရပါ။ တစ်ခန်းလုံးမှောင်မိုက်နေစဉ် မိမိဖတ်ရှုနေသော သို့မဟုတ် ကြည့်နေသော ပစ္စည်းကို တစ်နေရာတည်းကွက်ပြီး စူးရှသော အလင်းဖြင့် မလိုအပ်ဘဲ ကြာရှည်စွာ မကြည့်သင့်ပါ။ အဓိကအနေဖြင့် မိမိတို့ ကြည့်ရှုနေသည့် အရာဝတ္ထုကို အလင်းရောင် နည်းလွန်းခြင်း သို့မဟုတ် များလွန်းခြင်း အခြေအနေတွင် ကြာရှည် မကြည့်ရှုရပါ။ ကြည့်ရှုမိပါက မျက်စိအတွင်းပိုင်းရှိ နုနယ်သော အင်္ဂါအစိတ်အပိုင်းများ အတွက် အန္တရာယ်ရှိစေပါသည်။ ထိုသို့ ကြည့်မနေစေရန် လည်းလူကြီးမိဘများက ကြပ်မတ်သွန်သင်ပေးကြရပါမည်။

ကျောင်းနေအရွယ် ကလေးများသည် ကျောင်းစာအုပ်များနှင့် ထိတွေ့ရမည်မှာ သဘာဝဖြစ်ပါသည်။ ကလေးများသည် ကျောင်းစာအုပ်များ၊ မှတ်စုစာအုပ်များကို ဖတ်ရှုအသုံးပြုသောအခါ ဖြူဖွေးလွန်းသော စာရွက်အမျိုးအစားများကို အလင်းရောင်တောက်ပလွန်းသည့် နေရာများတွင် ကြာရှည်စွာ ဖတ်ရှုအသုံးပြုခြင်းမှ ရှောင်ကြဉ်သင့်ပါသည်။ သို့မဟုတ်ပါက အဖြူရောင်စက္ကူမှ ပြန်လာသော အလင်းတန်းသည် မျက်လုံး၏ အမြင်စွမ်းအားကို တဖြည်းဖြည်း ထိခိုက်လာနိုင်ပါသည်။ ထို့အပြင် ကလေးများကို ကြီးကြပ်သူ၏ ခွင့်ပြုချက်မရှိဘဲ မှန်ဘီလူးများနှင့် အနီးကြည့် သို့မဟုတ် အဝေးကြည့်မျက်မှန်များကို စမ်းသပ်ကြည့်ရှုခြင်း မပြုစေသင့်ပါ။ သို့မဟုတ်ပါက မျက်စိသူငယ်အိမ်ကို ထိခိုက်မှု ဖြစ်စေနိုင်ပါသည်။

**နှာ့ဗ်ကြောများကို များစွာထိခိုက်**

ထိုကဲ့သို့ပင် လက်ကိုင်ဖုန်းများတွင် ဂိမ်းများကို အချိန်ကြာမြင့်စွာ ကစားခြင်းသည် ဦးခေါင်းပိုင်းတွင် ရှိသော နှာ့ဗ်ကြောများကို များစွာထိခိုက်စေနိုင်ပါသည်။ ဂိမ်းကစားနေစဉ်တွင် ကလေးငယ်၏ မျက်လုံးမှာ မျက်တောင်မခတ်ဘဲ လက်ကိုင်ဖုန်း မျက်နှာပြင်အား ကြာရှည်စွာ အားစိုက်ကြည့်နေရခြင်းကြောင့် မျက်စိသာမက အာရုံကြောကိုပါ ထိခိုက်စေနိုင်ပါသည်။ ထို့အပြင် ဂိမ်းကစားခြင်းသာမက လက်ကိုင်ဖုန်းမျက်နှာပြင်ကို အသုံးပြုပြီး လူမှုဆက်သွယ်ရေး မီဒီယာများမှ ဖော်ပြချက်များကို အချိန်ကြာမြင့်စွာ ကြည့်ခြင်းနှင့် အင်တာနက်မှ ဆွဲယူထားသော စာအုပ်စာစောင်များကို ကြာမြင့်စွာ ဖတ်ရှုခြင်းသည် မျက်စိအင်အားကို များစွာထိခိုက်စေပါသည်။ ထိုသို့ အပြုအမူများသည် ကိုယ်ခန္ဓာအစိတ်အပိုင်းများ ရင့်ကျက်ခြင်း မရှိသေးသည့်ကလေးများအတွက် မျက်စိနှင့်ပတ်သက်သော ဝေဒနာများကို လွယ်လွယ်နှင့် ရရှိစေနိုင်ပါသည်။

ကလေးမိဘ အုပ်ထိန်းသူများအနေဖြင့် ကလေးများ၏ မျက်လုံးလေးများကို နောင်အရှည်သဖြင့် မချို့မယွင်း အသုံးပြုနိုင်စေရန် စောင့်ရှောက်ပေးကြရပါမည်။ သင့်တင့်သော အရွယ်ရောက်မှ မျက်မှန်တပ်ရခြင်း၊ မျက်စိရောဂါများအတွက် ကုသမှုခံယူရခြင်းတို့သည်သာ ဖြစ်သင့်ပါသည်။ အချိန်မတန်မီ အမြင်အာရုံ လျော့နည်းခြင်းကြောင့် ငယ်ပေါင်းကြီးဖော်များအလယ်တွင် ရင်ပေါင်တန်း မရပ်တည်နိုင်သည့်အပြင် အခွင့်အရေးများ ဆုံးရှုံးမှုမရှိစေရန် ငယ်စဉ်ကစပြီး မိဘများက ကာကွယ်ပျိုးထောင်ပေးကြရပါမည်။ မျက်စိအင်အားကောင်းစေရန် အတွက် ကလိုရီဖေးလ်ပါသော ဟင်းသီးဟင်းရွက်များ စားသုံးပေးခြင်းနှင့် ခန္ဓာကိုယ်အတွင်းရှိ အပူအပုပ်ဓာတ်များ လျော့ကျသွားစေရန် ဝမ်းပျော့စေသည့် အသီးအနှံများကို စားသုံးပေးသင့်ပါသည်။ အကောင်းဆုံးမှာ မျက်စိဆရာဝန်များ၊ တိုင်းရင်းဆေးဆရာများ ညွှန်ကြားသည့် အတိုင်း မျက်စိအားကောင်းစေရန် လိုက်နာဆောင်ရွက်သင့်ပါသည်။

မျက်စိကြောင့် ကလေးငယ်အနေဖြင့် အခွင့်အရေး ဆုံးရှုံးရခြင်းသည် ထိုကလေးငယ် တစ်ကိုယ်တည်းအတွက် ဆုံးရှုံးရခြင်းသာမက နိုင်ငံတော်အတွက်လည်း စွမ်းရည်ပြည့် အလုပ်လုပ်နိုင်မည့် လူသားအရင်းအမြစ် ဆုံးရှုံးခြင်း မည်ပါသည်။ ထို့ကြောင့် မိမိကိုယ်တိုင်ရော မိမိပတ်ဝန်းကျင်နှင့် မိမိနိုင်ငံတော်အတွက်ပါ လူသားအရင်းအမြစ် ဆုံးရှုံးမှုမဖြစ်ရစေရန် ကာကွယ်သောအားဖြင့် မိမိတို့ ရင်သွေးများ၏ မျက်စိအတွက် ဂရုတစိုက် စောင့်ရှောက်သင့်လှပါကြောင်း တင်ပြလိုက်ရပါသည်။ ။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့

## မင်းဘူးမြို့ ရှင်ပင်စက္ကိန္ဒဲစေတီတော်မြတ်ကြီးအား လာရောက်ဖူးမြော်နိုင်



**မင်းဘူး ဖေဖော်ဝါရီ ၁၄**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့သည် နိုင်ငံတကာခရီးသွားများ စိတ်ဝင်စားဖွယ်ရာ ယဉ်ကျေးမှုနယ်မြေဖြစ်ပြီး ခရီးသွားများ လေ့လာစရာ အထင်ကရနေရာများစွာရှိသည့်မြို့လည်းဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါမဖြစ်ပွားမီကာလက မင်းဘူးမြို့ရှိ ရွှေစက်တော်ဘုရား၊ ရှင်ပင်စက္ကိန္ဒဲစေတီ၊ ဓာတ်တော်ကုန်းဘုရား၊ ရှင်မင်းဘူးဘုရား၊ အောက်ကျောင်းဘုရား၊ နဂါးပွက်တောင် စသည့် အထင်ကရနေရာများသို့ ကား၊ မြင်းလှည်း၊ သုံးဘီးများဖြင့် လှည့်လည်ဖူးမြော်၍ လေ့လာခဲ့ကြသည်။

ထိုအထင်ကရနေရာများထဲတွင် ရှင်ပင်စက္ကိန္ဒဲစေတီတော်မြတ်ကြီးလည်းပါဝင်သည်။ စေတီတော်မြတ်ကြီးကို မြတ်စွာဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်တွင် သတင်းသုံးတော်မူစဉ် သုနာပရန္တတိုင်းမှ စန္ဒကူးနံ့သာကျောင်းတော်ရာကြီးကို အလှူခံတော်မူပြီး သာဝတ္ထိပြည်သို့ ပြန်ကြွတော်မူစဉ် နောင်တော်ဘုရားများ သတင်းသုံးတော်မူမြဲဖြစ်သော ယခုမင်းဘူးမြို့၏တောင်ဘက်ရှိ ကေလာသဘာတောင်သို့ ကြွတော်မူလာရာ သိကြားမင်းက ရတနာမြကျောက်သလွန်၊ မြသပိတ်တော်နှင့် ရွှေတဲကျောင်းဆောင်များ ဆက်ကပ်လှူဒါန်းရာသို့ ဖြဟ္မာမင်းကလည်း ထီးဖြူမိုးကာပူဇော်ကြသည်။

မြတ်စွာဘုရားရှင်ကအလှူခံတော်မူပြီး မြသလွန်ပေါ်တွင် ခေတ္တကျိန်းစက်တော်မူ၍ သာဝတ္ထိပြည်သို့ ပြန်ကြွတော်မူသောအခါ သိကြားမင်းက ရွှေတည်းကျောင်းဆောင်အားဌာပနာကာ ကိုးတောင်ပြည့်ကျောက်စေတီတည်၍ စေတီတော်၏တောင်ဘက်တွင် ကမ္ပည်းကျောက်စာတိုင် စိုက်ထူခဲ့သည်။ မြတ်စွာဘုရားရှင် ကျိန်းစက် တည်းနေတော်မူသည့်အတွက် စက္ကိန္ဒဲဘွဲ့အမည်နဲ့ တန်ခိုးကြီးခဲ့ခြင်းဖြစ်သည်။

သာသနာသက္ကရာဇ် ၁၂၃ ခုနှစ်တွင် သရေခေတ္တရာပြည့်ရှင် ဒွတ္တဘောင်မင်းကြီးသည် စန္ဒကူးနံ့သာကျောင်းတော်ရာသို့ ဖောင်တော်ဖြင့် လာရောက်ဖူးမြော်ရာတွင် သဖန်းတောမြစ်ကွေ့အရောက် အနောက်ဘက်သို့ မျှော်ကြည့်လိုက်သည့်အခါ ကေလာသဘာတောင်ထိပ် ကိုးတောင်ပြည့်စေတီမှ ရောင်ခြည်တော်များ ကွန့်မြူးနေသည်ကိုဖူးမြော်ရခြင်းကြောင့် တောင်ထိပ်သို့တက်လာပြီး သိကြားမင်းတည်ထားခဲ့သည့်စေတီနှင့် ကမ္ပည်းကျောက်စာတိုင်ကိုဖူးတွေ့ရသည့်အတွက် အလွန်မတန် ဝမ်းသာပီတိဖြစ်ကာ စေတီတော်အား ဉာဏ်တော်မြှင့်ခြင်း၊ စိန်ဖူးတော်အသစ်လဲလှယ်ခြင်းတို့ဖြင့် ပြန်လည်ပြုပြင်မွမ်းမံခဲ့သည်။

ရှင်ပင်စက္ကိန္ဒဲစေတီတော်မြတ်ကြီး၏ ထူးခြားချက်သည် ရွှေထီးတော်တင်လှူတိုင်း နေပူခြင်းမရှိဘဲ မိုးများအမြဲအုံ့ဆိုင်းနေခြင်း ဖြစ်သည်။ ယခုအခါ စေတီမြတ်ကြီး၏ ဉာဏ်တော်အမြင့် ၁၀၉ ပေနှင့် ရင်ပြင်အကျယ် ပေ ၂၀၀ ပတ်လည်ရှိကာ တောင်ထိပ်ပေါ်တွင် မြသလွန်နှင့် သိကြားမင်းပြခန်း၊ ရှင်ပင်စက္ကိန္ဒဲစေတီတော် သမိုင်းပြခန်း၊ စက်တော်ရာစေတီပြခန်း၊ နဂါးရုံဘုရား၊ စဓဗဝ လျောင်းတော်မူဘုရား၊ နှစ်ကျိပ်ရှစ်ဆူဘုရားများနှင့် အရံစေတီတော်အဆူ ၂၀ ရှိကြောင်းသိရပြီး မင်းဘူးမြို့ အမှတ်(၁) ရပ်ကွက် ရောဝတီမြစ်ကမ်းဘေးတွင် ထူးခြားစွာဖူးမြော်နိုင်သော စေတီတော်မြတ်ကြီးအဖြစ် တည်ရှိကာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်မှစတင်၍ အနယ်နယ်အရပ်ရပ်မှ မိဘပြည်သူများ အေးချမ်းသာယာစွာ ဖူးမြော်နိုင်ကြပါကြောင်း ဖိတ်ခေါ်လိုက်ရပါသည်။

**ဇေယျာထက်**
**(မင်းဘူး)**

## ကန့်ဘလူမြို့နယ် ကျေးရွာ ၁၅ ရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း မိတ်ဆက်ရှင်းလင်း

**ကန့်ဘလူ ဖေဖော်ဝါရီ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း(VDP) လုပ်ငန်းများကို ကျေးရွာ ၁၅ ရွာ၌ ဆောင်ရွက်မည်ဖြစ်ရာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဟန်ထွန်းအောင်နှင့်ဝန်ထမ်းများက ဇန်နဝါရီ ၂၁ ရက်မှစတင်ကာ စီမံကိန်းအကြောင်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဝင်များရွေးချယ်ဖွဲ့စည်းခြင်းများကို ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့မြို့နယ်မှာ ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းတွေကို ကျေးရွာ ၁၅ ရွာ ဆောင်ရွက်မှာဖြစ်ပါတယ်။ အဲဒီလို ဆောင်ရွက်ရာမှာ ကျေးရွာ တစ်ရွာကို ငွေကျပ်သိန်း ၁၀၀ နှုန်းထောက်ပံ့ပေးမှာဖြစ်ပြီး ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေတွေနဲ့ ကျေးရွာရဲ့လိုအပ်ချက်တွေကို ဆောင်ရွက်တဲ့နေရာမှာ ကျေးရွာစီမံကိန်းကော်မတီဝင်တွေအနေနဲ့ ရွာရဲ့အခက်အခဲတွေ၊ အားနည်းချက်တွေကို ကြိုတင်ရေးဆွဲဖို့လိုအပ်ပါတယ်။ စီမံကိန်းအကြောင်းအရာတွေနဲ့ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးဥပဒေတွေကိုလည်း ကျေးရွာတွေအရောက် ကွင်းဆင်းဆွေးနွေးခဲ့ပြီးဖြစ်ပါတယ်" ဟု မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးဟန်ထွန်းအောင်က ပြောကြားသည်။



ကန့်ဘလူမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကျေးရွာများမှာ တမာကုန်း၊ ဖလံချိုင်၊ ကိုးမြို့၊ ညောင်သွယ်၊ ပေကုန်း (မြောက်)၊ မိဿလင်ကုန်း၊ ရွာသာယာ၊ ဖိုကုန်း၊ တင်မော်၊ မယ်ဇလီကုန်း၊ ဥဒအင်း၊ ငါးရာနဲ(မြောက်)၊ ကံသာကုန်း၊ ယမနေနှင့် ရေရှင်ကျေးရွာများဖြစ်သည်။ အဆိုပါ ကျေးရွာများ၌ စီမံကိန်းအကြောင်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကျေးရွာစီမံကိန်းကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

■

## မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပထမအကြိမ် ထုတ်ချေး

**ငါန်းဇွန် ဖေဖော်ဝါရီ ၁၄**

မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် ပေါက်တောကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကို ဖေဖော်ဝါရီ ၁၁ ရက်မွန်းလွဲပိုင်းက အဆိုပါကျေးရွာ၌ ပထမအကြိမ် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ထုတ်ချေးပေးရာတွင် ကျေးရွာအတွင်းရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများလုပ်ကိုင်မည့် အသင်းသူ အသင်းသား စုစုပေါင်း ၇၈ ဦးထံသို့ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၀၀ ကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမိုးအောင်၊ ဦးစီးအရာရှိ ဒေါ်ယဉ်သက်ဆွေနှင့် ဝန်ထမ်းများက ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ကာ နေ့ချင်းပြီး ထုတ်ချေးပေးခဲ့ကြကြောင်း သိရသည်။

**မင်းမြင့်မိုရ်**

**❖ ကျောဖုံးမှ**

တွင် ရန်ပုံငွေ ကျပ်သန်း ၂၄၅၀ နှင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေကျပ်သန်း ၁၁၅၀ တို့ဖြင့် ဆောက်လုပ်နေခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ဗောဓိကမ်းတံတားသစ်ကြီး မဆောက်လုပ်မီနှင့် လက်ရှိတည်ဆောက်နေစဉ်ကာလတွင် ကူးတို့ရေယာဉ်တစ်ခုတည်းကိုသာ အားကိုးအားထားပြု၍ သွားလာနေရသည်။ တံတားတည်ဆောက်ပြီးစီးပါက တနင်္သာရီမြို့၏ တစ်ဖက်ကမ်းရှိ ကျေးရွာအုပ်စုကြီးများအပြင် မြန်မာ-ထိုင်းနယ်စပ် မောတောင်မြို့အထိ အချိန်မရွေး အလွယ်တကူသွားလာနိုင်တော့မည်ဖြစ်သည်။ အဆိုပါ ကျေးရွာများရှိ ပြည်သူများအတွက် ခရီးသွားလာမှု၊ ကုန်စည်စီးဆင်းမှုများ လွယ်ကူချောမွေ့စေမည်ဖြစ်ပြီး လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူနေမှုအဆင့်အတန်းများ တိုးတက်ပြောင်းလဲလာမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-နန်းသာရီ- ထိန်ဝင်း(ပြန်/ဆက်)**

## တန်ဖိုးနည်းဝါးကုလားထိုင်နှင့် ထန်းကုလားထိုင်များကို ပုံမှန်ပြုလုပ်ရောင်းချ

**မန္တလေး ဖေဖော်ဝါရီ ၁၄**

မြန်မာ့ရိုးရာ ဝါးကုလားထိုင်များနှင့် ဝါးစားပွဲခုံများမှာ အသုံးများသည့် တန်ဖိုးနည်း အိမ်သုံးပရိဘောဂပင်ဖြစ်သည်။ ဝါးကုလားထိုင်နှင့် ဝါးလက်မှုပစ္စည်းများကို ဝယ်ယူသူအကြိုက် ပုံစံအမျိုးမျိုး ပြုလုပ်ကြသည်။

ဝါးကုလားထိုင်ပြုလုပ်ရာတွင် တစ်ယောက်ထိုင်ကုလားထိုင်၊ နှစ်ယောက်ထိုင်ကုလားထိုင်၊ သုံးယောက်ထိုင်ကုလားထိုင်များအဖြစ်ပြုလုပ်ပြီး ဝါးစားပွဲများပြုလုပ်ရာတွင် တစ်ထပ်ရိုးရိုးဝါးစားပွဲခုံ၊ နှစ်ထပ်ဝါးစားပွဲခုံများအဖြစ် ပြုလုပ်ရောင်းချကြသည်။ ဝါးကုလားထိုင်နှင့် ဝါးထည်ပစ္စည်းများကို တစ်နှစ်ပတ်လုံး ပြုလုပ်ရောင်းချကြသည်။

ဈေးကွက်တွင် မိုးရာသီဈေးကွက်မှာ ရောင်းအားနည်းပြီး ဆောင်းရာသီကုန်ခါနီးကာလနှင့် နွေရာသီဈေးကွက်မှာ ရောင်းအားအကောင်းဆုံးဖြစ်သည်။ လက်ရှိကာလတွင် ဆောင်းကုန်ခါနီး ဈေးကွက်အတွက် ဝါးပစ္စည်းများကို တွင်ကျယ်စွာ ပြုလုပ်ရောင်းချလျက်ရှိသည်။

လက်ရှိကာလ ဝါးကုလားထိုင် တစ်ယောက်ထိုင်တစ်လုံးလျှင် ငွေကျပ် ၃၀၀၀၊ နှစ်ယောက်ထိုင် ဝါးကုလားထိုင်တစ်လုံးလျှင် ငွေကျပ် ၆၀၀၀၊ သုံးယောက်ထိုင်ခုံတစ်လုံးလျှင် ငွေကျပ် ၈၀၀၀၊ နှစ်ထပ်ဝါးစားပွဲ တစ်လုံးလျှင် ငွေကျပ် ၄၀၀၀ မှ ၄၅၀၀၊ တစ်ယောက်အိပ်ရိုးရိုးဝါးကုလားထိုင်တစ်လုံးလျှင် ငွေကျပ် ၆၀၀၀မှ နှစ်ယောက်အိပ်ဝါးအိပ်စင်တစ်ခုလျှင် ငွေကျပ် ၁၀၀၀၀ ဖြင့် ရောင်းချကြသည်။

**နွေနဒီ (မြစ်ငယ်)**



## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

### ဗိုလ်မှူးချုပ် စိုးတင့်(ငြိမ်း)

ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၃၀)၊ သူရတပ်ခွဲ

စစ်ဦးစီးတက္ကသိုလ် ကျောင်းအုပ်ကြီး(ဟောင်း)

အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ စိန်ပန်းမြိုင်ရပ်ကွက်၊ ဧယျသုခလမ်းသွယ်(၂)၊ အမှတ် (၂၇/၅၄)နေ ဒေါ်စိုးစိုး(ခ)ဒေါ်စန်းမြင့်၏ခင်ပွန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေ-ဒေါ်မို့မို့စိုးတို့၏ချစ်လှစွာသောဖခင် ဗိုလ်မှူးချုပ် စိုးတင့်(ငြိမ်း)သည် ၁၃-၂-၂၀၂၁ရက် (စနေနေ့) ည ၈နာရီ ၄၀မိနစ်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့် ဇနီး ဒေါ်ကြူကြူလှ

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

### ဗိုလ်မှူးချုပ်စိုးတင့်(ငြိမ်း)

ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၃၀)

စစ်ဦးစီးတက္ကသိုလ်ကျောင်းအုပ်ကြီး(ဟောင်း)

အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ အမှတ်(၂၇/၅၄)၊ ဧယျသုခလမ်းသွယ်(၂)၊ စိန်ပန်းမြိုင်ရပ်ကွက်နေ (ဦးလှစိုး-ဒေါ်သန်းခင်)တို့၏သား၊ ဒေါ်စိုးစိုး(ခ) ဒေါ်စန်းမြင့်၏ချစ်လှ စွာသောခင်ပွန်း၊ ဗိုလ်ချုပ်ညွန့်ဝင်းဆွေ-ဒေါ်မို့မို့စိုး၊ ဦးရဲမြတ်ဟိန်း-ဒေါက်တာအိဖြူမြင့်တို့၏ ချစ်လှစွာသောဖခင်ကြီး၊ မောင်စိုးသီဟဆွေ၊ မစိုးသီရိဆွေ၊ မသဒ္ဒါမြတ်နိုးတို့၏ချစ်လှစွာသော ဘိုးဘိုးကြီး ဗိုလ်မှူးချုပ်စိုးတင့်(ငြိမ်း)သည် ၁၃-၂-၂၀၂၁ (စနေနေ့) ည ၈:၄၀နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၂-၂၀၂၁ (တနင်္လာနေ့)မွန်းလွဲ ၁ နာရီတွင် ယင်းဆေးရုံရှိငြိမ်းအေးဇရပ်၌ တရားနာယူရေစက်ချအမျှပေးဝေ၍ မင်္ဂလာဒုံစစ်သင်္ချိုင်းသို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

### ဗိုလ်မှူးကြီးညိန်းမောင်(အငြိမ်းစား)

အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အမှတ်(၂၅) အိုင်၊ ကမ္ဘောဇလမ်း၊ ရွှေတောင်ကြား(၂)ရပ်ကွက်နေ (ဦးမောင်အုပ်-ဒေါ်မြသွယ်)တို့၏သား၊ (ဦးအုန်းလွင်-ဒေါ်မိမိရီ)တို့၏သားသမက်၊ (ဒေါ်မေမေခင်)၏ခင်ပွန်း၊ ဦးဇော်မင်းမြင့်-ဒေါ်သင်း၊ ဦးမောင်စ-ဒေါ်နှင်း၊ဦးတင်မောင်လင်း-ဒေါ်မို့၊ ဦးဇော်မင်း-ဒေါ်ရင်မေဝင်း၊ ဦးဇော်လင်း-ဒေါ်စန္ဒာအောင်တို့၏ဖခင်၊ ဖြိုးသော်မြင့်၊ အောင်မော်မြင့်-သန္တာထွန်း၊ အေးဇော်မြင့်-နန်းကလျာချော၊ ဟိန်းဇော်မင်း၊ အောင်ဇော်မင်း၊ ဖူးပွင့်ကြည်ဖြူ၊ သန့်ထူးဇော်တို့၏အဘိုး၊ မြစ်သုံးယောက်တို့၏ဘိုးဘိုး ဦးညိန်းမောင်သည် ၁၃-၂-၂၀၂၁ (စနေနေ့)ည ၉:၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၂-၂၀၂၁ (တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

### ဦးဘယု (B.A)

ညွှန်ကြားရေးမှူး(ငြိမ်း)၊ ငွေစာရင်းရုံး၊

ကာကွယ်ရေးဝန်ကြီးဌာန

အသက် (၇၉) နှစ်

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၂၈)ရပ်ကွက်၊ အောင်သီရိ (၁)လမ်း၊ အမှတ်(၁၄)နေ (ဦးကံကြီး- ဒေါ်နီမ) တို့၏သား၊ (ဦးအံနီ- ဒေါ်စု) တို့၏ သားသမက်၊ ဒေါ်ရှုအီ၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ခင်စန်းယု၊ ဦးကျော်ဆွေ- ဒေါ်နှင်းလဲ့ဝေတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မောင်ဝဏ္ဏအောင်ဟိန်း၊ မောင်ကျော်တေဇဟိန်း တို့၏ချစ်လှစွာသော အဘိုးသည် ၁၄-၂-၂၀၂၁ (တနင်္ဂနွေနေ့) နံနက် ၀၀:၃၄ နာရီတွင် မြောက်ဒဂုံ ပင်လုံဆေးရုံကြီး၌ (၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့်၁၆-၂-၂၀၂၁ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂ ဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ မုခ်ဦး ဒါယကာကြီး

### ဦးမြဝင်း(ရတနာရွှေကုန်သည်)(ပခုက္ကူမြို့)

အသက်(၉၃)နှစ်

ပခုက္ကူမြို့နေ(ဦးတင်မောင်-ဒေါ်ခင်နု)တို့၏သား၊ (ဦးတင့်-ဒေါ်အုံးစိန်)တို့၏သားသမက်၊ ဒေါ်ညိုမြ၏ခင်ပွန်း၊ ဆရာကြီး ဦးဝင်းဆွေ-ဒေါ်ခင်သန်းဆွေ၊ ဦးကြည်သိန်း-(ဒေါ်တူးတူးရွှေ)၊ (ဦးသိန်းထွန်း-ဒေါ်ခင်စန်းဝေ)၊ ဒေါက်တာ ခင်မောင်သန့်- ဒေါ်ခင်လှမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးလူအေး- ဒေါ်ခင်လှညွန့်၊ ဦးအောင်ထွေး- ဒေါ်မြင့်မြင့်နွယ်တို့၏ဖခင်၊ မြေး ၁၀ယောက်၊ မြစ်သုံးယောက်တို့၏ အဘိုးသည် ၁၃-၂-၂၀၂၁ရက်(စနေနေ့) ည ၁၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၂-၂၀၂၁ရက်(တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ပခုက္ကူသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ မုခ်ဦး ဒါယကာကြီး

### ဦးမြဝင်း(ရတနာရွှေကုန်သည်)(ပခုက္ကူမြို့)

အသက်(၉၃)နှစ်

ဒုတိယဗိုလ်ချုပ်ကြီးလူအေး- ဒေါ်ခင်လှညွန့်တို့၏ဖခင် ဖြစ်သူ ဦးမြဝင်း (ရတနာရွှေကုန်သည်)သည် ပခုက္ကူမြို့နေအိမ်၌ ၁၃-၂-၂၀၂၁ရက် ည ၁၂ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

စစ်ရာထူးခန့်ချုပ်ရုံး မိသားစု

---

ကမ္ဘာ့

အပူချိန်

လျှော့ချဖို့

အိုဇုန်းလွှာ

ကာကွယ်မှုနဲ့

အတူ

ဆက်လက်

ဆောင်

ရွက်စို့

---

### ဒေါ်မြင့်မြင့်သန်း

အသက်(၇၄)နှစ်

(B.Com-AA/66)

ဒု-အထွေထွေမန်နေဂျာ(ငွေစာရင်း)

ကုန်းလမ်းပို့ဆောင်ရေး

ရန်ကုန်မြို့နေ (ဦးမြတ်သန်း-ဒေါ်စိန်ရွှေ)တို့၏သမီးကြီး၊ Mr.Tom Riddle - ဒေါက်တာချိုချိုသန်း (U.S.A)၊ ဒေါက်တာဥာဏ်ဝင်းသန်း(U.S.A)တို့၏ အစ်မကြီး၊ ကိုဖြိုးမင်း(U.S.A)၊ ကိုမျိုးမင်း(U.S.A)၊ ကိုညီညီလွင်-မစုဝေမွန်၊ မနော်ပိုးတို့၏မိခင်၊ မောင်လင်းမြတ်မင်း၏အဘွား၊ ဦးချစ်ကို၏ဇနီးသည် ၁၁-၂-၂၀၂၁ ရက်တွင် (၉၆)ပါး ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၂-၂-၂၀၂၁ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### (၂) နှစ်ပြည့် လွမ်းဆွတ်သတိရ အမျှဝေခြင်း

အရာခံဗိုလ် သိန်းထွန်း (လေ/ငြိမ်း)

(၁၅-၂-၂၀၁၉) မှ (၁၅-၂-၂၀၂၁)

ချစ်သောမိသားစုနှင့် ခွဲခွာသွားတာ (၂) နှစ်ပြည့် သွားသော်လည်း နေ့စဉ်သတိရလွမ်းနေဆဲပါ ဦးသိန်းထွန်းအား ရည်စူး၍ နှစ်စဉ်၊ လစဉ် (၁၅)ရက်နေ့တိုင်းပြုလုပ်တဲ့ ဒါနကုသိုလ်များကို ရောက်ရာဘုံဘဝမှ သာဓု ခေါ်ဆိုနိုင်ပါစေ အမျှ-အမျှ-အမျှ ။

ချစ်ဇနီး - ဒေါ်ဝင်းဝင်းသန်း

ချစ်သမီးများ - မထားထားလွင်(မော်ဘီစည်ပင်)

- မနုနုအေး

- မအေးအေးခိုင်

(ပတ္တမြားမြို့သစ်)








# တနင်္သာရီမြို့နယ် ဇောဓိကမ်းတံတားသစ် တည်ဆောက်ရေးစီမံကိန်းလုပ်ငန်း ၈၄ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်



**တနင်္သာရီ ဖေဖော်ဝါရီ ၁၄**

တနင်္သာရီမြို့နှင့် ဇောဓိကမ်းကျေးရွာဘက်ခြမ်းရှိ ကျေးရွာအုပ်စုများသို့ ဆက်သွယ်ပေးမည့် ချောင်းငယ်မြစ်ကူး ဇောဓိကမ်းတံတား တည်ဆောက်ရေးစီမံကိန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၄)က ၂၀၁၈ ခုနှစ် မေ ၁ ရက်မှစ၍ တာဝန်ယူတည်ဆောက်လျက်ရှိရာ ယနေ့တွင် တံတားတစ်စင်းလုံး၏ ၈၄ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပြီး ယခုနှစ် မတ်လ ၃၁ ရက်တွင် အပြီးသတ်ပြီးစီးနိုင်မည်ဖြစ်ကြောင်း တံတားတည်ဆောက်ရေးအဖွဲ့(၄)မှ လက်ထောက် ညွှန်ကြားရေးမှူး ဦးဝင်းအောင်ထံမှ သိရသည်။

**ခွင့်ပြုယာဉ်/ကုန် ၇၅ တန်**

အဆိုပါ ဇောဓိကမ်းတံတားသည် အရှည် ၇၈၇ ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင် သုံးပေစီ၊ တံတားခန်းဖွင့် (၃၀ မီတာ x ၈)ခန်း ပါရှိသည်။ တံတားအမျိုးအစားမှာ အောက်ခြေအုတ်မြစ် အချင်း ၁ ဒသမ ၂ မီတာ ရှိသော ဘိုးပိုင်ဖြစ်၍ ကိုယ်ထည်မှာ RC Concrete၊ အပေါ်ထည်မှာ PC Girder & Decking Slab၊ ရေလမ်းကင်းလွတ် အကျယ် ၆၆ ပေ၊ ရေလမ်းကင်းလွတ်အမြင့် ခုနစ်ပေဖြစ်ပြီး ခွင့်ပြုယာဉ်နှင့် ကုန်အလေးချိန်မှာ ၇၅ တန်ဖြစ်သည်။

အဆိုပါ ဇောဓိကမ်းတံတားစီမံကိန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်

**စာမျက်နှာ ၂၃ ကော်လံ ၅ သို့ ❖**

# လူစုံထုတ်ပွဲထွက်လာခဲ့ပေမယ့် သရေတစ်မှတ်နဲ့သာ မန်ယူအသင်း ကျေနပ်ခဲ့ရ



မန်ယူကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်စ် ဂိုးသွင်းယူစဉ်။

ဝက်စ်ဘရွန်းအသင်းနဲ့ မန်ယူအသင်းတို့ ဖေဖော်ဝါရီ ၁၄ ရက် ညပိုင်းမှာ ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်(၂၄)မှာ မန်ယူအသင်းဟာ အနိုင်သုံးမှတ်အပြည့်ရရှိရေးအတွက် လူစုံထုတ်ပွဲထွက်လာခဲ့ပေမယ့် သရေတစ်မှတ်နဲ့သာ ကျေနပ်ခဲ့ရတာဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ တန်းဆင်းဇုန်အတွင်း ကျရောက်နေတဲ့ အိမ်ရှင်ဝက်စ်ဘရွန်းအသင်းဟာ ဒီယာနီ၊ ယိုကူဆလူ၊ စနေ့ဂရက်စ်၊ ပယ်တီလာ၊ ဘာတလေ၊ တောင်ဆန်၊ ဂယ်လာဂါ၊ အေဂျာယီ စတဲ့ကစားသမားတွေကို ၄-၁-၄-၁ ကစားကွက်နဲ့ ပွဲထွက်လာခဲ့ပြီး ဧည့်သည်အဖြစ် လာရောက်ကစားခဲ့ရတဲ့ မန်ယူအသင်းကတော့ ကာဗာနီ၊ မာရှယ်လ်၊ ဘရူနိုဖာနန်ဒက်စ်၊ ရက်ရှ်ဖို့ဒ်၊ ဖရက်ဒ်၊ အမ်တွန်မီနေး၊ မာကွီယာ၊ လုရှော၊ လင်ဒီလော့ဖ် စတဲ့ကစားသမားတွေကို ၄-၂-၃-၁ ကစားကွက်နဲ့ ပွဲထွက်လာခဲ့တာဖြစ်ပါတယ်။

**ချေပဂိုးပြန်လည်ရရှိ**

နည်းပြ အယ်လ်လာဒိုက်စ်ရဲ့ ဝက်စ်ဘရွန်းအသင်းဟာ ပွဲစပြီးနှစ်မိနစ်မှာပဲ တိုက်စစ်မှူး ဒီယာနီရဲ့ သွင်းဂိုးနဲ့ ဦးဆောင်ဂိုးစတင်ရရှိခဲ့ပြီး နည်းပြဆိုးရှားရဲ့ မန်ယူအသင်းကတော့ ပွဲကစားချိန် ၄၄ မိနစ်ရောက်မှ နောက်ခံလူ လုရှောရဲ့ ဖန်တီးပေးမှုကနေတစ်ဆင့် ကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်စ် သွင်းယူပေးခဲ့တဲ့ သွင်းဂိုးကြောင့် ချေပဂိုးပြန်လည်ရရှိခဲ့တာဖြစ်ပါတယ်။ မန်ယူအသင်းအတွက် သွင်းဂိုးတစ်ဂိုးသွင်းယူပေးနိုင်ခဲ့တဲ့ ဘရူနိုဖာနန်ဒက်စ်ဟာ အခုနှစ်ဘောလုံးရာသီမှာ မန်ယူအသင်းနဲ့အတူ ပရီမီယာလိဂ်သွင်းဂိုးစုစုပေါင်း ၁၄ ဂိုးအထိ ရှိသွားပြီဖြစ်ပါတယ်။

မန်ယူအသင်းဟာ အခုပွဲစဉ်မှာ ရမှတ်တစ်မှတ်သာရရှိခဲ့ပေမယ့် စုစုပေါင်းရမှတ် ၄၆ မှတ်အထိ စုဆောင်းနိုင်ခဲ့ကာ လက်စတာစီးတီးအသင်းနဲ့ ရမှတ်တူ ဂိုးကွာခြားချက်ကြောင့် ပရီမီယာလိဂ် အမှတ်ပေးဇယားအဆင့် (၂)နေရာကို တက်လှမ်းခွင့်ရရှိခဲ့တာဖြစ်ပါတယ်။ ဝက်စ်ဘရွန်းအသင်းကတော့ လက်ရှိ ပရီမီယာလိဂ်ပွဲစဉ် ၂၄ အပြီးမှာ စုစုပေါင်းရမှတ် ၁၃ မှတ်သာ ရရှိခဲ့တာကြောင့် အမှတ်ပေးဇယားအဆင့်(၁၉)နေရာမှာပဲ ဆက်လက်ရပ်တည်နေခဲ့တာဖြစ်ပါတယ်။ **ငွေကြယ်**

# မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV)တွင် အင်္ဂလိပ်ဘာသာဖြင့် သတင်းအစီအစဉ် ထည့်သွင်းထုတ်လွှင့်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ်အဖြစ် မြန်မာ့ရုပ်မြင်သံကြား(MRTV) အစီအစဉ်တွင် အင်္ဂလိပ်ဘာသာဖြင့် သတင်းအစီအစဉ်(National News)ကို ထည့်သွင်းထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါ National News သတင်းအစီအစဉ်တွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်း စုစုပေါင်း မိနစ် ၃၀ ခန့် ထုတ်လွှင့်သွားမည်ဖြစ်ပြီး ယင်းအစီအစဉ်ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ စိန်ရတုအထိမ်းအမှတ်နေ့ဖြစ်သည့် ဖေဖော်ဝါရီ ၁၅ ရက်တွင် စတင်မိတ်ဆက်ကာ ဖေဖော်ဝါရီ ၁၆ ရက် မွန်းလွဲ ၁ နာရီခွဲတွင် စတင်ထည့်သွင်းထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ထူးခြားသည့် ညအပူချိန်များ

၁၄-၂-၂၀၂၁

| | | |
|---|---|---|
| ဟားခါး | ၂ | ဒီဂရီစင်တီဂရိတ် |
| ဟဲဟိုး | ၄ | ဒီဂရီစင်တီဂရိတ် |
| ပင်လောင်း | ၅ | ဒီဂရီစင်တီဂရိတ် |
| မိုင်းယန်း | ၆ | ဒီဂရီစင်တီဂရိတ် |
| ကျောက်မဲ | ၇ | ဒီဂရီစင်တီဂရိတ် |
| နမ့်စန် | ၇ | ဒီဂရီစင်တီဂရိတ် |
| လွိုင်လင် | ၇ | ဒီဂရီစင်တီဂရိတ် |
| မိုးကုတ် | ၇ | ဒီဂရီစင်တီဂရိတ် |

မိုး/ဇလ